# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေး များကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်း များဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ် ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၈၀)


# ရေလှောင်တမံအား ခိုင်ခံ့အောင် ပြင်ဆင်ဆောင်ရွက်ထားမှုများကို အများပြည်သူသိရှိအောင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် စီမံကိန်းရှုရပ်မှနေ၍ စီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် ရေဝင်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းနှင့် ညွှန်ကြားရေးမှူး ဦးအောင်ဗိုလ်တို့က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရေအားလျှပ်စစ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ၉၉ ရာခိုင်နှုန်းပြီးစီးမှုနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း ၉၅ ရာခိုင်နှုန်းပြီးစီးမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု၊ ဆည်ရေပေးဝေနိုင်မှုနှင့် ဆည်ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✱



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်**
(သတင်းစဉ်)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC ) ဥက္ကဋ္ဌ ဦးအင်ဘန်လ တို့ ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်၌ တွေ့ဆုံမည်

**သတင်း-ရဲခေါင်ညွှန့်**

**ရန်ကုန် ဇူလိုင် ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌ ဦးအင်ဘန်လ ဦးဆောင်သည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တို့သည် လာမည့် ဇူလိုင် ၁၇ ရက်တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲ၌ တွေ့ဆုံသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေက "ရန်ကုန်မှာ တွေ့မှာပါ။ UNFC ဥက္ကဋ္ဌ ဦးအင်ဘန်လ ဦးဆောင်တဲ့အဖွဲ့နဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဇူလိုင် ၁၇ ရက် ညနေပိုင်းလောက်မှာ တွေ့ဆုံမှာပါ။ UNFC မှာက အဖွဲ့ကြီးလေးဖွဲ့နဲ့ အဖွဲ့ငယ်သုံးဖွဲ့ ပါပါတယ်"ဟု ပြောသည်။

ပြီးခဲ့သည့် ဇွန် ၃ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂) ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် UNFC ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခဲ့ရာတွင် UNFC ဘက်မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန်တောင်းဆိုခဲ့ခြင်းဖြစ်သည်။

UNFC သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန်အပြင် NCA စာချုပ် လက်မှတ်မထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံတွင် အားလုံးပါဝင်၍ တရားဝင်ဆွေးနွေးနိုင်မည့် နည်းလမ်းများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ၏ ရည်ရွယ်ချက်နှင့် သဘောသဘာဝများကို သိရှိရန် လိုလားလျက်ရှိသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ◆


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# တိတိကျကျလိုက်နာ ထိထိရောက်ရောက်ဆောင်ရွက်

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးမှုများ အနယ်နယ်အရပ်ရပ်တွင် ပြုလုပ်နေသည်။ တစ်ပြိုင်တည်းမှာပင် ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု၊ သေဆုံးဒဏ်ရာရမှုများကလည်း အနယ်နယ်အရပ်ရပ်တွင် နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေကြောင်း သတင်းများ၌ တွေ့နိုင်သည်။

ကမ္ဘာပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ရပ်များကြောင့် နှစ်စဉ် လူ ၁ ဒသမ ၂၅ သန်း သေဆုံးနေကြရပြီး သန်း ၅၀ ကျော် ဒဏ်ရာရနေကြသည်။ ယင်းအနက် ၉၀ ရာခိုင်နှုန်းကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ယမန်နှစ်(၂၀၁၅ ခုနှစ်)က ယာဉ်မတော်တဆမှု ၁၅၄၀၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၄၄၂၀ ဦးရှိခဲ့သည်။ ၂၀၀၅ ခုနှစ်က ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၂၈၃ ဦးရှိခဲ့ရာ ၁၀ နှစ်တာကာလအတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုနှုန်း ၃ ဒသမ ၄၅ ဆမြင့်တက်လာခြင်းပင်ဖြစ်သည်။ ယင်းသို့ဖြစ်ရခြင်းမှာ နိုင်ငံတွင် စီးပွားရေးတိုးတက်လာခြင်းကြောင့် မော်တော်ယာဉ်စီးရေ မြင့်တက်လာသည်နှင့်အမျှ ယာဉ်မတော်တဆမှုဖြစ်စဉ်များ ပိုမိုများပြားလာခြင်းအပေါ်တွင် အခြေခံသည်။

လာမည့်လေးနှစ်တာကာလအတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေကို ထက်ဝက်လျှော့ချနိုင်ရန်အတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ဖွဲ့စည်းကာ မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် ၂၀၁၄-၂၀၂၀ ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ ယာဉ်မတော်တဆဖြစ်ပွားရခြင်း အကြောင်းရင်းများအနက် လူ၏ချွတ်ယွင်းချက်၊ ယာဉ်၏ချွတ်ယွင်းချက်၊ လမ်း၏ချွတ်ယွင်းချက်နှင့် ရာသီဥတုဆိုးရွားမှု စသည်ဖြင့်ရှိရာတွင် အဓိကအားဖြင့် လူ၏ချွတ်ယွင်းချက်ကြောင့် ယာဉ်မတော်တဆမှုများ အများဆုံးဖြစ်ပွားရသည်။ ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးရသည့်ဖြစ်စဉ်များကို လျှော့ချနိုင်ရန်အတွက် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် ဆိုင်ကယ်စီးစဉ် ဦးထုပ်ဆောင်းရန်၊ မော်တော်ယာဉ်မောင်းနှင်စဉ် ထိုင်ခုံခါးပတ် ပတ်ရန်၊ မော်တော်ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းမသုံးရန်၊ မူးယစ်သောက်စားပြီး မောင်းနှင်မှုမပြုရန်ဆိုသောအချက်များကို ညွှန်ပြထားသည်။ ယင်းအချက်များကို အဓိကထားပြီး အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်သည်နှင့်အမျှ ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုနှုန်းကို သိသိသာသာလျှော့ချသွားနိုင်မည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ယာဉ်မတော်တဆမှုများကြောင့် လူသေဆုံးမှုအရေအတွက် မြင့်မားရခြင်းမှာ ယင်းနိုင်ငံများအနေဖြင့် ယာဉ်အရေအတွက်များ များပြားလာသော်လည်း ယာဉ်အန္တရာယ်ကင်းရှင်းရေး အစီအစဉ်များဆောင်ရွက်မှု အားနည်းခြင်းနှင့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ပြည့်စုံလုံလောက်မှုမရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆဖြစ်ရပ်များကြောင့် လူသေဆုံးမှုနှုန်းကို ကာလတိုတစ်ရပ်အတွင်း လျှော့ချနိုင်ရန်အတွက် ဦးစားပေးဆောင်ရွက်သွားရမည့် အချက်လေးချက်ဖြစ်သော ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ ထိုင်ခုံခါးပတ်ပတ်ရန်၊ ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်းမသုံးရန်၊ မူးယစ်သောက်စားမမောင်းရန်ဟူသော အချက်များသည် ဖြစ်ပွားခဲ့ပြီးသော ယာဉ်မတော်တဆမှုဖြစ်စဉ်များအပေါ် လေ့လာဆန်းစစ်ခဲ့ပြီးနောက် ထွက်ပေါ်လာသော အချက်များပင်ဖြစ်မည်ဟု ယူဆမိသည်။ ဖော်ပြပါအချက်များမှာ အဓိကအားဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာဆောင်ရွက်ကြရမည့် အချက်များဖြစ်သကဲ့သို့ ယာဉ်မောင်းသူ အပါအဝင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ပေါ်တွင် လိုက်ပါစီးနင်းလာသူအားလုံးအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များလည်းဖြစ်သည်။ တစ်ဖန် အဆိုပါအချက်များမှာ မော်တော်ယာဉ်ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ထွက်ပေါ်လာမည့် နည်းဥပဒေတွင်လည်း ပါဝင်လာမည်ဖြစ်ရာ ယာဉ်အသုံးပြုသူ ပြည်သူအားလုံးက တိတိကျကျလိုက်နာခြင်း၊ ဥပဒေဆိုင်ရာ အဖွဲ့အစည်းများကလည်း ထိထိရောက်ရောက်ဆောင်ရွက်ခြင်းအားဖြင့် ၂၀၂၀ ပြည့်နှစ်ရောက်ရှိချိန်တွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူအရေအတွက် ထက်ဝက်လျှော့ချရန် ရည်မှန်းချက်အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း။ ။




## အသက်မွေးဝမ်းကျောင်းထောက်ကူသင်တန်းဆင်း

ပေါင် ဇူလိုင် ၁၀

သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ညောင်တုန်းလေးကျေးရွာတွင် ဖွင့်လှစ်ပေးခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက်က ကျင်းပခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က သင်တန်းမှရရှိမည့်အကျိုးကျေးဇူးများ၊ သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

သင်တန်းတွင် သက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာပညာ၊ လက်သမား ပရိဘောဂအတတ်ပညာ၊ ဆိုင်ကယ်ပြုပြင်ခြင်းပညာနှင့် ငွေနှင်းမှိုစိုက်ပျိုးနည်းပညာစသည်တို့ကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ( ၆၉ ) နှစ်မြောက် အာဇာနည်နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မိုးနဲ ဇူလိုင် ၁၀

( ၆၉ )နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် မြို့မရဲစခန်း ယာယီစခန်းမှူး ရဲအုပ်ကျော်ဇင်ထွန်းဦးစီး၍ နာဟောင်ရပ်ကွက် မြောက်နှစ်ကျိပ်ရှစ်ဆူ ဘုရားစေတီတော်ပရိဝုဏ်နှင့် အရန်စေတီတော်များပေါ်ပေါက်ရောက်နေသော ညောင်ပင်များနှင့် ပေါင်းမြက်များအား သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇူလိုင် ၉ ရက်နံနက် ၇ နာရီက အဆိုပါစေတီတော်နေရာတွင် ရဲတပ်ဖွဲ့ဝင် ၂၀ ဖြင့် ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက် )

## ဆောမြို့နယ်၌ အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိ

ဆော ဇူလိုင် ၁၀

ဂန့်ဂေါခရိုင် ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း လွယ်လင့်တကူလေ့လာနိုင်ကြရန် စီစဉ်ဆောင်ရွက်ထားသဖြင့် (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသားကျောင်းသူများ လာရောက်လေ့လာလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆောင်းပါးရှင် နီငြိမ်း(အညာတက္ကသိုလ်) ၏ အာဇာနည်နေ့မတိုင်မီ ဗမာပြည်ဆောင်းပါးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းကို ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြသည့်အပြင် အချို့ကျောင်းသားများမှာ စာအုပ်များငှားရမ်း၍ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

(၁၀၁)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၀-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၇၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၉.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၂.၄၁ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၆၃ |
| တရုတ် | တစ်ယွမ် | ၁၇၆.၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၅၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြသေ့်မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာ ငယ်တာ ပမာဏ မထားဘဲနဲ့ ကြီးကြီး ငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့် မိန့်ခွန်း)



# အာဇာနည်ခေါင်းဆောင်ကြီး အတွင်းဝန်ဦးအုန်းမောင်၏သားက ပြောပြသည့် အာဇာနည်နေ့နှင့် မိသားစုအကြောင်း

**ရန်ကုန် ဇူလိုင် ၁၀**

“အဖေ ကျဆုံးချိန်မှာ သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှာ အတွင်းဝန်ပါ။ အဲဒါမတိုင်မီကတော့ မြစ်ကြီးနားမှာ တိုင်းမင်းကြီးပါ။ အဖေက မြစ်ကြီးနားမှာနေခဲ့တော့ ပင်လုံညီလာခံလုပ်ဖို့အတွက် ဗိုလ်ချုပ်ရဲ့ညွှန်ကြားချက်အရ ကချင်ခေါင်းဆောင် ဆမားဒူးဝါးဆင်ဝါးနောင်ကို အဖေကဖိတ်ခေါ်ခဲ့တယ်။ နောက်ပိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့တယ်။တွေ့ဆုံဆွေးနွေးမှု အောင်မြင်ခဲ့တဲ့အတွက် ကချင်ခေါင်းဆောင်ကြီးက အမှတ်တရ ကချင်ရိုးရာဓားတစ်ချောင်း အဖေ့ကို လက်ဆောင်ပေးခဲ့တယ်။ အဖေနဲ့ ဆမားဒူးဝါးဆင်ဝါးနောင်က တော်တော်ရင်းနှီးတယ်လို့ သိရပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အဖေကျဆုံးသွားခဲ့ပါတယ်”ဟု အာဇာနည်ခေါင်းဆောင်ကြီး အတွင်းဝန်ဦးအုန်းမောင်၏သားဖြစ်သူ ဒေါက်တာမင်းမြင့်က ပြောသည်။



၁၉၆၂ ခုနှစ် ဦးအုန်းမောင်၏ဇနီး ဒေါ်သိန်းကြွယ် သားကြီးဘွဲ့ယူစဉ်က ရိုက်ကူးထားသော မိသားစုဓာတ်ပုံမှတ်တမ်း

ဖခင်ကျဆုံးခဲ့ပြီးနောက် ၎င်းတို့မိသားစုဘဝ ဖြတ်သန်းမှုပုံရိပ်များနှင့် အမှတ်တရအကြောင်းအရာအချို့နှင့် စပ်လျဉ်း၍“မိသားစုတွေအနေနဲ့ကတော့ အဖေကျဆုံးသွားတဲ့နောက်ပိုင်းမှာ စားဝတ်နေရေးအတွက် လုပ်ငန်းအခက်အခဲတွေဖြစ်ကုန်တယ်။ အဖေ့အတွက် အင်္ဂလန်ကပေးတဲ့ ICS ပင်စင်နဲ့ နိုင်ငံတော်က ပေးတဲ့ပင်စင်ရတယ်။ အခုထိ အဲဒီပင်စင်နှစ်ခုလုံးရနေပါသေးတယ်။ အခုဆိုရင် အမေကလည်း အသက်ကြီးပြီဆိုတော့ ကျန်းမာရေးလည်း မကောင်းတော့ဘူး။ ဟိုတုန်းကတော့ အာဇာနည်မိသားစုတိုင်းကို ဓာတ်ဆီဆိုင်ပေးခဲ့တယ်။ ကျဆုံးတဲ့မိသားစုအားလုံးကို ပေးခဲ့ပါတယ်။ အဲဒီတုန်းကတော့ အမေက ဓာတ်ဆီဆိုင်ဖွင့်ခဲ့လို့ လည်ပတ်တယ်။ နောက်ပိုင်း ၁၉၆၃ ခုနှစ်လောက်မှာတော့ ပြည်သူပိုင်သိမ်းတဲ့အထဲပါသွားတယ်။ ဘာလျော်ကြေးမှ မရလိုက်ပါဘူး။ ဓာတ်ဆီဆိုင်ဖွင့်ခဲ့တဲ့ မြေကွက်ကတော့ ကျန်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော်လည်း နိုင်ငံခြားကို ပညာတော်သင်သွားခဲ့တဲ့အတွက် သိပ်မသိတော့ပါဘူး။ ၁၉၇၄ ခုနှစ် မေလမှာ ပြန်ရောက်လာတယ်။ အဲဒီကစပြီး ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒဌာနမှာ ပါမောက္ခ/ဌာနမှူးအဖြစ် သင်ကြားပေးခဲ့တယ်။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှာ ပင်စင်ယူခဲ့ပါတယ်”ဟု ၎င်းကဆက်လက်ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး အတွင်းဝန်ဦးအုန်းမောင်သည် ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်မြင်ပြီး ၁၉၃၇ ခုနှစ်တွင် အိုင်စီအက်(စ်) စာမေးပွဲဝင်ရောက်ဖြေဆိုရာ ဖြေဆိုသူသုံးဦးအနက် ပထမရရှိခဲ့သူ ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး အတွင်းဝန်အဖြစ် ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ကျဆုံးခဲ့ခြင်းဖြစ်သည်။ “အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့အချိန်မှာ ကျွန်တော် တစ်နှစ်နဲ့ဆယ်လပဲ ရှိသေးတယ်။ ကျွန်တော်က ညီအစ်ကိုသုံးယောက်ရှိတဲ့အထဲမှာ အငယ်ဆုံးပါ။ အာဇာနည်ခေါင်းဆောင်တွေ ကျဆုံးခဲ့မှုနဲ့ပတ်သက်လို့ အရွယ်ရောက်ပြီး အာဇာနည်နေ့အခမ်းအနားတွေတက်တော့မှ အာဇာနည်တွေရဲ့တန်ဖိုးကို ပိုပြီးသိလာခဲ့တယ်။ စိတ်မကောင်းလည်း ပိုဖြစ်မိတယ်။ အဲဒီမှာ ပိုပြီးခံစားရတာ သားသမီးတွေထက်စာရင် အမေ ဒေါ်သိန်းကြွယ်က ပိုပြီးခံစားရတာကို တွေ့ရတယ်။ အဖေကျဆုံးချိန်တုန်းက အမေ့အသက်က ၂၂ နှစ်လောက်ပဲရှိသေးတယ်။ အခု အမေက ၉၂ နှစ်ရှိပြီ။ အဖေ့အတွက် အမြဲတမ်းဆွမ်းကပ်လှူတယ်။ အမေက နှစ်တိုင်းဒီအချိန်ရောက်ရင် အခုထိနေထိုင်မကောင်းဖြစ်ပြီး အိပ်မက်လိုလို အတိတ်ကို ပြန်သတိရနေတယ်။ တစ်ယောက်တည်းဆိုရင် ပြန်တွေးပြီး စိတ်မကောင်းဖြစ်နေတတ်တယ်”ဟု ဒေါက်တာမင်းမြင့်က ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး အတွင်းဝန်ဦးအုန်းမောင် ကျဆုံးခဲ့ရမှုကလည်း ကြေကွဲဝမ်းနည်းဖွယ်ရာ ကောင်းလှသည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်တွင် ကျင်းပသည့် ဝန်ကြီးများအစည်းအဝေးသို့ အမှန်တကယ်တက်ရောက်ရမည့်သူမှာ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဖြစ်သူ စောစံဖိုးသင်ဖြစ်သော်လည်း ခရီးလွန်နေ၍ အတွင်းဝန် ဦးအုန်းမောင်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ရခြင်း ဖြစ်သည်။



ဒေါက်တာမင်းမြင့် ပါမောက္ခ/ဌာနမှူး(ငြိမ်း)ကုန်ထုတ်ဓာတုဗေဒဌာန

ဝန်ကြီးများအစည်းအဝေးကျင်းပနေစဉ် အတောအတွင်း၌လည်း အတွင်းဝန်ဦးအုန်းမောင်သည် နံနက် ၁၀ နာရီ ၃၅ မိနစ်အရောက်မှ အလှည့်ကျ၍ အစည်းအဝေးခန်းမသို့ ဝင်ရောက်ခဲ့ရာ နှစ်မိနစ်အကြာတွင် မသမာသူလူတစ်စုက ဝင်ရောက်လုပ်ကြံပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အာဇာနည်နေ့ အခမ်းအနားနှင့်ပတ်သက်၍ “အရင်တုန်းကဆိုရင် အာဇာနည်နေ့အခမ်းအနားမှာ သမ္မတကြီး မန်းဝင်းမောင်ကိုယ်တိုင်လာတယ်။ အာဇာနည်တွေရဲ့ မိသားစုတွေအားလုံးကို အားပေးစကားပြောတယ်။ အားလုံး အတူတကွ အာဇာနည်ဗိမာန်ပေါ်တက်ပြီး ပန်းခွေအတူချကြတယ်။ အလေးပြုတာလည်း အတူတူလုပ်ကြတယ်။ အဲဒီအစဉ်အလာကို တော်လှန်ရေးကောင်စီအစိုးရ ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်မှာလည်း လုပ်ခဲ့တယ်။ အခုခေတ်မှာတော့ နိုင်ငံတော်လူကြီးတွေ ဂါရဝပြုပြီးရင် အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့မိသားစုဝင်တွေက တစ်ဖွဲ့ချင်း ဂါရဝပြုကန်တော့ကြရတယ်။ ဖြစ်နိုင်ရင်တော့ အရင်တုန်းကလို ပြန်ဖြစ်စေချင်ပါတယ်။ အာဇာနည်နေ့ဆိုတာ အရင်တုန်းက တခြားနိုင်ငံက ခေါင်းဆောင်တွေတောင် လာရောက်ပြီး ဂါရဝပြုကြတာဖြစ်လို့ ပိုပြီးအလေးထားဆောင်ရွက်စေချင်ပါတယ်”ဟု ဒေါက်တာမင်းမြင့်က ၎င်း၏ခံစားချက်ကို ပြောပြသည်။

အတွင်းဝန်ဦးအုန်းမောင် ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူနှင့်အတူ သားသုံးယောက်ကျန်ရှိခဲ့ပြီး ယခုအခါ ဇနီးဖြစ်သူ ဒေါ်သိန်းကြွယ်သည် အငယ်ဆုံးသားဖြစ်သူ ဒေါက်တာမင်းမြင့်နှင့်အတူ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်း အမှတ်(၆၂)ရှိ နေအိမ်တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းဆောင်းပါး - မင်းသစ်(သတင်းစဉ်)၊ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# မော်လမြိုင်၌ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် သံလွင်ဥယျာဉ်ဖွင့်ပွဲကျင်းပ

**မော်လမြိုင် ဇူလိုင် ၁၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အလှူရှင် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းလက်တွဲပြီး သံလွင်ဥယျာဉ် အဆင့်မြှင့်တင်ရေးနှင့် အောင်ဆန်းရာပြည့်ကော်မတီက ဦးဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု၊ ရင်ပြင်၊ ဥယျာဉ်၊ လျှောက်လမ်းနှင့် မုခ်ဦးအဆင့်မြှင့်တင် တည်ဆောက်ပြုပြင်မွမ်းမံပြီးစီးမှု ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက မော်လမြိုင်မြို့ သံလွင်ဥယျာဉ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက အမှာစကားပြောကြားပြီး သံလွင်ဥယျာဉ် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအဝင်လျှောက်လမ်းနှင့် မုခ်ဦးအလှူရှင် မဏိဇောတရွှေဦးခင်ဝင်း၊ ဥယျာဉ်အတွင်းရှိ ကွန်ကရစ်ခုံတန်း လျှား အမိုးပါအလုံး ၂၀နှင့် (၄၀×၁၂)ပေ ဆိုင်ကယ် Stand ကို လှူဒါန်းခဲ့သည့် MPT Marketing Group နှင့် မော်လမြိုင်မြို့ မြို့မိမြို့ဖ အလှူရှင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးတို့က ပြည်နယ်စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေမှ သံလွင်ဥယျာဉ် လျှပ်စစ်မီးထွန်းရန် မတည်လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကို လှူဒါန်းခဲ့ပြီး သံလွင်ဥယျာဉ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် တန်ဖိုးစာရင်းများကို သံလွင်ဥယျာဉ်အဆင့်မြှင့်တင်ရေး ကော်မတီနာယက ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာတင်စိုးက ပြည်နယ်ဝန်ကြီးချုပ်ထံ အပ်နှင်းခဲ့သည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု၊ အဝင်မုခ်ဦးနှင့် လျှောက်လမ်းအား အောင်သပြေ အောင်နိမိတ်ဖြင့် ရွှေရည်၊ ငွေရည်ဖျန်းပက်၍ ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အဆင့်မြှင့်တင်ရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြို့မိမြို့ဖများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်အပေါင်းတို့အား အလေးပြုခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ပြည်သူ့ဝန်ထမ်းများ ပြည်သူလူထုနှင့်ပူးပေါင်း၍ ပြည်သူ့အကျိုးကို မေတ္တာစေတနာဖြင့် ဆောင်ရွက်ကြရန်တိုက်တွန်း




ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဟင်္သာတဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

**ဟင်္သာတ ဇူလိုင် ၁၀**

လွှတ်တော်ကို ပြည်သူလူထုက ယုံကြည်ကိုးစားမှ လွှတ်တော်အင်အား တောင့်တင်းမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စား တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရမည့်၊ အရေးဆိုပေးရမည့် ပြည်သူ့အစေခံများသာ ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြောကြားသည်။

ဟင်္သာတမြို့မြနန္ဒီခန်းမ၌ ယမန်နေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် နာယကနှင့် ဟင်္သာတဒေသခံပြည်သူများတွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော် နာယက က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေးအာဏာ (၃)ရပ် အနက် ဥပဒေပြုရေးအာဏာကို လွှတ်တော်က ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့အကျိုးဖြစ်ထွန်းရေးအတွက် ပြင်ဆင်သင့်သည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်သင့်သည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ဆက်လက်ဆွေးနွေးသင့်သည့် ဥပဒေများကို ဆက်လက်ဆွေးနွေးခြင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်သည် ပြည်သူ့ဆန္ဒ ပြည်သူ့သဘောထားများကို အလေးထားပုံဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတို့အတွက် လွှတ်တော်တွင် တိုင်ကြားစာကော်မတီကိုဖွဲ့စည်းခဲ့ပါကြောင်း၊ ပြည်သူတို့၏ အမှန်တကယ်နစ်နာမှုများကို မိမိထံ တိုက်ရိုက် တိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြားရာတွင် တိုင်ကြားချက်များသည် တိကျမှန်ကန်ရန် လိုအပ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ဆက်လက်ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပြီး အဓိကတာဝန်မှာ ဥပဒေပြုရေးတာဝန်ပင်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုစေလိုကြောင်း၊ ပြည်သူ့အကျိုးစီးပွားအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ပြည်သူ့ဝန်ထမ်းများသည်လည်း ပြုပြင်ပြောင်းလဲကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် ပူးပေါင်း၍ ပြည်သူ့အကျိုးကို မေတ္တာစေတနာများဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ငါ့အတွက်ဘာရမည်လဲဟု စဉ်းစားသည်ထက် ငါဘာလုပ်ပေးနိုင်မည်လဲဟု ပထမဦးစွာ စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝေဖန်ထောက်ပြစရာရှိသည်များကို အပြုသဘောဆောင်၍ ဝေဖန်ထောက်ပြစေလိုပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည်အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ငြိမ်းချမ်းရေးကို အထူးအလေးထားအားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် လွှတ်တော်၊ အစိုးရအဖွဲ့တို့နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီက ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ တိုင်းဒေသကြီး လွှတ်တော်ကော်မတီများတွင် ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နေမှုများနှင့် တိုင်းဒေသကြီး ဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဟင်္သာတ၊ လေးမျက်နှာ၊ ဇလွန်၊ ကြံခင်း၊ မြန်အောင်နှင့် အင်္ဂပူမြို့နယ်တို့မှ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကသည် ဟင်္သာတမြို့နယ် ယုန်သလင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း သမ္မဟခန်းမ၌ ယုန်သလင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ယုန်သလင်းအခြေခံပညာ




ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ယုန်သလင်းအခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေပေးအပ်စဉ်

အထက်တန်းကျောင်းအတွက် အလှူငွေကျပ် သိန်း ၁၂၀ ပေးအပ်လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

## ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ခြောက်လအတွင်း နိုင်ငံခြားသား သုံးသိန်းခန့် လာရောက်ဖူးမြော်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၂၀၁၆ ခုနှစ် ပထမခြောက်လအတွင်း နိုင်ငံ ခြားသားဧည့်သည် ၂၉၀၀၅၄ ဦး ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

နိုင်ငံခြားသားဦးရေမှာ ဇန်နဝါရီလတွင် ၄၅ နိုင်ငံမှ ၆၈၄၂၈ ဦး၊ ဖေဖော်ဝါရီလတွင် ၅၃ နိုင်ငံမှ ၇၃၆၆၉ ဦး၊ မတ်လတွင် ၃၄ နိုင်ငံမှ ၅၈၅၅၇ ဦး၊ ဧပြီလတွင် နိုင်ငံပေါင်း ၃၀ မှ ၃၂၇၅၂ ဦး၊ မေလတွင် ၃၃ နိုင်ငံမှ ၃၅၁၅၇ ဦးနှင့် ဇွန်လတွင် ၅၅ နိုင်ငံမှ ၂၉၄၉၁ ဦးတို့ဖြစ်ပြီး ယင်းတို့တွင် ထိုင်းနိုင်ငံသား အများဆုံးဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

## အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကလျာဏယုဝခရစ်ယာန်အသင်းများ သဟာယအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးများညီလာခံကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၀**

တူညီသော အနာဂတ်မျှော်မှန်းချက်များဖြင့် ရေရှည်စဉ်ဆက်မပြတ် လူမှုအဖွဲ့အစည်းအား တည်ဆောက်ခြင်း၊ နိုင်ငံအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းသာယာသော လူမှုအဖွဲ့အစည်းဖြစ်ရေး ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကလျာဏယုဝ ခရစ်ယာန်အသင်းများ သဟာယအဖွဲ့ချုပ် နိုင်ငံဆိုင်ရာ အထွေထွေအတွင်းရေးမှူးများ ညီလာခံ "Asia & Pacific Alliance of YMCAs, General Secretaries Conference"ကို ဇူလိုင် ၁၃ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ မြန်မာနိုင်ငံကလျာဏယုဝ ခရစ်ယာန်အသင်း ရုံးချုပ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းညီလာခံ တက်ရောက်မည့် မြန်မာနိုင်ငံ ကလျာဏယုဝခရစ်ယာန်အသင်း အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်းက အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကလျာဏယုဝ ခရစ်ယာန်အသင်းတွင် နိုင်ငံပေါင်း ၂၄ နိုင်ငံ ပါဝင်ကြောင်း၊ ကမ္ဘာ့ကလျာဏယုဝခရစ်ယာန်အသင်းသည် ၁၈၄၄ ခုနှစ် ဇွန် ၆ ရက်တွင် စတင်ပေါ်ပေါက်ပြီး အသင်းဝင်နိုင်ငံပေါင်း ၁၂၄ နိုင်ငံရှိကာ မြန်မာနိုင်ငံ ရန်ကုန်မြို့ ကလျာဏယုဝ ခရစ်ယာန်အသင်းသည် ၁၈၉၄ ခုနှစ်တွင် ပေါ်ပေါက်ခဲ့ကြောင်း၊ ၁၉၅၁ ခုနှစ်တွင် မြန်မာကလျာဏယုဝခရစ်ယာန်အသင်းကို ဖွဲ့စည်းခဲ့ကြောင်း၊ ကလျာဏယုဝခရစ်ယာန်အသင်းသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ လူသားအားလုံးအတွက် လူမှုဖွံ့ဖြိုးရေးနှင့် အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါညီလာခံကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ အထွေထွေအတွင်းရေးမှူးများ တက်ရောက်ကာ လုပ်ငန်းမဟာဗျူဟာ ရေးဆွဲခြင်း၊ လူငယ်များဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံဆိုင်ရာ လုပ်ငန်းအစီရင်ခံစာများ၊ လူမှုရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးစသည်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

**ကိုလတ်(သတင်းစဉ်)**

## သီပေါ၌ မူလတန်းကျောင်းဆောင်သစ်နှင့် ကတ္တရာလမ်းသစ်ဖွင့်

**သီပေါ ဇူလိုင် ၁၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်သည့် ရွှေမောင်းသီလရှင်သင် အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက သီပေါမြို့နယ် လွယ်မုဝ်တောင်၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရွှေမောင်း သာသနဝေပုလ္လသီလရှင်စာသင်တိုက်မွှောရုံ၌ မူလတန်းကျောင်းဆောင်သစ် ကတ္တရာလမ်းသစ်ရေစက်ချပွဲကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကောသလထံမှ ဩဝါဒကထာနှင့် ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါမူလတန်းကျောင်းဆောင်သစ်မှာ အလျားပေ ၁၁၀၊ အနံ ၃၆ ပေနှင့် အမြင့် ၁၅ ပေရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ငွေကျပ် ၅၉၄ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

✱ ရှေ့ဖုံးမှ

ထို့နောက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ကလေးဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယသမ္မတက ပြန်လည်ဆွေးနွေးပြီး ရေလှောင်တမံနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၏စိတ်ထဲတွင် စိုးရိမ်ကြောင့်ကြမှုများ ရှိနေကြောင်း၊ ယင်းစိုးရိမ်ကြောင့်ကြမှုများကို ဖြေလျှော့ပေးနိုင်ရန် ရေလှောင်တမံ၏ ကြံ့ခိုင်မှုအခြေအနေ၊ အန္တရာယ်ဖြစ်ပေါ်နိုင်မှု ရှိ၊ မရှိ အခြေအနေနှင့် ရေလှောင်တမံအား ခိုင်ခံ့အောင် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို အများပြည်သူသိရှိအောင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်သွားရန်နှင့် နားလည်သဘောပေါက်အောင် အသိပညာများ မျှဝေသွားရန် မှာကြားသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခိုင်ကမ်းမြို့ မြို့နယ်စုပေါင်းရုံး တည်ဆောက်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတသည် ရေလှောင်တမံ၏ ရေပိုလွှဲ၊ ရေယူအဆောက်အအုံနှင့် ရေအားလျှပ်စစ်ခါတ်အား ထုတ်လုပ်ရေးစက်ရုံအား ကြည့်ရှုစစ်ဆေးပြီး တရုတ်ကျွမ်းကျင်ပညာရှင်များအား လက်ဆောင်ပစ္စည်းခြင်း ပေးအပ်သည်။

ရာဇဂြိုဟ် ရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ နေရှူရာချောင်းပေါ်၌ တည်ရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀ ရှိကာ ရေအားလျှပ်စစ်တပ်ဆင်အင်အား ၂ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ၂၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်သည်။

ထို့ပြင် ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ကလေးခရိုင် မြစ်သာမြစ်ဝှမ်းဒေသတွင် မိုးရာသီ၌ ရေလွှမ်းမိုးမှု အထိုက်အလျောက် သက်သာစေမည်ဖြစ်ပြီး နွေရာသီတွင် စပါးသီးနှံအပါအဝင် အခြားသီးနှံများကို ရေသွင်းစိုက်ပျိုးနိုင်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကလေးမြို့နှင့် ၁၆ မိုင်ခန့်အကွာ ပျဉ်းတော်ဦးကျေးရွာအုပ်စု မင်းလုကျေးရွာအနီးရှိ နတ်တံခါးချောင်းတူးဖော်မှုနှင့် တံတားတည်ဆောက်မည့် အခြေအနေ၊ ကလေးမြို့နှင့် ခုနစ်မိုင်ခန့်အကွာ ဆည်ကြီးရွာအနီးရှိ ဆည်ကြီးချောင်း ပြန်လည်တူးဖော်မှုနှင့် တံတားတည်ဆောက်မည့်နေရာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို ရေကြီးရေလျှံမှု လျော့နည်းရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ချင်းပြည်နယ် ခိုင်ကမ်းမြို့ မြို့နယ်စုပေါင်းရုံး တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူးက ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ခိုင်ကမ်းမြို့ရှိ မွှါယ်ဇန်ကွဲချောင်း ကြိုးတံတား ကြံ့ခိုင်မှုအခြေအနေနှင့် ချောင်းရေတိုက်စားမှုမှကာကွယ်ရန် ရေထိန်းတမံတည်ဆောက်မည့် မြေနေရာတို့အား ကြည့်ရှုစစ်ဆေးပြီး ခိုင်ကမ်းမြို့ အထက်တန်းကျောင်းခွဲ၌ ချင်းပြည်နယ် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**



နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသို့ မုန်တိုင်း၊မြေငလျင်နှင့် မြန်မာနိုင်ငံအမည်ရှိ ကိုယ်တိုင်ရေးစာအုပ် ၁၅၀ ကို ဇူလိုင် ၈ ရက်က သိပ္ပံစာရေးဆရာ ကိုကိုအောင်က ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်လှူဒါန်းစဉ် (မြန်မာ့အလင်း)

# အဆင့်မြင့်ပညာရေးဖြစ်သည့် တက္ကသိုလ်များ၏ အသက်သွေးကြောသည် သုတေသနလုပ်ငန်းများဖြစ်

**ရန်ကုန် ဇူလိုင် ၁၀**

အမျိုးသားပညာရေးဥပဒေအရ အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို ဦးတည်၍ အဆင့်ဆင့် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း အခမဲ့ မူလတန်းပညာ သင်ယူပြီးမြောက်ရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန် ပညာရေး တက္ကသိုလ်အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးများ တိုးတက်မြင့်မားရေးအတွက် ဆရာ ဆရာမများ ပြုစုပျိုးထောင်ပေးနေသည့် ပညာရေးတက္ကသိုလ်များ၏ အခန်းကဏ္ဍသည် အဓိက အရေးပါကြောင်း၊ မူလတန်းပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သဖြင့် အခြေခံပညာကျောင်းများအတွက် ဆရာ၊ ဆရာမများ ပြုစုပျိုးထောင်နေသည့် ပညာရေးတက္ကသိုလ်များအနေဖြင့် အရည်အသွေးရှိသော ဆရာ ဆရာမများ ပေါ်ထွက်လာစေရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

အဆင့်မြင့် ပညာရေးဖြစ်သည့် တက္ကသိုလ်များ၏ အသက်သွေးကြောသည် သုတေသနဖြစ်ပါကြောင်း၊ သုတေသန ရလဒ်များ ဖွံ့ဖြိုးတိုးတက်၍ လက်တွေ့နယ်ပယ်နှင့် လိုက်လျောညီထွေဖြစ်သော သင်ရိုးညွှန်းတမ်းများဖြစ်လာစေရန် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဆရာ ဆရာမများ အားလုံး သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ အချိန်ပြည့်သင်ကြားနိုင်ရန် အရေးကြီးကြောင်း၊ တက္ကသိုလ်၏ သင်တန်းအစီအစဉ် တစ်ခုချင်းစီအလိုက် Self-Assessment Report (SAR) ပြုစုတင်ပြ၍ IQA လုပ်ငန်းကို ဆောင်ရွက်ရန်နှင့် အရည်အသွေးမြင့်မားသော အဆင့်မြင့်ပညာရေးကဏ္ဍကို အကောင်အထည်ဖော်ရန် အရေးကြီးကြောင်း၊ အရည်အသွေးပြည့်မီသော ဆရာ ဆရာမများ ပြုစုပျိုးထောင်ရေးနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များပြုစု၍ ဦးစားပေးအလိုက် ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်က ရန်ကုန်ပညာရေးတက္ကသိုလ်၏ အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ရောက်ရှိရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံကာ ပညာရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပေါက်ခေါင်း၌ မြစိမ်းရောင်စီမံကိန်းရရှိသောကျေးရွာများအား ရန်ပုံငွေများလွှဲအပ်

**ပေါက်ခေါင်း ဇူလိုင် ၁၀**

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိသော မြောက်ရွှေလောင်း၊ မြေနက်တောင်၊ ကျွန်းတောကြီး၊ ကျွန်းပင်စမ်း၊ အရှေ့မကွေ၊ ငါးဘတ်ကုန်း၊ ဆင်ဖြူကန်၊ ပိန်းတောနှင့် ပေပင်ကုန်းကျေးရွာတို့အားတစ်ရွာလျှင် မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာကိုးရွာအတွက် စုစုပေါင်းငွေကျပ်သိန်း ၂၇၀၀ လွှဲအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ချစ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်နှင့် ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် မြစိမ်းရောင်ကျေးရွာကော်မတီဝင်များ တက်ရောက်ခဲ့ပြီး တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်းနှင့်သက်ဆိုင်သည့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက် ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

(မိုး/ဇလ)

◆ ရှေ့ဖုံးမှ

ယင်းသို့ သိရှိလိုကြောင်းကို ဇူလိုင် ၁ ရက်က ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီနှင့် UNFC မှ ခူဦးရယ် ဦးဆောင်သည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တို့ ရန်ကုန် NRPC ရုံးခွဲ၌ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ပြီးဖြစ်သည်။

ဦးလှမောင်ရွှေက “ဇူလိုင် ၁၅၊ ၁၆ လောက်မှာ UNFC ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တွေ ရန်ကုန်ရောက်မယ်။ ဒီတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ရန်ကုန်မှာတွေ့ဖို့ဆိုတာကတော့ ကျွန်တော်တို့ အတည်ပြုလို့ရပါပြီ။ အခြားဘယ်သူတွေပါမလဲဆိုတဲ့ အသေးစိတ်ကိုတော့ ဒီတစ်ရက်၊ နှစ်ရက်အတွင်းမှာ သိရမှာပါ”ဟု ပြောသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် UNFC ဥက္ကဋ္ဌ ဦးအင်ဘန်လတို့ ယခုတွေ့ဆုံမှုသည် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံမှုဖြစ်သည်။

# ကျွန်တော်နဲ့ သုတစွယ်စုံစာပေဆု



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

လွန်ခဲ့တဲ့ နှစ်ပတ်ကျော်လောက်က ပြင်သစ်နိုင်ငံ ပါရီမြို့ အိုအီးစီဒီအစည်းအဝေးကို တက်ရောက်နေစဉ် အီးမေးလ်တစ်စောင် ဝင်လာပါတယ်။ ဆရာရဲ့အောင်မြင်မှုကို ဂုဏ်ယူပါတယ်။ ပို့လိုက်သူက ကိုကြည်စိုး။ သူက စီးပွားရေးတက္ကသိုလ်တုံးက တပည့်၊ လေ့လော့အသင်းမှာ တက္ကသိုလ်ကိုယ်စားပြုတဲ့သူ၊ အခုတော့ ဦးကျော်ကျော်လှိုင်ရဲ့ SMART မှာ တာဝန်ယူနေသူ။ သုတစွယ်စုံစာပေဆုရကြောင်း အကြောင်းကြားတာ အကျိုးအကြောင်း ပြည့်ပြည့်စုံစုံသိချင်လို့ ဇနီးကို အီးမေးလ်က တစ်ဆင့်စုံစမ်းစေခဲ့တယ်။ ကျွန်တော် ပြင်သစ်ကပြန်ရောက်မှ ဆရာဒေါက်တာတင်ထွန်းဦးက ဇနီးကိုဆက်သွယ်ပြီး ဆုအကြောင်းကို ရှင်းပြတယ်။

ဇွန် ၃၀ ရက်မှာ ပြုလုပ်မယ့် အခမ်းအနားကိုတက်ဖို့လည်း ဖိတ်ကြားခဲ့တယ်။ ဖိတ်စာကိုလည်း အိမ်အရောက်ပို့ပေးရှာတယ်။ ဆရာဒေါက်တာတင်ထွန်းဦးက ကျွန်တော်ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူစဉ်ကတည်းက သိဖူးခဲ့သူ။ ဆုပေးမယ့် နိုဗိုတယ်ဟိုတယ်ရှိရာကို ဇနီးနဲ့သမီးသုံးယောက် အတူတူသွားခဲ့တယ်။ ညီတော်မောင်၊ သူ့ဇနီးနဲ့ ညီမတစ်ဦးလည်းလာကြတယ်။ ဒေါက်တာ ထက်ဇံလင်းနဲ့ သူ့ဇနီး ဒေါက်တာဟိန်းသူအောင်တို့လည်း လာကြတယ်။ ဆုရသူတွေကို သီးသန့်နေရာမှာထိုင်ဖို့ စီစဉ်ပေးထားတယ်။

အခမ်းအနားအစမှာ ဆုပေးတဲ့ သုတစွယ်စုံမီဒီယာအဖွဲ့ရဲ့ အကြီးအကဲ ဒေါက်တာတင်ထွန်းဦးက ဆုရွေးချယ်ခဲ့ပုံအကြောင်း၊ ဆုရွေးချယ်အဖွဲ့ရဲ့လုပ်ဆောင်မှုတွေကို အသေးစိတ်အချိန်ယူပြီး ရှင်းပြခဲ့တယ်။ ဆောင်ရွက်ခဲ့တဲ့ ရွေးချယ်မှုပုံစံဟာ စနစ်ကျလှပါတယ်။ သပ်သပ်ရပ်ရပ်စနစ်တကျ ဆောင်ရွက်ထားပုံကို ဖော်ပြခဲ့တယ်။ ဆုရတဲ့စာအုပ်တစ်အုပ်ချင်း၊ စာရေးသူတစ်ဦးချင်းအကြောင်းကိုလည်း ပြည့်ပြည့်စုံစုံ ဖော်ဆောင်သွားခဲ့တယ်။ အမှန်တော့ ဆုအမျိုးအစား ၁၁ မျိုး သတ်မှတ်ထားပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ ခုနစ်မျိုးကိုသာ ဆုပေးခဲ့တယ်။ အမျိုးအစား ခြောက်မျိုးနဲ့ တစ်သက်တာစာပေဆုတစ်ဆုကို ပေးခဲ့ပါတယ်။

ဆရာဒေါက်တာတင်ထွန်းဦးက အပြောနဲ့တင်မက ကွန်ပျူတာကိုလည်း အသုံးပြုပြီး ရှင်းလင်းခဲ့တယ်။ ကျွန်တော့်စာအုပ်ကို အဘယ်ကြောင့် ရွေးချယ်ခဲ့သလဲဆိုတာကို ဖော်ပြခဲ့တာမို့ ကြည်နူးမိခဲ့တယ်။ ကျွန်တော့်ဘဝအကြောင်းကို ဆရာတင်ထွန်းဦးတင်ပြခဲ့တာမို့ မေ့နေတဲ့အကြောင်းကို ပြန်သတိရမိတယ်။ သူက ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနမှာ အသက်ငယ်ဆုံး ညွှန်ကြားရေးမှူးချုပ်ဖြစ်တာကို ဖော်ထုတ်ခဲ့တယ်။ ၁၉၈၉ ခုနှစ်မှာ ကျွန်တော်ဟာ စီးပွားရေးတက္ကသိုလ်မှာ တာဝန်ယူရတုန်းက ဝန်ကြီးဖြစ်သူ ဆရာကြီးဒေါက်တာဖေသိန်းကြောင့် ဌာနအသစ်တစ်ခုကို ဦးစီးခဲ့တယ်။

ကျွန်တော်ဟာ ၁၉၈၈ ခုနှစ် နိုဝင်ဘာလမှာ မြန်မာပြည်ကို ပြန်ရောက်ခဲ့တာ။ ၁၉၈၆ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ တစ်ချိန်က အနောက်ဂျာမနီနိုင်ငံမှာ ဘွဲ့လွန်ပါရဂူဘွဲ့ကို သွားယူခဲ့တာ။ ကျွန်တော်ပြန်ရောက်တော့ (၈၈) အရေးအခင်းပြီးစပဲဖြစ်သေးတယ်။ အားလုံးက တထိတ်တလန့်၊ ညဘက်မှာလည်း ကျီးလန့်စာစားနေခဲ့ကြရတာ။ ရန်ကုန်ပြန်လာပေမယ့် တက္ကသိုလ်တွေက ပိတ်ထားတာမို့ ကျွန်တော် အိမ်မှာပဲနေခဲ့ရတယ်။ ရုံဖန်ရုံခါကျောင်းဖွင့်တဲ့အချိန် ကျောင်းရောက်ခဲ့တယ်။ စာသင်စရာလည်း မရှိ၊ လုပ်စရာလည်းနည်းတာမို့ အတော်လေးခက်ခဲတာ။ သိပ်မကြာပါဘူး ဆရာကြီး ဒေါက်တာဦးဖေသိန်းက သူ့ကိုကူညီပါ၊ စီမံကိန်းနဲ့ စာရင်းအင်းဦးစီးဌာနတစ်ခု ဖွင့်ပေးမယ်လို့ပြောတော့ ကျွန်တော်လက်ခံခဲ့တယ်။ ဒီတုန်းက ကျွန်တော်က ကထိကရာထူးယူထားတာ ရုတ်တရက် ညွှန်ကြားရေးမှူးချုပ်ဖြစ်မယ်ဆိုတော့ မက်လောက်စရာပါပဲ။ ရာထူးကအဆင့် (၃)(၄) ဆင့်ခုန်တက်ရမှာ။ ဒီတုန်းက ကျွန်တော့်အသက်က ၄၀ ကျော်ကျော်။ ဆရာကြီးဒေါက်တာဖေသိန်းကဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် စုစုပေါင်းခြောက်ဦးရှိတယ်။ ဆရာကြီး ဦးတင်ဦး၊ ဆရာကြီး ဦးကျော်မောင်၊ ဆရာကြီး စိန်ရီ၊ ဆရာမကြီး------၊ ဗိုလ်မှူးကြီး အောင်ဒင်တို့က ကျန်တဲ့ဦးစီးဌာနတွေကို ဦးစီးနေတာ၊ ကျွန်တော်တို့ခြောက်ဦးက တစ်ပတ်တစ်ကြိမ် ဝန်ကြီးနဲ့တွေ့ရတာ။ ကျွန်တော်က အတွင်းဝန်ရုံးမှာ ရုံးထိုင်တော့ ဝန်ကြီးနဲ့ နေ့စဉ်ဆုံဖြစ်တယ်။ ဆရာကြီးက ဆရာဝန်ကြီးဖြစ်ပေမယ့် ကွန်ပျူတာကို သိပ်စိတ်ဝင်စားတာ။ ကျွန်တော်နဲ့တော့ ကွက်တိပဲ။ ဦးစီးဌာနအသီးသီးကို တာဝန်ယူရလို့ ကျေနပ်တယ်။ ကိုယ်လုပ်ချင်တာလုပ်ခွင့်ရတာကို အားရမိတယ်။ ဆရာကြီးက အသေးစိတ်ကို အာရုံမထားဘဲ ကျွန်တော်လုပ်ချင်တာကို လုပ်ခွင့်ပြုခဲ့တယ်။ သူနဲ့တိုင်ပင်ပြီး ကျွန်တော်တို့နိုင်ငံမှာ တစ်ကြိမ်တစ်ခါမှမရှိခဲ့တဲ့ အမျိုးသားကျန်းမာရေးကော်မတီကို ဖွဲ့စည်းခဲ့တယ်။ ဥက္ကဋ္ဌတာဝန်ကို အတွင်းရေးမှူး(၁)က တာဝန်ယူပြီး ကျွန်တော်က အတွင်းရေးမှူး။ အမျိုးသားကျန်းမာရေးကော်မတီဟာ အမှန်တော့ ကျန်းမာရေးကဏ္ဍကို ဘက်ပေါင်းစုံက ချဉ်းကပ်သုံးသပ်ရတယ်ဆိုတဲ့ အယူအဆကို ဖော်ထုတ်မှုပဲ ဖြစ်ပါတယ်။

ကော်မတီမှာ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ စီမံကိန်း၊ လယ်ယာစိုက်ပျိုးရေးဌာနတွေ တာဝန်ယူထားတဲ့ဝန်ကြီးတွေက အဖွဲ့ဝင်။ ဒါကြောင့် ကျန်းမာရေးပေါ်လစီတွေ ထုတ်တဲ့နေရာမှာ သိပ်အဆင်ပြေတယ်။ သွက်တယ်။ ကျွန်တော်ကျန်းမာရေးဝန်ကြီးဌာနမှာ သုံးနှစ်တာပဲ တာဝန်ယူဖြစ်တယ်။ ၁၉၉၂ ခုနှစ်မှာတော့ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ကလေးများရန်ပုံငွေအဖွဲ့အစည်းရုံးချုပ်ရှိတဲ့ အမေရိကန်နိုင်ငံ နယူးယောက်မြို့ကို သွားရောက်ခဲ့တယ်။ ဆရာဒေါက်တာတင်ထွန်းဦးကြောင့် အတိတ်ကအကြောင်းတွေကို ပြန်ပြီးသတိရမိပါတယ်။ ကောင်းတာတွေရော၊ အဆင်မပြေတာတွေရော ပြန်သတိရစေတာမို့ ဒေါက်တာတင်ထွန်းဦးကို ကျေးဇူးတင်မိပါတယ်။

ဆုရသူတွေကို တစ်ဦးချင်းဂုဏ်ပြုလက်မှတ်နဲ့ဆုငွေတွေပေးပါတယ်။ ပြီးတော့ လူမှုရေးလုပ်ငန်းတွေလုပ်နေကြတဲ့ အဖွဲ့အစည်းတွေကိုလည်း အထောက်အပံ့ငွေကြေးတွေပေးအပ်ခဲ့တယ်။ အခုလိုဆောင်ရွက်တာဟာအမှန်တော့စီအက်(စ်)အာ လုပ်တာဖြစ်တယ်။ တစ်နည်းပြောရရင် လူမှုရေးတာဝန်ကျေပွန်မှုပါ။ အခုလိုဆုတွေပေးပြီး ဆုရသူသုံးဦးကိုကျေးဇူးတင်စကားပြောခွင့်ပြုပါတယ်။ ပထမဆုံးပြောခွင့်ရသူက ကျွန်တော်ပါ။ အစကတည်းက ၁၀ မိနစ်လောက် ပြောပေးဖို့မှာကြားထားတာမို့ ကျွန်တော်ကပေးထားတဲ့အချိန်အတွင်း ပြောစရာရှိတာကို ပြောနိုင်အောင်ပြင်ဆင်ခဲ့တယ်။ ကျွန်တော့်ရဲ့အကျင့်တစ်ခုက အချိန်ကိုလေးစားတယ်။ ပေးထားတဲ့အချိန်ကို လေးစားရမယ်ဆိုတဲ့စိတ်ကအမြဲရှိတယ်။ ကျွန်တော့်ကို ဆွေးနွေးပွဲတွေမှာ သဘာပတိလုပ်ပေးဖို့ပြောရင် အချိန်ကိုစီမံခွင့်ရှိ မရှိ အရင်မေးတယ်။ အချိန်ဘယ်လောက်သတ်မှတ်ထားတာကိုလည်း သတိထားတယ်။ ကျွန်တော့်ကို စည်းကမ်းကြီးလွန်တယ်လို့ အဝေဖန်ခံရတယ်။ ဒါပေမယ့် မတတ်နိုင်ပါဘူး။ တစ်ယောက်ကို ၁၀ မိနစ်ပေးရင် ၁၀ မိနစ်အတွင်းပြောရမယ့်တာဝန်ရှိတယ်။ ကိုယ်ပြောချင်သလောက် ပြောလို့မရဘူး။ ပြောရင်စီစဉ်တဲ့သူတွေရော ပရိသတ်တွေကိုရော မလေးစားရာရောက်တယ်။ ကြိုက်သလောက်ပြောတဲ့ပွဲတွေကို ကျွန်တော်မကြုံဖူးပါဘူး။ ဒီလိုပြောခွင့်ရတာကိုလည်း မနှစ်မြို့ဘူး။ အချိန်ရဲ့တန်ဖိုးကိုလေးစားရမယ်လို့ အမြဲဆင်ခြင်ပါတယ်။

ကျွန်တော့်ကို ကျေးဇူးတင်စကားပြောပါလို့ပြောတော့ ကျေးဇူးတင်ရမယ့်ပုဂ္ဂိုလ်တွေကိုကျွန်တော်စဉ်းစားပြီး မှတ်တမ်းတင်ခဲ့ပါတယ်။ ပထမဦးဆုံး ကျေးဇူးတင်ရမယ့်သူက ဆရာဒေါက်တာတင်ထွန်းဦးနဲ့သူရဲ့ ဇနီးဆရာမဒေါက်တာခင်မိုးမိုးတို့ဖြစ်ပါတယ်။ သုတစွယ်စုံမီဒီယာအဖွဲ့ကိုဦးစီးဦးဆောင်လုပ်ပြီး အခုလို(၁၁)ကြိမ်မြောက် သုတစွယ်စုံစာပေဆုပေးပွဲကို ကျင်းပပေးတဲ့အတွက် သူတို့ရဲ့စေတနာ၊ သူတို့ရဲ့မေတ္တာတွေကို မှတ်တမ်းတင်ရမှာသာဖြစ်ပါတယ်။

ကျွန်တော်က စင်မြင့်ပေါ်ကနေပရိသတ်တွေကို ကြည့်တဲ့နေရာမှာ ရှေ့တန်းမှာထိုင်နေကြသူတွေက စာရေးဆရာကြီးတွေ၊ ဆရာမကြီးတွေပါ။ ထင်ရှားလှတဲ့ပုဂ္ဂိုလ်ကြီးတွေ၊ သမ္မာရင့်တဲ့သူတွေ၊ သူတို့ရဲ့ကလောင်နဲ့တိုင်းပြည်ကို အလုပ်အကျွေးပြုနေသူတွေ၊ အသက်တွေမငယ်ကြတော့ပေမယ့် စာပေအပေါ်သံယောဇဉ်နဲ့ အခမ်းအနားကိုတက်ရောက်အားပေးနေကြသူတွေ၊ လေးစားထိုက်တဲ့ အားကျရတဲ့သူတွေပါ။ ဒါကြောင့်လည်း ကျွန်တော်ကဒီပွဲမှာဆုရပြီး ကျေးဇူးတင်စကားပြောခွင့်ရတာကို စိတ်ထဲမှာ အားနာနေမိတယ်။ မှန်တာပြောရရင် ကျွန်တော်ဟာ စာရေးဆရာတစ်ဦးမဟုတ်ပါဘူး။ စာရေးတဲ့သူသာဖြစ်ပါတယ်။ ဒါကြောင့်လည်း စာရေးဆရာတွေအကြား စိတ်ထဲက အားငယ်မိတာ အမှန်ပါ။ ဆရာကြီး၊ ဆရာမကြီးတို့လို ကျွန်တော် မရေးတတ်ပါဘူး။ သူတို့ရဲ့အရေးသားတွေဟာ ဝေဆာပြည့်စုံလှပါတယ်။ စကားလုံးရွေးချယ်မှုတွေက လှတယ်၊ ကြွယ်ဝတယ်။ ကျွန်တော်က စိတ်ထဲရင်ထဲရှိတာကိုသာ ရိုးရိုးပဲရေးနိုင်သူ။ ကျွန်တော့်ကိုစာရေးဖို့ ပထမဦးဆုံးတိုက်တွန်းခဲ့တဲ့ ဆရာကြီး ဒေါက်တာဦးအေးလှိုင်ကို ကျေးဇူးတင်မိပါတယ်။

ကျွန်တော် ၁၉၆၆ ခုနှစ် စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှာ နည်းပြဆရာအဖြစ် အလုပ်ဝင်ခဲ့ပါတယ်။ ကျွန်တော်မှတ်မိသလောက်ပြောရရင် ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုကြောင့် တက္ကသိုလ်ဝင်တန်းမှာ ဘောဂဗေဒဘာသာရပ်ကို စတင်ပြီး သင်ကြားခဲ့တယ်။ ဘောဂဗေဒဘာသာရပ်မှာ စာရင်းကိုင်ပညာကိုလည်း ထည့်သွင်းခဲ့တယ်။ ဒါကြောင့် ဘောဂဗေဒဘာသာရပ်သင်ကြားပေးမယ့် အထက်တန်းကျောင်းက ဆရာ ဆရာမတွေကို စီးပွားရေးတက္ကသိုလ်က ဆရာ ဆရာမတွေက အနီးကပ်သင်တန်းပေးခဲ့ကြတယ်။ ကျွန်တော်တို့အဖွဲ့က ပြင်ဦးလွင်မှာသွားပြီး သင်တန်းပေးခဲ့ရတယ်။ အခုလိုသင်တန်းတွေပေးပြီး ရန်ကုန်ပြန်ရောက်တော့ ဆရာကြီးဒေါက်တာဦးအေးလှိုင် က ကျွန်တော့်ကိုခေါ်ပြီး ရန်ကုန်မြို့မှာရှိတဲ့ အထက်တန်းကျောင်းတွေမှာ စာရင်းကိုင် ပညာကိုသွားရောက်သင်ဖို့ တာဝန်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့မှာရှိတဲ့ နာမည်ကြီးအထက်တန်းကျောင်းတွေမှာ ကျွန်တော် စာသင်ခွင့်ရခဲ့တယ်။ ကျွန်တော်က စာအသင်အပြဝါသနာပါလို့ထင်ပါရဲ့ ကျွန်တော့်ရဲ့ သင်တန်းတွေကအောင်မြင်ခဲ့တယ်။ ဒီသတင်းကြားလို့ ဆရာကြီးက သူ့ရုံးခန်းထဲခေါ်ပြီး စာရင်းကိုင်ပညာနဲ့ပတ်သက်ပြီး ဆောင်းပါးရေးဖို့တိုက်တွန်းပါတယ်။ ဒီဆောင်းပါးကို စီးပွားရေးတက္ကသိုလ် မဂ္ဂဇင်းမှာ ထည့်ပေးပါတယ်။ ဒါကြောင့် စာရေးခရီးကို အစဖော်ပေးသူက ဆရာကြီး ဒေါက်တာ ဦးအေးလှိုင်ဖြစ်ပါတယ်။

နောက်ပိုင်းမှာ ကျွန်တော်စာဆက်မရေးဖြစ်ပါဘူး။ နိုင်ငံခြားပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံမှာ ခြောက်နှစ်ကျော် ပညာသင်ခွင့်ရခဲ့တယ်။ မြန်မာပြည်ပြန်ရောက်တော့ စာတွေပြန်ရေးဖြစ်ပါတယ်။ ဒါပေမယ့် ဒီစာတွေက သုတေသနစာတမ်းတွေဖြစ်တယ်။ ဟိုခေတ်က တက္ကသိုလ်အသိုင်းအဝိုင်းမှာ သုတေသနစာတမ်းဖတ်ပွဲကြီးတွေ ကျင်းပခဲ့တယ်။ ဒီပွဲတွေမှာ ကိုယ်ဆောင်ရွက်ခဲ့တဲ့ သုတေသနတွေ့ရှိချက်တွေကို စာတမ်းအဖြစ်တင်ခဲ့ရတယ်။ နှစ်စဉ်ကျင်းပတဲ့ မြန်မာနိုင်ငံ ဆရာဝန်များအသင်းကြီးညီလာခံမှာလည်း စာတမ်းတွေဖတ်ပြီး ဖတ်တဲ့စာတမ်းတွေကို သုတေသနဂျာနယ်တွေမှာ ထုတ်ဝေခဲ့တယ်။ ဗဟိုသမဝါယမ ညီလာခံတွေမှာလည်း စာတမ်းတွေ ဖတ်ခွင့်ရခဲ့တယ်။

၁၉၈၆ ခုနှစ်မှာကျွန်တော် အနောက်ဂျာမနီနိုင်ငံမှာ ပါရဂူဘွဲ့လွန် သုတေသနကို သုံးနှစ်နီးပါးဆောင်ရွက်ခဲ့တယ်။ သုတေသနတွေ့ရှိချက်ကို စာအုပ်တစ်အုပ်ထုတ်ခဲ့တယ်။ ထုတ်ပေးတဲ့တက္ကသိုလ်က ဂျာမနီနိုင်ငံက သက်တမ်း အရှည်ဆုံးဖြစ်တဲ့ ဟိုင်ဒါပတ်တက္ကသိုလ်ဖြစ်တယ်။ ဒီစာအုပ်ကို ၁၉၈၉ ခုနှစ်မှာ ထုတ်ဝေခဲ့တယ်။ ဒီစာအုပ်ကို အွန်လိုင်းကတစ်ဆင့် ဝယ်ယူနိုင်မှာဖြစ်တယ်။

ကျွန်တော် ၁၉၉၂ ခုနှစ်မှာ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ကလေးများရန်ပုံငွေအဖွဲ့ရုံးချုပ်ရှိတဲ့ နယူးယောက်မြို့မှာ တာဝန်ယူခဲ့ပါတယ်။ နှစ်စဉ် ခွင့်နဲ့ရန်ကုန်ပြန်ခဲ့တယ်။ ပြန်တဲ့အခါမှာ ဟောပြောပွဲတွေလုပ်ဖြစ်တယ်။ ဒါကြောင့်လည်း ဒေါက်တာနေဝင်းမောင်က "ဆရာရဲ့ဟောပြောပွဲအတွေ့အကြုံတွေကို ဆောင်းပါးအဖြစ် ရေးပါလား"ဆိုပြီး တိုက်တွန်းခဲ့တယ်။ သူ့ကျေးဇူးကြောင့် ကျွန်တော် ဆောင်းပါးတွေရေးဖြစ်ခဲ့တယ်။ ရေးခဲ့တဲ့ ဆောင်းပါးတွေကို စုပေါင်းပြီး "ဟောပြောပွဲအတွေ့အကြုံ" စာအုပ်ကို ထုတ်ဝေဖြစ်ခဲ့တယ်။

အခု ကျွန်တော်ရတဲ့ဆုက စာပဒေသာဆုပါ။ မြန်မာ့အလင်းမှာပါတဲ့ ဆောင်းပါး ၃၆ ပုဒ်ကို စုပေါင်းပြီး ထုတ်ဝေတဲ့စာအုပ်။ ဒီတစ်ကြိမ် ဆောင်းပါးတွေရေးဖို့ တိုက်တွန်းအားပေးသူက ယခင်ပြန်ကြားရေးဝန်ကြီး ဦးအောင်ကြည်။ အခုတော့ ဒုတိယ အတွဲထုတ်ဝေပြီးခဲ့သလို တတိယအတွဲထုတ်နိုင်တဲ့အခြေအနေရောက်နေပါပြီ။

နောက်ဆုံးအနေနဲ့ ကျေးဇူးတင်ခဲ့တာက ကျွန်တော့်ရဲ့ဇနီးနဲ့ သမီးဖြစ်တယ်။ အလုပ်ပြီးလို့ အိမ်မှာနားရင်း စာရေးဖြစ်တာမို့ ဘာပဲဖြစ်ဖြစ် မိသားစုနဲ့နေရမယ့်အချိန်ကို ဖဲ့ပေးခဲ့ရတယ်။ ဒါကြောင့် သည်းခံနားလည်ပေးတဲ့ဇနီးကို ကျေးဇူးတင်ခဲ့တယ်။ သမီးကို ကျေးဇူးတင်ရတာက ဆုရတဲ့စာအုပ်ရဲ့ မျက်နှာဖုံးပန်းချီကို သူဆွဲပေးတယ်။ စာအုပ်အတွက် ရည်ရွယ်ပြီး ရေးဆွဲတာမဟုတ်ပါဘူး။ ကျွန်တော် ဟောပြောပွဲတွေလုပ်တိုင်း မိသားစုပါတယ်။ အိုင်ဘီစီခန်းမမှာလုပ်တဲ့ပွဲမှာ သမီးက ရှေ့တန်းက ထိုင်ရင်း ကျွန်တော်ဟောပြောနေတာကို သူကပုံဆွဲခဲ့တာ။ ဒီတုန်းက သူကရှစ်နှစ်ပဲရှိသေးတာ။ သူရေးဆွဲတဲ့ပုံကလေးက သိပ်ပြီးအသက်ဝင်တယ်။ စင်မြင့်မှာပြောနေတဲ့ ကျွန်တော့်ရဲ့ပုံ၊ ပရိသတ်တွေရဲ့ပုံတွေကို ထင်ထင်ရှားရှားရေးဆွဲထားတယ်။ ဒီပုံကို ဇနီးက တရိုတသေသိမ်းထားပြီး စာအုပ်ထုတ်ဝေတော့ သုံးဖို့အကြံပေးခဲ့တယ်။

ကျွန်တော်ပြောပြီး ဆရာဦးဝင်းငြိမ်းက ကျေးဇူးတင်စကားပြောပါတယ်။ ဆရာပြောမှ သုတစွယ်စုံစာပေဆုရဲ့ ထူးခြားမှုကိုသတိပြုမိပါတယ်။ ဆရာဦးဝင်းငြိမ်းပြောသလို မပြိုင်ဘဲရတဲ့ဆုဖြစ်တာမို့ ပိုပြီးဂုဏ်ယူစရာဖြစ်တာကို သတိထားမိတယ်။ ဆရာဦးဝင်းငြိမ်းအပြီး ကျေးဇူးတင်စကားပြောသူက တစ်သက်တာစာပေဆုရတဲ့ ဆရာကြီးတက္ကသိုလ်စိန်တင်ဖြစ်တယ်။ သူပြောမယ့်စကားကို သူကကွန်ပျူတာနဲ့စာစီခဲ့တယ်။ သူ့လက်ထဲမှာ ကြည့်လိုက်တော့စာရွက်တွေကတစ်ထပ်ကြီး။ ဒါတွေအားလုံးကို ၁၀ မိနစ်အတွင်း ဘယ်လိုပြောမလဲဆိုတာကို ကျွန်တော်စဉ်းစားနေမိတယ်။ ဆရာကြီးဟာ စေတနာအပြည့်နဲ့နိဒါန်းတွေချွေခဲ့တယ်။ ကဗျာတွေကိုလည်း ရွတ်ဖတ်ခဲ့တယ်။ သူ့ရဲ့ဘဝ အတွေ့အကြုံတွေကိုလည်း ရှင်းပြခဲ့တယ်။ သတ်မှတ်ထားချိန်လွန်တဲ့အခါ စီစဉ်သူတွေက ဆရာကြီးကို ပန်ကြားခဲ့တာမို့ နောက်အစီအစဉ်ဖြစ်တဲ့ စုပေါင်းဓာတ်ပုံရိုက်တာတို့၊ ဆုရတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေရဲ့ ကျေးဇူးတင်စကားတွေကို ကြားခဲ့ရတယ်။

ဒီဆုပေးပွဲဟာ ကျွန်တော့်ဘဝတစ်သက်တာအတွက် အမှတ်တရပွဲလေးဖြစ်ပါတယ်။ ဆုရလိမ့်မယ်လို့လည်း တစ်ကြိမ်တစ်ခါမှ မစဉ်းစားခဲ့ပါဘူး။ အိပ်မက်တောင် မမက်ခဲ့ဘူး။ အသိအမှတ်ပြုခြင်းခံရတာကို ကျေနပ်သလို အသိအမှတ်ပြုပေးတဲ့ ဒေါက်တာတင်ထွန်းဦးနဲ့ ဒေါက်တာခင်မိုးမိုးတို့ကို ကျေးဇူးတင်ရပါတယ်။

ဆုရသူတွေကို တစ်ဦးချင်းဂုဏ်ပြုလက်မှတ်နဲ့ ဆုငွေတွေပေးပါတယ်။ ပြီးတော့ လူမှုရေးလုပ်ငန်းတွေလုပ်နေကြတဲ့ အဖွဲ့အစည်းတွေကိုလည်း အထောက်အပံ့ငွေကြေးတွေပေးအပ်ခဲ့တယ်။ အခုလိုဆောင်ရွက်တာဟာ အမှန်တော့ စီအက်(စ်)အာ လုပ်တာဖြစ်တယ်။ တစ်နည်းပြောရရင် လူမှုရေးတာဝန်ကျေပွန်မှုပါ။ အခုလိုဆုတွေပေးပြီး ဆုရသူသုံးဦးကို ကျေးဇူးတင်စကားပြောခွင့်ပြုပါတယ်။ ပထမဆုံးပြောခွင့်ရ သူက ကျွန်တော်ပါ။ အစကတည်းက ၁၀ မိနစ်လောက်ပြောပေးဖို့ မှာကြားထားတာမို့ ကျွန်တော်ကပေးထားတဲ့အချိန်အတွင်း ပြောစရာရှိတာကို ပြောနိုင်အောင် ပြင်ဆင်ခဲ့တယ်။

❒ *ကျောဖုံးမှ*

ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် စွမ်းထက်နိုင်ကို ဒိုင်သုံးဦးစလုံးက အမှတ်ဖြင့် အနိုင်ပေး၍ စွမ်းထက်နိုင် ရွှေခါးပတ်ချန်ပီယံ ပိုင်ခွင့်ရခဲ့သည်။ ၅၄ ကီလိုတန်းတွင် ရဲသွေးနီ(တောင်ကလေး)နှင့် အသည်းစွဲ(မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ရဲသွေးနီက အသည်းစွဲကို ပထမအချီ နှစ်မိနစ် ၂၉ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ ရဲသွေးနီသည် ယခင်သတ္တမအကြိမ်မြောက် ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲတွင်လည်း ၅၁ ကီလိုတန်း၌ ရွှေခါးပတ်ဆွတ်ခူးရရှိခဲ့ရာ ယခုနှစ် ထပ်မံရရှိခြင်းသည် ဒုတိယအကြိမ် ထပ်ဆင့်ရွှေခါးပတ်ဆုကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ ရွှေခါးပတ်ချန်ပီယံလုပွဲ တတိယပွဲအဖြစ် ၅၇ ကီလိုတန်းတွင် မိုက်ရိုင်း(ရွှေဖူး)နှင့် နက္ခအောင်(တောင်ကလေး)တို့ပွဲတွင် ပွဲချိုးပြည့်သည်အထိ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲသော်လည်း နောက်ပိုင်းတွင် မာဂုဏ်မြင့် နက္ခအောင် အပေါ်စီးမှ ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သည်။ သို့သော်လည်း အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် ဒိုင်သုံးဦးအနက် နှစ်ဦးက မိုက်ရိုင်းကို အနိုင်ပေးခဲ့သဖြင့် မိုက်ရိုင်း ထပ်ဆင့် ရွှေခါးပတ် ပိုင်ရှင်ဖြစ်လာခဲ့သည်။ မိုက်ရိုင်း(ရွှေဖူး)သည် ပြီးခဲ့သည့်နှစ် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ၅၄ ကီလိုတန်းတွင် ပထမအကြိမ်ရရှိခဲ့သဖြင့် ယခုအကြိမ်တွင် ဒုတိယမြောက် ထပ်မံရရှိခြင်းဖြစ်သည်။

၆၀ ကီလိုတန်းပြိုင်ပွဲတွင် ရွှေထွန်းယုံ(ရန်စစ်ငြိမ်း)နှင့် စောထူးဇော်(ဒို့ရိုးရာ)တို့ပွဲတွင် ပထမအချီမှာပင် စောထူးဇော် အလဲထိုးဖြင့်အနိုင်ရကာ ရွှေခါးပတ်ကို ပိုင်ဆိုင်ခွင့်ရခဲ့သည်။ တစ်ဖန် ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် သားအသည်းတစ်ပွင့်(ဗမာ့သွေး)နှင့် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ကစားရာ ငါးချီပြည့် ဇွဲပါပါ အသည်းမာမာဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အမှတ်ပေးဒိုင်သုံးဦးစလုံးက သားအသည်းတစ်ပွင့်ကို အနိုင်ပေးခဲ့၍ ကြယ်စင်ဖြိုး ဒေါသစိတ်ဖုံးလွှမ်းကာ ဒုတိယဆုပင်မယူဘဲ ရုံပြင်ထွက်သွားခဲ့သဖြင့် ပြန်လည်ခေါ်ယူခဲ့ရသည်အထိ ဖြစ်ခဲ့သည်။ ၆၇ ကီလိုတန်းပြိုင်ပွဲတွင် သွေးသစ်ဝင်းလှိုင်(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် ရဲတံခွန်(အဖြူရောင်သွေးသစ်)တို့ပွဲတွင် သမ္မာရင့်ရဲတံခွန်က သွေးသစ်ဝင်းလှိုင်ကို ငါးချီပြည့် ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း ဒိုင်သုံးဦးစလုံးက သွေးသစ်ဝင်းလှိုင်အား အနိုင်ပေးခဲ့သဖြင့် သွေးသစ်ဝင်းလှိုင် ရွှေခါးပတ်ပိုင်ရှင်ဖြစ်လာခဲ့သည်။ ရွှေခါးပတ်လုပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ကြယ်လင်းအောင်(တောင်ကလေး)နှင့် ရဲရင့်အောင်(နဂါးမာန်) တို့ပွဲတွင် လက်ဝှေ့သမ္မာရင့် ကြယ်လင်းအောင်နှင့် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့သော ရဲရင့်အောင်သည် ငါးချီပြည့် ကောင်းတာဖြင့် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ဖိုက်တာကြယ်လင်းအောင်ကို အမှတ်ပေးဒိုင်သုံးဦးစလုံးက အနိုင်ပေးခဲ့သဖြင့် ကြယ်လင်းအောင် ထပ်ဆင့် ရွှေခါးပတ်ပိုင်ရှင်ဖြစ်လာသည်။ ကြယ်လင်းအောင်သည် မြန်မာနိုင်ငံရွှေခါးပတ်ချန်ပီယံဆုကို တတိယအကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်က လိုက်ဝယ်တာတွင် ပထမဆုံးအကြိမ် ရွှေခါးပတ်ရရှိခဲ့ကာ ၂၀၀၉ ခုနှစ် ဝယ်တာတန်းတွင် ဒုတိယအကြိမ်မြောက် ရွှေခါးပတ်ဆုကိုရရှိခဲ့သည့် သမ္မာရင့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။




**ရဲရင့်အောင် (နဂါးမာန်) ၏ ညာထောက်လက်သီးကို ကြယ်လင်းအောင် (တောင်ကလေး) ကာကွယ်ထားစဉ်**
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ယနေ့ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ၂၀၁၆ ခုနှစ်၏ ရွှေခါးပတ်ချန်ပီယံလုပွဲတွင် ပြည်တွင်း လေးချီ အထူးစိန်ခေါ်ပွဲဖြစ်သည့် ဟံသာဝတီ(အဖြူရောင်သွေးသစ်)နှင့် ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)၊ ပြည်ပ အထူးစိန်ခေါ်ပွဲဖြစ်သည့် ဖျံသွေး(မြန်မာ)နှင့် ဆူတာဝမ်(ထိုင်း)တို့ အထူးစိန်ခေါ်ပွဲများအဖြစ် ထည့်သွင်းခဲ့သော်လည်း ပြည်တွင်း လေးချီပွဲကသာ အချီပြည့် အသည်းအသန် ယှဉ်ပြိုင်ကစားခဲ့ကာ ပြည်ပအထူးစိန်ခေါ်ပွဲမှာ ထုံးစံအတိုင်း ထိုင်းလက်ဝှေ့ကစားသမားက အပျော်အပျက်ပုံစံ ထိုးသွားသည့် ကစားဟန်ပြကာ ဒုတိယအချီမှာပင် အရှုံးပေးသွားခဲ့သည်။ ပြောရလျှင် ပရိသတ်အကြိုက် ဟန်ပြခဲ့သည့် ပြည်ပပွဲတွေများလာသည်ကို တချို့ရိုးရာလက်ဝှေ့ ချစ်ပရိသတ်များက လုပ်ပွဲပမာ ဝေဖန်မှုအသံများလည်း ကြားသိခဲ့ရသည်။ ထို့အပြင် ယခုကျင်းပခဲ့သည့် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲတစ်လျှောက် ရုံဝင်ကြေးကြီးမြင့်မှုအပေါ်တွင်လည်း ပရိသတ်များအကြား ဝေဖန်မှုအသံများ ကြားသိရခဲ့ရသည်။

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ကားပါကင် မပါသော အထပ်မြင့်တိုက်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုတိုးလာနိုင်



**ရန်ကုန် ဇူလိုင် ၁၀.**

ရန်ကုန်မြို့အထပ်မြင့်တိုက် အဆောက်အအုံများ တည်ဆောက်လျက်ရှိရာတွင် ကားပါကင် မပါသော အထပ်မြင့်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာမှာ ပို၍တိုးလာနိုင်ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းကနေလုပ်နေပါတယ်။ တစ်ချိန်တည်းမှာပဲ ဂျိုက်ကာရဲ့ ပရောဂျက်ဖြစ်တဲ့ နှစ်ထပ်လမ်းလုပ်ဖို့ရှိတယ်။ အဲဒီစီမံကိန်းပြီးဖို့က ၂၀၃၅ ခုနှစ်လောက်မှပြီးနိုင်မယ်။ ဒီအချိန်လောက်အထိ ရန်ကုန်မြို့ရဲ့ယာဉ်ကြော ပိတ်ဆို့မှုပြဿနာကို ဖြေရှင်းနိုင်ဖို့ထိုင်စောင့်ပြီး မနေနိုင်ဘူး။ ရေတို၊ ရေရှည် အစီအစဉ်တွေ ချမှတ်လုပ်ဆောင်သွားဖို့လိုပါတယ်။ ရှိသမျှကားတွေက မြို့ထဲပဲ လာချင်နေကြတယ်။ နောက်တစ်ခုကတော့ ဆောက်လုပ်ရေး အထပ်မြင့်တိုက် ဆောက်လုပ်နေကြတဲ့အထဲမှာ အချို့ကပုံစံထဲမှာ ပဲကားပါကင်ထည့်ထားတာ၊ တကယ်တမ်းဆောက်လုပ်ပြီးတဲ့အခါမှာတော့ ကားပါကင် ပါမလာဘူး။ ဒီအတွက် အထပ်မြင့်တိုက်တွေမှာ နေသူတွေအတွက် ကားပါကင်မရှိဘဲ ဖြစ်လာပါတယ်။ ဒီအခြေအနေတွေကနေ ယာဉ်ကြောပိတ်ဆို့မှုတွေ ထပ်ဖြစ်လာနိုင်ပါတယ်"ဟု မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်က ယနေ့နံနက်ပိုင်းက ပတ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသော ရန်ကုန်မြို့ပြ ပို့ဆောင်ရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲတွင်ပြောသည်။

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် စစ်တမ်းကောက်ယူထားသည့် အခြေခံအချက်များအပေါ်တွင် ထိရောက်သော စီမံခန့်ခွဲလုပ်ဆောင်မှုများချမှတ်ဆောင်ရွက်သွားရန်လည်း အလွန်ပင်အရေးကြီးသောအချက်ဖြစ်ပါသည်။

"ကျွန်တော်တို့ နိုင်ငံအနေနဲ့ Building Construction ကုမ္ပဏီတွေ၊ Consultant Farm တွေ မှိုလိုပေါက်နေပြီး Traffic Engineering နဲ့ Urban Transport Planning Consultancy Service Farm မရှိသေးတာတွေ့ရပါတယ်။ ဒီအတွက် Sun United ကုမ္ပဏီနဲ့ TTS (Singapore) တို့မှ Traffic Engineering (ယာဉ်အင်ဂျင်နီယာလုပ်ငန်း)၊ Urban Transport Planning (မြို့ပြပို့ဆောင်ရေးစီမံကိန်း) နဲ့ပတ်သက်တဲ့ အကြံပေးဝန်ဆောင်မှုလုပ်ငန်းအဖြစ် စစ်တမ်းကောက်ယူခြင်း၊ ရရှိတဲ့အချက်အလက်တွေအပေါ်မှာ ခန့်မှန်းတွက်ချက်ပေးခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုနဲ့ပတ်သက်တဲ့ ပြီးပြည့်စုံသော အဖြေတစ်ခုကို ထုတ်ပေးခြင်းစတဲ့ လုပ်ငန်းစဉ်တွေမှာတိုင်းဒေသကြီးအစိုးရရဲ့ ဦးဆောင်မှုအောက်တွင် ပူးပေါင်းဆောင်ရွက်သွားဖို့အသင့်ရှိပါတယ်" ဟု Sun United ကုမ္ပဏီ ဒါရိုက်တာ ဦးစိုးသိမ်းက ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ စင်ကာပူနိုင်ငံမှပညာရှင်များက ရန်ကုန်မြို့ပြပို့ဆောင်ရေးစီမံကိန်းနှင့် ပတ်သက်၍ဆွေးနွေးခြင်း၊ အကြံပြုခြင်းပြုလုပ်ကာ ရန်ကုန်မြို့ပြယာဉ်ကြောပိတ်ဆို့မှုလျော့နည်းကျဆင်းရန် တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပခန်းကြီးမြို့ဟောင်းတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်သစ်တစ်ခုတည်ဆောက်နေ

**ရေစကြို ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းဒေသတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် သာယာလှပသော သဘာဝရှုခင်းပေါ်များသောကြောင့် ဆွဲဆောင်မှုအကောင်းဆုံး ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် လာရောက်ခံစားကြမည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆင့်မြင့် တည်းခိုနိုင်ရန် နိုင်ငံတကာအဆင့်မီမြို့ဟောင်းဟိုတယ်ကို ဇွန်လက စတင်တည်ဆောက်နေကြောင်း သိရသည်။



အဆိုပါပခန်းကြီးမြို့ဟောင်းဒေသသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ အနီးတွင်တည်ရှိပြီး ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် သမိုင်းအထောက်အထားများ တွေ့ရှိရာဒေသဖြစ်ကြောင်း သိရသည်။

"ကျွန်တော့် ဇာတိဖြစ်တဲ့ ပခန်းကြီးမြို့ကို ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လာရောက်လေ့လာကြမယ့် ခရီးသွားတွေအတွက် အညာကျေးလက်ဒေသရဲ့သဘာဝအငွေ့အသက်တွေအပါအဝင် ဒေသထွက်ကုန် ရိုးရာအစားအစာတွေကို အပြည့်အဝ သိရှိခံစားနိုင်ဖို့ ဟိုတယ်တည်ဆောက်တာဖြစ်ပြီး ၂၀၁၇ ခုနှစ်မှာ ဖွင့်လှစ်နိုင်မှာပါ။ ဒေသခံလူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်လမ်းတွေ ရလာမယ်"ဟု ဟိုတယ်တည်ဆောက်နေသူ ဦးစိုးဝင်းမြင့်က ပြောသည်။

ဟိုတယ်အဆောက်အအုံကို မြေဧက ၁ ဒသမ ၈၅ဧက ပေါ်တွင် တစ်ခန်းလျှင်(၂၈×၁၄)ပေအကျယ်ရှိ အခန်းပေါင်း ၃၀ ပါဝင်ပြီး ရှေးခေတ်ဗိသုကာလက်ရာပုံစံများဖြင့် တည်ဆောက်မည်ဖြစ်ကာ လာရောက်တည်းခိုသူများအား မြန်မာ့ကျေးလက်အငွေ့အသက်များဖြစ်သည့် ထန်းလက်တဲ အဆောက်အအုံများ၊ ရေကူးကန်၊ မြက်ခင်းအလှနှင့် ပန်းဥယျာဉ်များ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။ ဖျော်ဖြေတင်ဆက်မှုများတွင် ရိုးရာအနုပညာအစစ်ဖြစ်သော ရုပ်သေးအကများအပြင် ပခန်းကြီးဒေသ၏ ထင်ရှားသည့် ကိုကြီးကျော်နတ်သမိုင်းနှင့် နတ်သီချင်းများကို မြူးကြွသည့် နတ်ဒိုးသံများဖြင့် ဖျော်ထုတ်ကာ ဝန်ဆောင်မှုအသစ်အဆန်းတစ်ခုအနေဖြင့် ကမ္ဘာနှင့် မိတ်ဆက်ပေးရန် ညစဉ်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ဘုရားမှာ ပုဂံ-ကျောင်းမှာ ပခန်းဟူသော ရှေးစကားအရ ဘုရားစေတီပုထိုးများပေါ်များသည့် ပုဂံဒေသနှင့် မိုင် ၃၀ ကွာဝေးပြီး ရှေးခေတ်ဘုန်းကြီးကျောင်းများနှင့် သာသနိက အဆောက်အအုံများပေါ်များရာ အဆိုပါပခန်းကြီးဒေသသည် မကြာမီ အကောင်အထည်ပေါ်လာတော့မည့် နိုင်ငံတကာအဆင့်မီ တိုးချဲ့လေယာဉ်ကွင်းရှိရာ ပခုက္ကူဒေသနှင့် ကိုးမိုင်ကွာဝေးသည့်အပြင် ကမ္ဘာသိ ရှင်မတောင်သနပ်ခါးထွက်ရာဒေသနှင့်လည်း ခြောက်မိုင်သာကွာဝေးသည်။

ပခန်းကြီးမြို့ဟောင်း ဒေသသည် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်တိုင်အောင် ခံတပ်မြို့အဖြစ်တည်ရှိခဲ့သောကြောင့် ပေ ၂၀ ခန့်မြင့်သော မြို့ရိုးကြီးများ၊ ကျုံးနှင့် ခံတပ်ကြီးများကို ယနေ့တိုင် မြင်တွေ့နိုင်သည့်အပြင် တန်ခိုးကြီး သရက္ခန်ဘုရားလေးဆူကိန်းဝပ်ရာ ဘုရားစေတီများနှင့် မြန်မာနိုင်ငံတွင် သစ်သားဖြင့် ဆောက်လုပ်ထားသည့် အကြီးဆုံးရှေးဟောင်းဘုန်းကြီးကျောင်းများ တည်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ထိုင်းတွင် မြန်မာလုပ်သားများ ဆက်လက်အလုပ်လုပ်ကိုင်နိုင်ရေးနှင့် စနစ်တကျနေရပ်ပြန်ပို့ရေး ဆောင်ရွက်ပေးလျက်ရှိ

**မေး / ရေး-ဇော်သူရ၊ ဓာတ်ပုံ-အေးသန်း**

**လတ်တလောလူမှုကွန်ရက်စာမျက်နှာများတွင် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ အလုပ်မှရပ်ဆိုင်းခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခြင်းခံရသည့် အကြောင်းအရာများ ပျံ့နှံ့လျက်ရှိရာ အဆိုပါကိစ္စနှင့်ပတ်သက်၍ အဖြစ်မှန်သိရှိနိုင်ရေး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦးအား မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းသည်များကို ဖော်ပြလိုက်ရပါသည်။**

**မေး ။ လတ်တလောလူမှုကွန်ရက်စာမျက်နှာတွေမှာ ထိုင်းနိုင်ငံ ရပ်ချပူရီခရိုင် Siam Rachaburi Industry Co., Ltd ဂျယ်လီစက်ရုံသို့ K. Chanroen Inter Co.,Ltd က မြန်မာအလုပ်သမားတွေကို ပြန်လည်ပို့ဆောင်နေတယ်လို့ ကြားသိရပါတယ်။ အဲ့ဒီအပေါ်မှာ ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ ။ ထိုင်းနိုင်ငံ ရပ်ချပူရီခရိုင် Siam Rachaburi Industry Co.,Ltd ဂျယ်လီစက်ရုံကို K. Chanroen Inter Co.,Ltd ကတစ်ဆင့် စေလွှတ်ထားတဲ့ အလုပ်သမား ၁၆၂ ဦးဟာ လစာထုတ်ရာမှာ လစာထုတ်ပြေစာထုတ်ပေးခြင်းမရှိတဲ့အတွက် ညဆိုင်း အလုပ်ဝင်ရောက်ရမယ့် အလုပ်သမားတွေ အလုပ်ဝင်ရောက်ခြင်းမရှိဘဲ ဇူလိုင်လ ၆ ရက်နေ့မှာ လစာပြေစာ ထုတ်ပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။

အလုပ်ရှင်က အဲ့ဒီနေ့မှာပဲ လစာထုတ်ပြေစာကို ထုတ်ပေးခဲ့ပေမယ့် လစာထုတ်ပြေစာပေါ်မှာပါရှိတဲ့ ငွေကြေးဖြတ်တောက်ထားမှုတွေကို အကြောင်းပြုပြီး အလုပ်သမားရပိုင်ခွင့်တွေနဲ့စပ်လျဉ်းတဲ့ အချက် ၁၃ ချက်ကို အလုပ်သမားတွေက တောင်းဆိုခဲ့ကြပါတယ်။

အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး အလုပ်သမားသံအရာရှိရဲ့ ညှိနှိုင်းဆောင်ရွက်ပေးချက်အရ အလုပ်ရှင်က အဲ့ဒီအချက်တွေကို လိုက်လျောခဲ့ပေမယ့် အလုပ်သမားကိုယ်စားလှယ် ရှစ်ဦးကို အလုပ်ဆက်လက်ခန့်ထားလိုခြင်းမရှိတဲ့အပေါ် အလုပ်သမားတွေက ကျေနပ်မှုမရှိကြတာပဲ ဖြစ်ပါတယ်၊ အဲ့ဒီကိစ္စဟာ ဇူလိုင် ၉ ရက်အထိ ပြေလည်မှုမရရှိဘဲ လုပ်ငန်းခွင်ဆန္ဒပြမှုတွေ သုံးရက်ဆက်တိုက်ဖြစ်ပွားပြီး ဖမ်းဆီးထိန်းသိမ်းခံရတော့မယ့် အခြေအနေကို ရောက်ရှိခဲ့ပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံက သက်ဆိုင်ရာဌာနတွေက တာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး မြန်မာအလုပ်သမားသံအရာရှိတွေက ညှိနှိုင်းဖြေရှင်းပေးခဲ့ပါတယ်။ အလုပ်ရှင်က အလုပ်သမားတွေကို လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ဖို့ သို့မဟုတ် နေရပ်ကို ပြန်ဖို့ ကမ်းလှမ်းလာခဲ့ပါတယ်။

ကမ်းလှမ်းချက်အပေါ် အချို့အလုပ်သမားတွေက လုပ်ငန်းခွင်မှာ ဆက်လက်အလုပ်လုပ်ကိုင်လိုပြီး အချို့အလုပ်သမားတွေက နေရပ်ပြန်ဖို့ ဆန္ဒရှိတဲ့အတွက် အများစုဆန္ဒအရ သက်ဆိုင်ရာ အလုပ်ရှင်နဲ့ညှိနှိုင်းပြီး နေရပ်ပြန်လည်ပို့ဆောင်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။

ထိုင်းနိုင်ငံကို သွားရောက်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေအနေနဲ့ အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ် ချုပ်ဆိုစဉ်ကတည်းက လိုက်နာဆောင်ရွက်ရမယ့် အချက်တွေထဲမှာ ဥပဒေနဲ့အညီ အလုပ်ရှင်ကချမှတ်ထားတဲ့ ကုမ္ပဏီဥပဒေ၊ စည်းကမ်းတွေကို လိုက်နာရမယ့်အပြင် ထိုင်းနိုင်ငံရဲ့ဓလေ့ထုံးစံနဲ့ ယဉ်ကျေးမှုတွေကိုပါလိုက်နာရန်ဆိုပြီး ပါရှိပါတယ်။ အလုပ်သမားတစ်ဦးအနေနဲ့ စာချုပ်ချုပ်ဆိုထားတဲ့ ကုမ္ပဏီတစ်ခုတည်းအတွက်သာ အလုပ်လုပ်ကိုင်ဖို့၊ သပိတ်မှောက်ခြင်း၊ ကန့်ကွက်ဆန္ဒပြခြင်းစတဲ့ ဥပဒေနဲ့မညီတဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို မပြုဖို့စတဲ့ အချက်တွေကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အဲ့ဒီသဘောတူညီချက်တွေကို လိုက်နာဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**“ ထိုင်းနိုင်ငံမှာ ရောက်ရှိ အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေကို သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေနဲ့အညီ ခံစားခွင့်တွေကို အပြည့်အဝရရှိစေဖို့အတွက် ကာကွယ်စောင့်ရှောက်ပေးရာမှာ မြန်မာသံအမတ်ကြီးရဲ့ ကြီးကြပ်မှုနဲ့ အလုပ်သမားသံအရာရှိ နှစ်ဦးကို ခန့်ထားဆောင်ရွက်လျက်ရှိပါတယ် ”**

အဲ့ဒီအလုပ်ရုံမှာ မြန်မာအလုပ်သမား ရှစ်ဦးဟာ အဲ့ဒီဖြစ်စဉ်မှာ ပါဝင်ခြင်းမရှိဘဲ ဆက်လက်အလုပ်လုပ်ကိုင်လျက်ရှိပါတယ်။ ဖြစ်စဉ်မှာပါဝင်တဲ့ အလုပ်သမား ၁၅၇ ဦးအနက် ညှိနှိုင်းချက်အရ အလုပ်သမား ၃၈ ဦးက လုပ်ငန်းခွင်မှာ ပြန်လည်ဝင်ရောက်လုပ်ကိုင်လျက်ရှိပါတယ်။ ကျန်အလုပ်သမားတွေဖြစ်တဲ့ ထူးသစ်ဇေကုမ္ပဏီလီမိတက်က ၂၃ ဦး၊ ပြည့်စုံသော စီမံ



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦး

ဆောင်ရွက်မှုကုမ္ပဏီလီမိတက်က ၄၁ ဦး၊ ဇွဲသုခ ကုမ္ပဏီလီမိတက်က ၁၂ ဦးနဲ့ ရွှေရည်ဖြိုးအောင်ကုမ္ပဏီလီမိတက်က နှစ်ဦး စုစုပေါင်း ၇၈ ဦးဟာ မြန်မာအလုပ်သမားသံအရာရှိရဲ့ စီစဉ်ပေးမှုနဲ့ မဲဆောက်မြို့ကို ပြန်လည်ရောက်ရှိလာပါတယ်။

မဲဆောက်မြို့ကို ရောက်ရှိနေတဲ့ မြန်မာအလုပ်သမား ၇၈ ဦးထဲက အချို့အလုပ်သမားတွေ အဲဒီအလုပ်ရုံမှာ ဆက်ပြီး အလုပ်လုပ်ကိုင်ချင်ရင် ထိုင်းအလုပ်ရှင်ကလည်း အဲဒီအလုပ်သမားတွေ လုပ်ငန်းခွင်အတွင်း ပြန်လည်အလုပ်လုပ်ကိုင်နိုင်ဖို့အတွက် ဇူလိုင် ၁၀ ရက် ညနေပိုင်းက မဲဆောက်မြို့မှာ ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ အဲဒီကိစ္စအပေါ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေရှင်းဆောင်ရွက်ပေးနေတဲ့ အခြေအနေတွေကို ရှင်းပြပေးပါ။**

ဖြေ ။ အလုပ်သမားသံအရာရှိနဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်(ထိုင်း) အေဂျင်စီတွေကို အလုပ်ရှင်၊ အလုပ်သမားတွေနဲ့သွားရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံရဲ့ဥပဒေအတိုင်း ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့ပါတယ်။

စေလွှတ်တဲ့ အေဂျင်စီတွေအနေနဲ့ အလုပ်သမားတွေဆီက ဝန်ဆောင်ခ ကျပ်တစ်သိန်း ငါးသောင်းတိတိသာ ကောက်ခံဖို့နဲ့ အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ပါအတိုင်း လုပ်ငန်းခွင်အရောက်စေလွှတ်ဖို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်သမားတွေအနေနဲ့လည်း ဝန်ဆောင်ခ ပိုမိုကောက်ခံခြင်း၊ စာချုပ်ပါလုပ်ငန်းခွင်ကို ရောက်ရှိခြင်းမရှိတဲ့ကိစ္စရပ်တွေကို တိုင်ကြားနိုင်ပါတယ်။ အဲဒီလို တိုင်ကြားချက်တွေ လက်ခံရရှိရာမှာလည်း တိုင်ကြားမှုမှာပါဝင်တဲ့ အချက်အလက်တွေကို မှန်ကန်မှု ရှိ မရှိ စိစစ်ဆောင်ရွက်ပါတယ်။ ဒီလိုစိစစ်ဆောင်ရွက်နေစဉ်ကာလအတွင်းမှာ လိုအပ်ရင် အေဂျင်စီတွေရဲ့ အလုပ်ခေါ်စာ အသစ်တင်ပြလာမှုတွေကို ခေတ္တဆိုင်းငံ့ထားပါတယ်။

ဒါ့အပြင် စိစစ်တိုင်ကြားမှုတွေ မှန်ကန်ရင် သက်ဆိုင်ရာ အေဂျင်စီရဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ကို ယာယီပိတ်သိမ်းခြင်း၊ တရားမဝင်ကောက်ခံထားတဲ့ ငွေကြေးတွေကို ညှိနှိုင်းပြီး အလုပ်သမားတွေထံ ပြန်လည်ပေးအပ်ခဲ့တဲ့အပြင် သက်ဆိုင်ရာ အလုပ်ရှင်နဲ့ ညှိနှိုင်းပြီး နစ်နာမှုတွေကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး ။ အခု အလုပ်သမားတွေကိစ္စနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို သိပါရစေ။**

ဖြေ ။ မဲဆောက်မြို့ကို ရောက်ရှိနေတဲ့ အလုပ်သမား ၇၈ ဦးဟာ သက်ဆိုင်ရာပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီတွေက တာဝန်ရှိသူတွေ၊ ထိုင်းအလုပ်ရှင်ရဲ့ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံပြီး ထိုင်းနိုင်ငံမှာ ဆက်လက် အလုပ်လုပ်ကိုင်လိုတဲ့ အလုပ်သမားတွေ ဆက်လက်အလုပ်လုပ်ကိုင်နိုင်ရေးနဲ့ နေရပ်ကို ပြန်လိုတဲ့ အလုပ်သမားတွေ စနစ်တကျနေရပ်ကို ပြန်လည်ပို့ဆောင်နိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး ။ ထိုင်းနိုင်ငံမှာ ယခုဖြစ်စဉ်ကဲ့သို့ ဖြစ်ပွားနေတဲ့ အခြားဖြစ်စဉ်တွေကိုလည်း သိပါရစေ။**

ဖြေ ။ ထိုင်းနိုင်ငံ Sinburi မြို့ရှိ Lucky Spinning Co.,Ltd ချည်မျှင်လုပ်ငန်းဟာ နိုင်ငံခြားသားပိုင်ဆိုင်တဲ့ စက်ရုံဖြစ်ပြီး ကမ္ဘာ့ဈေးကွက်မှာ ၎င်းတို့ရဲ့ထုတ်ကုန်တွေ ရောင်းအားကျဆင်းလာပြီး ထိုင်းအလုပ်သမားတွေအပါအဝင် မြန်မာအလုပ်သမားတွေရဲ့အင်အားကို လျှော့ချပြီး နေရပ်ကို ပြန်လည်ပို့ဆောင်ခဲ့တဲ့ဖြစ်စဉ်နဲ့ပတ်သက်ပြီး အလုပ်သမားတွေကို အလုပ်ထုတ်တဲ့အတွက် နစ်နာကြေးတစ်လစာပေးအပ်စေတဲ့အပြင် အဲ့ဒီကုမ္ပဏီကိုလည်း Black List စာရင်း ထည့်သွင်းခဲ့ပါတယ်။

အလားတူ ထိုင်းအလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားသားအလုပ်သမားတွေ အလုပ်လုပ်ကိုင်ဖို့အတွက် ခွင့်ပြုထားတဲ့ လုပ်ငန်းအမျိုးအစား ၂၅ မျိုးကလွဲပြီး ကျန်လုပ်ငန်းတွေမှာ ဝင်ရောက်အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေကို အခုလက်ရှိမှာ စစ်ဆေးလျက်ရှိပါတယ်၊ ဒီလိုစစ်ဆေးတဲ့နေရာမှာ အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ပါ လုပ်ငန်းခွင်မဟုတ်တဲ့ လုပ်ငန်းဌာနတွေမှာ အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေ၊ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (TR-38) ခေါ် ဘတ်ကတ်ခေါ် ပန်းရောင်ကတ်ပါ အလုပ်ရှင်အမည်မဟုတ်တဲ့ အလုပ်နေရာတွေမှာ အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေ၊ အထောက်အထားမပြည့်စုံတဲ့ အလုပ်သမားတွေကို ထိုင်းအစိုးရက စက်ရုံ၊ အလုပ်ရုံတွေကို ဝင်ရောက်စစ်ဆေးပြီး ဖမ်းဆီးပို့ဆောင်မှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။

**မေး ။ မြန်မာအလုပ်သမားသံအရာရှိတွေရဲ့ ထိုင်းနိုင်ငံရောက်အလုပ်သမားတွေအပေါ်မှာ ဖြေရှင်းဆောင်ရွက်ပေးနေတဲ့အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**



မြန်မာရွှေ့ပြောင်းလုပ်သားများအရေးနှင့်ပတ်သက်ပြီး မြန်မာ-ထိုင်း နှစ်ဖက်တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးစဉ်

ထိုင်းနိုင်ငံမှာ ရောက်ရှိအလုပ်လုပ်ကိုင်နေတဲ့ အထောက်အထားမဲ့ မြန်မာအလုပ်သမားတွေကို ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ၁၆၈၀၅၅၆ ဦးကို အထောက်အထားများ ထုတ်ပေးနိုင်ခဲ့ပါတယ်၊ ၂၀၁၀ ပြည့်နှစ် ဇွန်လမှစ၍ ၂၀၁၆ ခုနှစ် ဇွန်လအထိ ၂၁၄၁၂၂ ဦးကို နားလည်မှုစာချွန်လွှာစနစ်နဲ့ ထိုင်းနိုင်ငံကို တရားဝင်စေလွှတ်နိုင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ ရောက်ရှိ အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေကို သက်ဆိုင်ရာနိုင်ငံရဲ့ဥပဒေနဲ့အညီ ခံစားခွင့်တွေကို အပြည့်အဝရရှိစေဖို့အတွက် ကာကွယ်စောင့်ရှောက်ပေးရာမှာ မြန်မာသံအမတ်ကြီးရဲ့ ကြီးကြပ်မှုနဲ့ အလုပ်သမားသံအရာရှိ နှစ်ဦးကို ခန့်ထားဆောင်ရွက်လျက်ရှိပါတယ်။

ထိုင်းနိုင်ငံမှာ အလုပ်သမားတွေ အများအပြားရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိတာကြောင့် အလုပ်သမားသံအရာရှိတွေအနေနဲ့ မြန်မာသံရုံး၊ ထိုင်းနိုင်ငံမှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး အလုပ်သမားရေးရာကိစ္စတွေကို အချိန်နဲ့တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ဖြေရှင်းပေးလျက်ရှိပါတယ်။

**မေး ။ ထိုင်းနိုင်ငံအတွင်းရောက်ရှိ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားတွေကို CI ထုတ်ပေးနေတဲ့ အခြေအနေနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ထိုင်းနိုင်ငံမှာ ရောက်ရှိအလုပ်လုပ်ကိုင်နေပြီး ထိုင်းနိုင်ငံက ထုတ်ပေးထားတဲ့ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (TR–38)၊ ဘတ်ကတ်ခေါ် ပန်းရောင်ကတ်ကိုင်ဆောင်ထားတဲ့ မြန်မာအလုပ်သမားတွေအနေနဲ့ နိုင်ငံသားအထောက်အထားတင်ပြနိုင်တဲ့ မြန်မာအလုပ်သမားတွေကို နိုင်ငံသားစိစစ်ပြီး သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးမှာဖြစ်ပြီး နိုင်ငံသားအထောက်အထား မတင်ပြနိုင်တဲ့ မြန်မာအလုပ်သမားတွေကိုတော့ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ကို ထိုင်းနိုင်ငံအတွင်းက နယ်မြေ ခြောက်ခုမှာ စခန်းတွေ ဖွင့်လှစ်ပြီး ထုတ်ပေးသွားဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ပေးသွားမယ့် ရေရှည်အစီအမံတွေနဲ့ပတ်သက်လို့ သိရှိလိုပါတယ်။**

ဖြေ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ပြည်ပနိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်တဲ့ လုပ်ငန်းစဉ်တွေမှာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူခြင်း၊ သုတေသနနဲ့ လေ့လာရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပအလုပ်သမား ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေရန် တရားဝင်လမ်းကြောင်းများခွင့်ပြုပေးပြီး သွားလာမှုလွယ်ကူစေခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနဲ့ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ် လျှော့ချခြင်း၊ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခြေခံအခွင့်အရေးများ ရရှိစေခြင်း၊ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ၎င်းတို့ရဲ့မိသားစုတွေအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းမှ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် အသိပညာများ ရရှိစေခြင်းနဲ့ ပြန်လည်မျှဝေပေးနိုင်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများအရေးကိစ္စတွင် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်း ပြည်ပရှိ လူမှုအခြေပြုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသဖြစ်စေခြင်း စတဲ့ မူဝါဒတွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါမူဝါဒတွေနဲ့အညီ ပြည်ပကို သွားရောက်အလုပ်လုပ်ကိုင်လိုတဲ့ အလုပ်သမားတွေအနေနဲ့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်နိုင်စေရေး၊ ကုန်ကျစရိတ်သက်သာစေရေး၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရမှုမှ လျော့နည်းပပျောက်စေရေးတို့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (Migrant Workers Resource Center-MRC)များ၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Offices)တွေ၊ Complaints Mechanism တွေနဲ့ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲတွေမှာ အလုပ်သမားတွေအတွက် ရွှေ့ပြောင်းအလုပ်အကိုင်နဲ့ စပ်လျဉ်းပြီး သတင်းအချက်အလက်တွေကို ဖြန့်ဝေပေးခြင်း၊ တိုင်ကြားမှုတွေကို လက်ခံဖြေရှင်းပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်ပမှာ အလုပ်လုပ်ကိုင်လျက်ရှိတဲ့ အထောက်အထားမဲ့ အလုပ်သမားတွေကို တရားဝင်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အထောက်အထားများ ထုတ်ပေးခြင်းကိုလည်း သက်ဆိုင်ရာနိုင်ငံနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

အလုပ်အကိုင်အခွင့်အရေးတွေ ပိုမိုရရှိနိုင်ဖို့အတွက် ကျွမ်းကျင်အလုပ်သမားများ စေလွှတ်နိုင်ရေး၊ ပြည်ပမှာ ရောက်ရှိအလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေ အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ ပိုမိုရရှိနိုင်ရေး၊ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာမှုပုံစံဖြစ်စေဖို့ အစိုးရဝန်ထမ်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ အေဂျင်စီတွေ စတဲ့ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသူတွေကို စွမ်းဆောင်မှုမြှင့်တင်တဲ့သင်တန်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေပြုလုပ်ပေးရေး၊ တည်ဆဲဥပဒေ စည်းမျဉ်း၊ စည်းကမ်းတွေကို မလိုက်နာတဲ့ အေဂျင်စီတွေနဲ့ လူပုဂ္ဂိုလ်တွေကို ထိရောက်စွာ အရေးယူနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ထိုင်းနိုင်ငံကို မြန်မာအလုပ်သမားအများအပြား ဘာကြောင့် သွားရောက်အလုပ်လုပ်ကိုင်ရတယ်ဆိုတာကို သိချင်ပါတယ်။**

ဖြေ ။ လက်ရှိအချိန်မှာ Globalization ဖြစ်စဉ်နဲ့အညီ ကမ္ဘာ့နိုင်ငံတွေရဲ့စီးပွားရေးအခြေအနေ ပြောင်းလဲလာ

*စာမျက်နှာ ၉ သို့*

# ဆယ်ကျော်သက်မိန်းကလေးများ ဘဝမြှင့်တင်ရေး ရင်းနှီးမြှုပ်နှံပံ့ပိုးပေး

**မယု(စက်မှု)**

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (SDGs) ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးအတွက် ဦးတည်ကြိုးပမ်းပုံဖော်လျက်ရှိပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း၏ အတားအဆီးအဟန့်အတားတစ်ခုအဖြစ် ယနေ့ကမ္ဘာတွင် စိန်ခေါ်မှုမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ဆယ်ကျော်သက်မိန်းကလေးများ၏ဘဝကို နည်းလမ်းမျိုးစုံဖြင့် ပိုမို၍မြှင့်တင်ဆောင်ရွက်ပေးရန် အရေးတကြီးလိုအပ်လာပါသည်။ သို့ဖြစ်၍ ဆယ်ကျော်သက် မိန်းကလေးများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုနှစ်ကမ္ဘာ့လူဦးရေနေ့ကိုဂုဏ်ပြုကာ အမျိုးသားအမြင်တစ်ရပ်ဖြင့် ပုံဖော်ပေးသွားကြရန် စာရေးသူအနေဖြင့် တိုက်တွန်းအပ်ပါသည်။

ကမ္ဘာ့လူဦးရေနေ့ ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ တင်ပြရလျှင် ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ၁၉၈၉ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်၏ အုပ်ချုပ်ရေးကောင်စီ အကြံပြုချက်နှင့်အတူ နှစ်စဉ် ဇူလိုင်လ ၁၁ ရက်နေ့ကို လူဦးရေဆိုင်ရာကိစ္စရပ်များ၏ အရေးကြီးမှုနှင့် အရေးပါမှုတို့အပေါ် ကမ္ဘာသူ၊ ကမ္ဘာသားများမှ ပိုမိုအာရုံစူးစိုက်လာစေရန် နှစ်စဉ်ဆောင်ပုဒ်များ ချမှတ်ကာ ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ယခုနှစ် ၂၀၁၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်အဖြစ် **"Investing in teenage girls" "ဆယ်ကျော်သက်မိန်းကလေးများ ဘဝမြှင့်တင်ရေးရင်းနှီးမြှုပ်နှံပံ့ပိုးပေး"** ဟူ၍ ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ သတ်မှတ်ပေးခဲ့ပါသည်။ ဆိုလိုသည်မှာ ကမ္ဘာတစ်ဝန်းတွင် ဆယ်ကျော်သက်အမျိုးသမီးငယ်များသည် စိန်ခေါ်မှုမျိုးစုံဖြစ်သည့် အရွယ်မတိုင်မီ လက်ထပ်ထိမ်းမြားခြင်း၊ အရွယ်မတိုင်မီ ကလေးမွေးဖွားခြင်း၊ အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများနှင့် ရင်ဆိုင်နေရပါသည်။ သို့ဖြစ်၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍတို့တွင် မိမိနှင့်ရွယ်တူ အမျိုးသားများထက် များစွာနိမ့်ပါးနေသေးသည့် အမျိုးသမီးငယ်များ၏ ဘဝကိုမြှင့်တင်နိုင်ရန် လိုအပ်လာပါသည်။ အထူးသဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင်အသက်ဝင်ခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်တစ်ခုဖြစ်သည့် **ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏စွမ်းပကားမြှင့်တင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဟူသည့် ရည်မှန်းချက်ပန်းတိုင်ကို ပြည့်မီစေရန်** အမျိုးသမီးငယ်များ၏ ပညာရေး၊ ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေး၊ လူ့အခွင့်အရေး၊ သတင်းအချက်အလက်နှင့် နည်းပညာရပ်ဝန်းကဏ္ဍတို့တွင် အလေးထားမြှင့်တင်ဆောင်ရွက်ပေးသွားကြရန် ယခုနှစ်ဆောင်ပုဒ်မှ မီးမောင်းထိုးပြထားခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံ၏ ၂၀၁၄ ခုနှစ် အိမ်အကြောင်းအရာနှင့် လူဦးရေသန်းခေါင်စာရင်းအရ အသက် ၁၅-၁၉ နှစ် အုပ်စုတွင် အမျိုးသမီး ၂ ဒသမ ၂ သန်းရှိပြီး ၁၃ ဒသမ ၂ ရာခိုင်နှုန်းသည် အရွယ်မတိုင်မီ မိခင်ဘဝရောက်ရှိခြင်းနှင့်အတူ အနာဂတ်မျှော်လင့်ချက်များဆုံးရှုံးပြီး ပညာရေးခရီးလမ်းကို ကျောခိုင်းခဲ့ရပါသည်။ ကျောင်းထွက်စောမှု၏အကျိုးဆက်ကြောင့် ပညာရေးနိမ့်ကျမှုနှင့်အတူ ကျန်းမာရေး၊ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များရရှိမှု အားနည်းခြင်းတို့ကို ကျေးလက်နေအမျိုးသမီးငယ်များတွင် ပိုမို၍ ကြုံတွေ့နေရပါသည်။ သို့ဖြစ်၍ ပညာရေးကဏ္ဍအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်(၄) ဖြစ်သည့် **လူသားအားလုံး အကျုံးဝင်စေပြီး ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင်ယူ နိုင်သော အခွင့်အလမ်းရရှိရေးအတွက်** ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ပိုမို၍ ဦးတည်ကြိုးပမ်းပုံဖော်သွားရမည် ဖြစ်သည်။

ဆင်းရဲနွမ်းပါးမှုသည် တိုးတက်လာသည့် နိုင်ငံ့လူဦးရေအပေါ်တွင် များစွာမူတည်နေပေသည်။ ကမ္ဘာ့လူဦးရေသည် ၁၉၀၀ ပြည့်နှစ်တွင် သန်း ၁၅၀၀ ခန့်မှ ၂၀၀၀ ပြည့်နှစ်တွင် သန်း ၃၀၀၀ သို့လည်းကောင်း၊ လက်ရှိအခြေအနေတွင် သန်း ၇၀၀၀ မှ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၈၀၀၀ ကျော်အထိတိုးလာမည်ဟု ခန့်မှန်းထားပါသည်။ လက်ရှိလူဦးရေတိုးနှုန်းအနေဖြင့် နေ့စဉ် ၂ ဒသမ ၄ သိန်းနှုန်း တိုးတက်လျက်ရှိကြောင်း သိရပါသည်။ လူဦးရေ အဆမတန် တိုးပွားလာမှုသည် လူသားများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးအခက်အခဲများ၊ စိုက်ပျိုးမြေအခက်အခဲများ၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ယိုယွင်းမှုများကို ရင်ဆိုင်ရမည်ဖြစ်ပေသည်။ တစ်ဖက်တွင်လူဦးရေတိုးပွားမှုမှုတစ်ဆင့် လုပ်သားအင်အား ကြီးထွားမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။ ဥပမာအနေဖြင့် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကမ္ဘာ့ထိပ်တန်း နိုင်ငံများအဖြစ် ရပ်တည်နေသည်ကို အထင်အရှားတွေ့မြင်နိုင်ပေသည်။ ဤသည်မှာ လူဦးရေတိုးနှုန်းနှင့်အတူ ကောင်းကျိုးဆိုးကျိုးတို့၏ ဝိရောဓိများပင် ဖြစ်သည်။ အဆိုပါအချက်ကို အခြေခံ၍ လူဦးရေတိုးပွားနှုန်းကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် လွန်စွာအရေးကြီးလှပေသည်။

သို့ဖြစ်၍ လူဦးရေတိုးတက်နှုန်းမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုသံသရာမှ လွတ်ကင်းရန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၁)၏ **၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ နေရာဒေသအားလုံး၌ ဆင်းရဲနွမ်းပါးမှု အဆုံးသတ်စေရေး**ဟူသည့် ပန်းတိုင်သို့ ရောက်ရှိရန် ခရီးနှင်ချီတက်သွားရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်ပေါင်းကိုးသိန်းကျော်တွင် မွေးဖွားမှုပြဿနာကြောင့် သေဆုံးခဲ့ရသည့် မိခင် ၂၀၀၀ ကျော်ခန့်တွင် ဆယ်ကျော်သက်မိန်းကလေးများ အများအပြားပါဝင်နေသည်ကို သိရှိရပါသည်။ အထူးသဖြင့် အဆိုပါအမျိုးသမီးငယ်များအတွက် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတ၊ အလေ့အထများနှင့် သတင်းအချက်အလက် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံပေးရန် လိုအပ်ပါသည်။ သို့မှသာ ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်(၂) ဖြစ်သည့် **လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေးဟူသည့်** ပန်းတိုင်ကို ကျန်းမာရေး ဝန်ကြီးဌာန၏ **လူတိုင်းလက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှုရရှိရေး(Universal Health Coverage)** ဟူသည့် ပန်းတိုင်နှင့်အပြိုင် မျှော်မှန်းနိုင်မည် ဖြစ်သည်။

ကမ္ဘာအနှံ့အပြားတွင် ကြုံတွေ့နေရသည့် နိုင်ငံရေးပဋိပက္ခများ၊ အငြင်းပွားမှုများ၊ စစ်ဘေး၊ သဘာဝဘေးများနှင့်အတူ လူဦးရေသန်း ၆၀ ခန့်သည် မိမိတို့၏ အိုးအိမ်များကို စွန့်ခွာခဲ့ရပြီး အဆိုပါလူဦးရေများအနက် ဆယ်ကျော်သက် အမျိုးသမီးငယ်များ အများအပြားပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် အမျိုးသမီးငယ်များသည် နှိပ်စက်ခံရခြင်း၊ လူကုန်ကူးခြင်း၊ အကြမ်းဖက်ခံရခြင်းဒဏ်များကို ယနေ့မျက်မှောက်ခေတ်တွင် ပိုမိုရင်ဆိုင်ကြုံတွေ့လာရပါသည်။ သို့ဖြစ်၍ အမျိုးသမီးငယ်များ၏ လူ့အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ သတင်းအချက်အလက်နည်းပညာအပိုင်းကို ပိုမိုရင်းနှီးပံ့ပိုးပေးရန်သည်လည်း အရေးကြီးလှပါသည်။

> **မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်ပေါင်း ကိုးသိန်းကျော်တွင် မွေးဖွားမှုပြဿနာကြောင့် သေဆုံးခဲ့ရသည့် မိခင် ၂၀၀၀ ကျော်ခန့်တွင် ဆယ်ကျော်သက်မိန်းကလေးများ အများအပြားပါဝင်နေသည်ကို သိရှိရပါသည်။ အထူးသဖြင့် အဆိုပါအမျိုးသမီးငယ်များအတွက် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတ၊ အလေ့အထများနှင့် သတင်းအချက်အလက် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံပေးရန် လိုအပ်ပါသည်**

သို့ဖြစ်၍ အနာဂတ် အမျိုးသမီးငယ်များ၏ဘဝ ရေရှည်တည်တံ့နိုင်စေရန်နှင့် ပျော်ရွှင်ဖွယ်ကောင်းမွန်သည့် လူ့ဘောင်အဖွဲ့အစည်းများ စဉ်ဆက်မပြတ် ရှင်သန်အားကောင်းလာစေရန် ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ယှဉ်တွဲကာ ဆယ်ကျော်သက်မိန်းကလေးများ၏ ဘဝကို မြှင့်တင်ရေးအတွက် ပိုမို၍ရင်းနှီးမြှုပ်နှံပံ့ပိုးသွားရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

*စာမျက်နှာ ၈ မှ*

မှုတွေနဲ့အတူ နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ လူနေမှုအဆင့်အတန်းကွာဟမှုစတဲ့ အမျိုးမျိုးသော အခြေအနေတွေကြောင့် နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံကို အလုပ်အကိုင်ရှာဖွေဖို့ သွားရောက်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့အရေအတွက်ဟာ တစ်နေ့တခြား တိုးတက်များပြားလာပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ အလုပ်သမားရှားပါးမှုပြဿနာ ကြုံတွေ့နေရတဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေက လိုအပ်လျက်ရှိတဲ့ အလုပ်သမားတွေကို ခေါ်ယူလျက်ရှိပါတယ်။

မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုဟာ သတင်းအချက်အလက် မှန်ကန်စွာရရှိမှု အားနည်းခြင်း၊ အသိပညာ ဗဟုသုတနည်းပါးခြင်း စတာတွေကြောင့် ပွဲစားတွေရဲ့ လိမ်ညာ လှည့်စားမှုခံရပြီး အိမ်နီးချင်းနိုင်ငံတွေကို တရားမဝင်သွားရောက်လုပ်ကိုင်ဖို့ ပိုမိုအားထုတ်နေကြတာကို တွေ့ရပါတယ်၊ တရားမဝင်သွားရောက်လုပ်ကိုင်ခြင်းကြောင့် အလုပ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးနဲ့ အကာအကွယ်တွေ ရရှိခံစားရမှုမရှိဘဲ လူ့အခွင့်အရေး ဆုံးရှုံးနစ်နာမှုတွေရှိတာကြောင့် နိုင်ငံတော်အနေနဲ့ ပြည်ပရောက်အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားတွေကို အထောက်အထားထုတ်ပေးရေးနဲ့ ပြည်ပနိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်လိုတဲ့ မြန်မာအလုပ်သမားတွေကို တရားဝင်လမ်းကြောင်းနဲ့ စေလွှတ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ၂၀၀၃ ခုနှစ်၊ ထိုင်းနိုင်ငံနှင့် အလုပ်သမားများ အလုပ်ခန့်ထားခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၀ ခုနှစ် ဇွန်လမှ စတင်ပြီး တရားဝင်စေလွှတ်ရေးလုပ်ငန်းစဉ်ကို စတင်ခဲ့ရာ ၂၀၁၆ ခုနှစ် ဇွန်လအထိ ၂၁၄၁၂၂ ဦး စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။

## ထိုင်းနိုင်ငံ အလုပ်အကိုင်ရှာဖွေရေးဌာနမှ ၂၀၁၆ ခုနှစ် မေလ ၂၃ ရက်က ထုတ်ပြန်သော နိုင်ငံခြားသား အလုပ်သမားများ လုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းအမျိုးအစားများ

၁ ။ ရေလုပ်သားလုပ်ငန်း
၂ ။ ရေထွက်ပစ္စည်းနှင့် ပတ်သက်သည့်လုပ်ငန်း
၃ ။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း
၄ ။ ဆောက်လုပ်ရေးလုပ်ငန်း
၅ ။ စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်သောလုပ်ငန်း
၆ ။ သားသတ်လုပ်ငန်း
၇ ။ Recycle လုပ်ငန်း
၈ ။ ကျောက်ထုတ်လုပ်သော လုပ်ငန်း
၉ ။ သတ္တုထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၁၀ ။ စားသောက်ဆိုင်လုပ်ငန်း
၁၁ ။ ကျောက်နှင့်ပတ်သက်သည့် ပစ္စည်းထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၁၂ ။ ဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၁၃ ။ ကျောက်ဆစ်လုပ်ငန်း
၁၄ ။ အဝတ်အစား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၁၅ ။ ပလတ်စတစ် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၁၆ ။ စက္ကူထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း
၁၇ ။ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း
၁၈ ။ ရေကြောင်းကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်း
၁၉ ။ လက်လီ၊ လက်ကားဈေးရောင်းဝယ်ခြင်း လုပ်ငန်း
၂၀ ။ ကားရေဆေးနှင့် ပြုပြင်ရေးလုပ်ငန်း
၂၁ ။ ဆီဆိုင်နှင့် ဓာတ်ငွေ့ဆိုင်လုပ်ငန်း
၂၂ ။ ပညာရေး၊ လူမှုရေး၊ ဆေးရုံဆေးပေးခန်းဌာနလုပ်ငန်း
၂၃ ။ အခြားအထွေထွေဝန်ဆောင်မှုလုပ်ငန်းများ (အလုပ်သမားပုတ်ပြတ်လုပ်ငန်းများမပါ)
၂၄ ။ ငါးနှင့်ရေထွက်ပစ္စည်းလုပ်ငန်း
၂၅ ။ အိမ်အကူလုပ်ငန်း

## ကမ်းပြိုမှုကာကွယ်ရန် သံဆန်ခါကာ ကျောက်စီကမ်းထိန်းတမံတည်ဆောက်ထား

**ကသာ ဇူလိုင် ၁၀**

ခရီးသွားလုပ်ငန်းအသုံးပြုနေရသော လမ်းတံတားနှင့် စိုက်ပျိုးမြေကမ်းပြိုကာကွယ်ရေး သံဆန်ခါကာ၊ ကျောက်စီကမ်းထိန်းတမံတည်ဆောက်ရေးလုပ်ငန်းကို ကသာမြို့နယ် ခရိုင်ချင်းဆက်လမ်းရှိ လမ်းခွကျေးရွာအနီးတွင် တည်ဆောက်ထားရှိကြောင်းသိရသည်။

ထိုပြင်စတီးလ်သံခြင်းကမ်းထိန်းနံရံ အလျား ပေ ၄၃၀ ကျောက်ဖြည့် သံဆန်ခါကာခြင်း၊ ရေလွှဲရေကာ နှစ်ခု ၁၆၅ ပေ၊ တံတားအောက်ခြေကမ်းကပ်ခုံအောက်ခြေရေတိုက်စားမှုကာကွယ်ရေးအတွက် ကျောက်စီသံဆန်ခါကာလုပ်ငန်း ပေ ၇၀ နှင့် တံတားအဝင်ရေလမ်းကြောင်းကောင်းမွန်ရေး ရေလွှဲမြောင်းတူးဖော်ခြင်း ပေ ၅၀၀ ကျော်ခန့် တူးဖော်ဆောင်ရွက်ထားရှိပြီး ချောင်းရေနှစ်ကြိမ်တိုင် ကျဆင်းခဲ့သော်လည်း ရေတိုက်စားကမ်းပြိုမှု မရှိသေးကြောင်း သိရသည်။

အဆိုပါရေထိန်းတမံ သံဆန်ခါကာခြင်း မြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းကို ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီ ဦးကျော်ကျော်အုန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဦးဝင်းအောင်၊ မြို့နယ်လမ်းဦးစီးဌာန ဦးသူရစိုးနှင့် ခရိုင်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်တို့က မေ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဇူလိုင်လပထမပတ်က ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**



# လူမည်းနှစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုကို ဆန္ဒပြဆန့်ကျင်သူများ အမေရိကန်မြို့ကြီးများရှိလမ်းများကိုပိတ်ဆို့




**ဘာတွန်ရောက် ဇူလိုင် ၁၀**
ရဲတပ်ဖွဲ့ဝင်နှစ်ဦးက လူမည်းအမျိုးသားနှစ်ဦးကို သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် စနေနေ့က ဆန္ဒထုတ်ဖော်သူများနှင့် ရဲများအကြားဖမ်းဆီးမှု၊ လုံးထွေးသတ်ပုတ်မှု၊ ရန်လိုတိုက်ခိုက်မှုတို့ကြောင့် ထိခိုက်အနာတရဖြစ်စေခဲ့ပြီး အမေရိကန်မြို့ကြီးများရှိ အဓိကလမ်းများကို ပိတ်ဆို့စေခဲ့သည်။

ကြာသပတေးနေ့ ညပိုင်းက ဒါးလက်စ်တွင် ရဲငါးဦးကို သေနတ်သမားတစ်ဦး ပစ်သတ်ခဲ့ပြီးနောက် ပဋိပက္ခအတွင်း လုံခြုံရေးအတွက် အထူးစိုးရိမ်ပူပန်နေရချိန်တွင် ဆန္ဒပြစုဝေးသူများသည် နယူးယောက်၊ အမေရိကန်၏မြို့တော် ဝါရှင်တန်ဒီစီနှင့် အခြားသော အချက်အချာမြို့ကြီးများဆီသို့ ဆက်လက်ချီတက်ခဲ့ကြသည်။

ယခုတစ်ဖန် ဆက်လက်ချီတက်ဆန္ဒပြမှုသည် အင်္ဂါနေ့က ဘာတွန်ရောက်၌ ရဲများ၏ သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် အော်တွန်စတာလင် (၃၇ နှစ်)နှင့် ဗုဒ္ဓဟူးနေ့ညက မင်နီဆိုးတားပြည်နယ်၌ သေနတ်ပစ်ခတ်ခံရပြီး သေဆုံးခဲ့သည့် ဖီလန်ဒိုကက်စတိုင်း(၃၂ နှစ်)တို့ နှစ်ဦး၏ သေဆုံးမှုအတွက် တရားမျှတစွာ ဖြေရှင်းပေးရန် ဆန္ဒပြချီတက်မှု၏ သုံးရက်မြောက်နေ့ဖြစ်သည်။
**(ရိုက်တာ)**

# ဥရောပ၏ လုံခြုံရေး အမေရိကန် ရေရှည်ပါဝင်မည်ဟု အိုဘားမားကတိပြု

**ဝါဆော ဇူလိုင် ၁၀**
အမေရိကန်သမ္မတအိုဘားမားသည် ၎င်း၏ သမ္မတသက်တမ်းမကုန်ဆုံးမီ နောက်ဆုံးတက်ရောက်သည့် နေတိုးထိပ်သီးအစည်းအဝေးတွင် ဥရောပ၏လုံခြုံရေးအတွက် အမေရိကန်၏ စစ်ရေးအရ ရေရှည်ပါဝင်ပတ်သက်မှုများနှင့် အမေရိကန်၏ မဟာမိတ်များကို ကာကွယ်သွားမည်ဟု ကတိပြုခဲ့သည်။

စစ်အေးကာလကစပြီး ကာကွယ်ရေးအတွက် တပ်ကူများထားရှိရန် အနောက်ကာကွယ်ရေးမဟာမိတ်များက သဘောတူခဲ့သည်ဟု ပြောသည်။ ယူကရိန်းထံမှ ခရိုင်းမီးယားကို သိမ်းယူရန် ကြိုးပမ်းသည့် ရုရှားကိုတုံ့ပြန်သည့်အနေဖြင့် ပိုလန်နှင့် ဘော်လ်တစ်ဒေသတို့တွင် တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားရန် သဘောတူခဲ့ကြသည်ဟုလည်း ပြောသည်။

"ဘယ်တော့မှ မပြောင်းလဲတဲ့အချက်ကတော့ ဥရောပ၏ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အမေရိကန်ပြည်ထောင်စုရဲ့ ပါဝင်ပတ်သက်မှုဟာ ဝေဝါးသွားမှာမဟုတ်ပါဘူး" ဟု အိုဘားမားကပြောသည်။

သမ္မတအိုဘားမား ယခုကဲ့သို့ ပြောကြားရခြင်းမှာ အမေရိကန်သမ္မတ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုတစ်ခုအတွင်း ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့်က နေတိုးအဖွဲ့ကို ခေတ်ကုန်သွားပြီဟု လည်းကောင်း၊ ဥရောပသည် ၎င်းတို့၏ ကာကွယ်ရေးအတွက် ကိုယ်တိုင်အားထုတ်သင့်သည်ဟု ပြောခဲ့ခြင်းကြောင့် ဖြစ်သည်။

အိုဘားမားသည် ၎င်း၏ သမ္မတသက်တမ်းအတွင်း အာရှဒေသ၌ အမေရိကန်၏ မဟာဗျူဟာကို ချဲ့ထွင်ခဲ့ပြီး တပ်ဖွဲ့ဝင် ၆၀၀၀၀ ကို ဥရောပနိုင်ငံများတွင် တပ်ဖြန့်ချထားဆဲဖြစ်သည်။
**(ရိုက်တာ)**



# ကမ္ဘောဒီးယား၌ အစိုးရကိုဆန့်ကျင်ဝေဖန်သူတစ်ဦး သေနတ်ဖြင့်ပစ်သတ်ခံရ

**ဖနောင်ပင် ဇူလိုင် ၁၀**
လာမည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ၎င်း၏အာဏာစွဲကိုင်ထားလိုမှုအပေါ် စိန်ခေါ်လိုသောဆန့်ကျင်ကန့်ကွက်မှုနှင့်အတူ နိုင်ငံရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် အစိုးရ ဆန့်ကျင်သူတစ်ဦး စနေနေ့က ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်၌ သေနတ်ဖြင့်ပစ်သတ်ခံရမှုဖြစ်ပွားခဲ့သည်။



သေနတ်ဖြင့်ပစ်သတ်ခံရသူ ကင်မ်လေ၏ ဇနီးနှင့် ဆွေမျိုးသားချင်းများကို တွေ့ရစဉ်။

Khmer for Khmer လူထုထောက်ခံမှုအဖွဲ့၏ ခေါင်းဆောင်ကင်မ်လေသည် ဖနောင်ပင်၏ ခတ်တွေ့ သိုလှောင်ရုံအပြင်ဘက်တွင် သေနတ်ဖြင့်သုံးချက်အပစ်ခံခဲ့ရကြောင်း ရဲများကပြောသည်။ "ကင်မ်လေဟာ အသေပစ်သတ်ခံလိုက်ရတာပါ" ဟု အမျိုးသားကြည်းတပ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ သို့သော် အသေးစိတ်အချက်အလက်များဖြေကြားရန် ၎င်းကငြင်းဆန်ခဲ့သည်။

ကင်မ်လေ၏ အလောင်းသည် စတိုးဆိုင်အပြင်ဘက် ကြမ်းခင်းပေါ်တွင် သွေးသံရဲရဲဖြင့် လဲကျနေခဲ့ပြီး ၎င်း၏ ကိုယ်ဝန်ဆောင်ဇနီးသည်ပိုးရာချာ မှာ ငိုကြွေးနေခဲ့သည်။ ၂၀၁၈ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ရွေးကောက်ပွဲတို့တွင် ဝန်ကြီးချုပ်နေရာရယူလိုသော ကမ္ဘောဒီးယားအမျိုးသားကယ်ဆယ်ရေးပါတီ (CNRP) နှင့် ဟွန်ဆန်တို့အကြား နိုင်ငံရေးတင်းမာမှုများ မြင့်တက်နေစဉ် ထိုသို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။
**(ရိုက်တာ)**

# မလေးရှားနိုင်ငံ ဆာဘားပြည်နယ်၌ အင်ဒိုနီးရှားနိုင်ငံသားသုံးဦးကို သေနတ်သမားများပြန်ပေးဆွဲ

**ဆာဘား ဇူလိုင် ၁၀**
မလေးရှားနိုင်ငံအရှေ့ပိုင်း ဆာဘားပြည်နယ်တွင် အင်ဒိုနီးရှားနိုင်ငံသား လှေသမားသုံးဦးကို သေနတ်သမား များက ပြန်ပေးဆွဲသွားခဲ့ကြောင်း ရဲများကပြောကြားခဲ့သည်။

အဆိုပါ ပြန်ပေးဆွဲမှုသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ လုပ်ဆောင်မှုဟု ယူဆရသော အဆိုပါဒေသအတွင်း ဖြစ်ပွားခဲ့သည့် ပြန်ပေးဆွဲမှုများ၏ နောက်ဆက်တွဲဖြစ်ရပ်ဖြစ်သည်။ ပြန်ပေးဆွဲမှုသည် မကြာသေးမီက ဓားစာခံများကို ခေါင်းဖြတ်ခဲ့ပြီး ဖမ်းဆီးထားသူများကို ပြန်ရွေးယူရန် ဒေါ်လာသန်းချီတောင်းခံခဲ့မှုဖြင့် ကျော်ကြားလျက်ရှိသည့် အိုင်အက်စ်အဖွဲ့နှင့်ပတ်သက်ဆက်နွှယ်နေသော အဘူဆေယက်အဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ယူဆရသော်လည်း အတိအကျပြောဆို နိုင်ခြင်းမရှိသေးပေ။

ပြန်ပေးဆွဲသည့် လက်နက်ကိုင် ငါးဦးသည် မလေးဘာသာစကားနှင့် ဒေသသုံးဘာသာစကားကို ပြောဆိုခဲ့ကြောင်း ရဲများက ပြောသည်။ ပြန်ပေးဆွဲမှုအပေါ် သတင်းစာရှင်းလင်းပွဲပြုလုပ်သွားဖွယ်ရှိကြောင်း သိရသည်။
**(ရိုက်တာ)**

# ကာ့ဒ်အလုပ်သမားပါတီမှ ထိပ်တန်းခေါင်းဆောင်တစ်ဦး အသတ်ခံရ

**အန်ကာရာ ဇူလိုင် ၁၀**
ကာ့ဒ်အလုပ်သမားပါတီထိပ်တန်းတပ်မှူး ဖာမန်ဟူဆေယင်သည် ဆီးရီးယားနိုင်ငံမြောက်ပိုင်း တိုက်ပွဲအတွင်းသေဆုံးခဲ့သည်ဟု တူရကီနိုင်ငံပိုင်သတင်းဌာန အန်နာဒိုလူက ယမန်နေ့က ဖော်ပြခဲ့သည်။

ဖာမန်ဟူဆေယင်သည် သောကြာနေ့ညက မော်တော်ကားအတွင်းရှိနေစဉ် ဗုံးခွဲတိုက်ခိုက်ခံရခြင်းဖြစ်ပြီး ၎င်းအပါအဝင် ကားအတွင်းလူရှစ်ဦးလည်းသေဆုံးခဲ့သည်ဟု စစ်ဘက်သတင်းအရင်းအမြစ်တစ်ခုမှ အန်နာဒိုလူသို့ ပြောသည်။

ဖာမန်ဟူဆေယင်ကို ၁၉၆၉ ခုနှစ်က မွေးဖွားခဲ့ပြီး ကာ့ဒ်အလုပ်သမားပါတီ၏ ထိပ်တန်းတပ်မှူးများထဲမှ တစ်ဦးဖြစ်ကာ ၂၀၁၄ ခုနှစ်မှ စတင်၍ ကာ့ဒ်အလုပ်သမားပါတီ အလုပ်အမှုဆောင်သုံးဦးထဲမှ တစ်ဦးဖြစ်လာခဲ့သည်။

၎င်းသေဆုံးမှုကြောင့် တူရကီရဲစခန်း၌ ပီကေကေ ကာ့ဒ်အလုပ်သမားပါတီ၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ စနေနေ့ညမတိုင်မီအထိ သုံးဦးဖြစ်လာခဲ့သည်။ ယင်းတိုက်ခိုက်မှုအတွင်း တူရကီစစ်သားနှစ်ဦးနှင့် အရပ်သားတစ်ဦးတို့ သေဆုံးခဲ့သည်။ တူရကီနိုင်ငံအရှေ့တောင်ပိုင်း မာဒင်ပြည်နယ်၌ စနေနေ့ကဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှုအတွင်း တူရကီတပ်ဖွဲ့ဝင် ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု တူရကီတပ်ဖွဲ့အကြီးအကဲက ပြောသည်။

ဇူလိုင်လမှစတင်၍ အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် တူရကီနိုင်ငံအတွင်း တိုက်ပွဲများအကြား တူရကီလုံခြုံရေးတပ်ဖွဲ့ဝင် ၅၀၀ ကျော်နှင့် ပီကေကေဘက်မှ လူ ထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။ ၁၉၈၄ ခုနှစ်မှစတင်၍ ပီကေကေနှင့် တိုက်ပွဲများကြား လူပေါင်း ၄၀၀၀၀ ကျော်အသက်သေဆုံးခဲ့ရသည်။ ပီကေကေအဖွဲ့ကို အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် တူရကီနိုင်ငံတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ထားသည်။
**(ဆင်ဟွာ)**

ဗြိတိန်နိုင်ငံ၌ ဥရောပသမဂ္ဂမှခွဲထွက်ရေးဘက်မှ မဲအသာဖြင့်အနိုင်ရရှိသွားသောအခါ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ရာထူးမှနုတ်ထွက်တော့မည်ဟု ကြေညာခဲ့သည်။ ဝန်ကြီးချုပ်နေရာတွင် ဆက်ခံရန်နောက်ထပ်ရွေးချယ်မှုများ ပြုလုပ်ရတော့မည်ဖြစ်သည်။ အာဏာရကွန်ဆာဗေးတစ်ပါတီ၌ နုတ်ထွက်တော့မည့် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း၏နေရာတွင် အစားထိုးရန်ရွေးချယ်ယှဉ်ပြိုင်မှုများ ပြုလုပ်လျက်ရှိရာ ပါလီမန်အမတ်များဖြစ်သည့် သရက်ဆာမေနှင့် အန်ဒြီရာလိဒ်ဆမ်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ရတော့မည် ဖြစ်သည်။ မိုက်ကယ်ဂို့ဗ်မှာမူ ဒုတိယအကျော့ယှဉ်ပြိုင်မှုတွင် ရလဒ်အနိမ့်ဆုံးဖြင့် ထွက်ခွာသွားခဲ့ရသည်။

# မာဂရက်သက်ချာနောက် ဗြိတိန်၌ အမျိုးသမီးဝန်ကြီးချုပ် ဘယ်သူဖြစ်လာမှာလဲ

**ချိုးစန္ဒီနွေး**

မဲပေးမှုတွင် မေ က ၁၉၉ မဲ၊ လိဒ်ဆမ်က ၈၄ မဲနှင့် ဂို့ဗ်က ၄၆ မဲရရှိခဲ့သည်ဟု ကွန်ဆာဗေးတစ်မှ အမတ်များကော်မတီဥက္ကဋ္ဌ ဂရေဟမ်ဘရက်ဒီက ကြေညာခဲ့သည်။ ရလဒ်များကိုကြည့်လျှင် ဗြိတိန်၌ မာဂရက်သက်ချာပြီးနောက် ဒုတိယမြောက် အမျိုးသမီးဝန်ကြီးချုပ် ပေါ်ထွက်လာတော့မည်ဟု ယူဆရသည်။ မာဂရက်သက်ချာသည် ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ထိ ဗြိတိန်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။


သရက်ဆာမေ

သရက်ဆာမေသည် ၂၀၁၀ ပြည့်နှစ်မှစ၍ ဗြိတိန်နိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သူဖြစ်သည်။ ၎င်းက မဲပေးမှုတွင် မဲအများဆုံးရရှိခဲ့သည့်အတွက် ကျေနပ်ဝမ်းမြောက်မိကြောင်း ပါလီမန်အပြင်ဘက်တွင် ဂျာနယ်လစ်များကို ပြောခဲ့သည်။ “ပါတီထဲက ကွန်ဆာဗေးတစ်အမတ် အများစုရဲ့ ထောက်ခံမဲတွေကို ရခဲ့တယ်။ အီးယူ (ဥရောပသမဂ္ဂ)က ထွက်ခွာလိုတဲ့သူတွေနဲ့ မထွက်ခွာလိုတဲ့ သူတွေဆီကပါ မဲရခဲ့တယ်”ဟု ၎င်းက ပြောသည်။ “မဲရလဒ်များကိုကြည့်ရင် ကွန်ဆာဗေးတစ်ပါတီဟာ ကျွန်မနဲ့အတူ ရှိနေပါတယ်။ ကျွန်မရဲ့ ဦးဆောင်မှုကို လိုလားတယ်”ဟု ၎င်းက ဆက်ပြောသည်။

ပြိုင်ပွဲ၌ ရှုံးနိမ့်သွားသည့် ဂို့ဗ်ကတော့ “အမှန်တိုင်းပြောရရင် နည်းနည်းတော့ စိတ်ပျက်မိပါတယ်။ ဒါပေမယ့် မဲပေးမှုကတစ်ဆင့် ရလာတဲ့ရလဒ်တွေကိုတော့ ကြိုဆိုပါတယ်။ နောင်တက်လာမယ့် ဝန်ကြီးချုပ်က ဘယ်သူပဲဖြစ်နေဖြစ်နေ အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာမယ်ဆိုတာကတော့ သေချာသလောက်ဖြစ်နေပြီ။ လေးစားစရာကောင်းတဲ့၊ အရည်အချင်းတွေရှိတဲ့ အမျိုးသမီးဝန်ကြီးချုပ်ပါ။ သူတို့နှစ်ယောက်ထဲက ဘယ်သူပဲအနိုင်ရရ တိုင်းပြည်ကိုကောင်းကောင်းဦးဆောင်သွားနိုင်မှာပါပဲ” ဟု သတင်းထောက်များကို ပြောခဲ့သည်။

မိုက်ကယ်ဂို့ဗ်သည် ပညာရေးဝန်ကြီးဖြစ်ပြီး ယခုအရှုံးမှာ ၎င်းအတွက် မချင့်မရဲဖြစ်စေသည်။ ၎င်းသည် ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာရေးမဲဆွယ်စည်းရုံးမှု ခေါင်းဆောင်တစ်ဦးဖြစ်သူ ဘိုးရစ်ဂျွန်ဆင်နှင့်လည်း အတူတကွလုပ်ကိုင်ခဲ့သူဖြစ်သည်။

လက်ရှိဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကတော့ ဇွန် ၂၃ ရက် ဥရောပသမဂ္ဂမှ ခွဲခွာသင့်မသင့် လူထုဆန္ဒခံယူပွဲအပြီး ဝန်ကြီးချုပ်နေရာမှ နုတ်ထွက်တော့မည်ဟု ကြေညာခဲ့သည်။ ၎င်းသည် ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂအတွင်း ဆက်လက်တည်ရှိနေပါက နိုင်ငံအတွက်ပို၍ အကျိုးကျေးဇူးများမည်ဟု သတ်မှတ်ထားသူလည်း ဖြစ်သည်။ ၎င်းသည် အောက်တိုဘာလ၌ လက်ရှိရာထူးမှ နုတ်ထွက်တော့မည် ဖြစ်သည်။

ယခုအခါ ဝန်ကြီးချုပ်နေရာအတွက် ယှဉ်ပြိုင်သူနှစ်ဦးသာ ကျန်ရှိတော့ရာ ကွန်ဆာဗေးတစ်ပါတီမှ အဖွဲ့ဝင် ၁၅၀၀၀၀ တို့သည် သရက်ဆာမေနှင့် အန်ဒြီရာလိဒ်ဆမ်တို့နှစ်ဦးကြား မည်သူ့အားရွေးချယ်မည်ကို အ ဆုံးအဖြတ်ပေးရတော့မည်ဖြစ်သည်။ အီးယူမှထွက်ခွာရန် ဆုံးဖြတ်ပြီးနောက် အခြေအနေမတည်ငြိမ်မှုများကို ထိန်းသိမ်းရန် တောင်းဆိုမှုများရှိနေသော်လည်း စက်တင်ဘာလ ၉ ရက်နေ့မှသာ ဝန်ကြီးချုပ်အသစ်အဖြစ် ရွေးချယ်သူ၏အမည်ကို ကြေညာမည်ဟု ကွန်ဆာဗေးတစ်ပါတီမှ ပြောသည်။ ဗြိတိန်ပါလီမန်၏ ဖွဲ့စည်းပုံအရ ယခုရွေးချယ်မည့် ဝန်ကြီးချုပ်အသစ်သည် နောက်တစ်ကြိမ်ရွေးကောက်ပွဲမစမီအချိန်ထိ ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ရမည် ဖြစ်သည်။

**သရက်ဆာမေ**

စီအင်အင်သတင်းဌာနမှ နိုင်ငံရေးသုံးသပ်ဝေဖန်သူ ရော်ဘင်အော့ကလေးက “မေ” ကို အလုပ်ကြိုးစားလွန်းသူ၊ ယနေ့ ဗြိတိန်နိုင်ငံရေးလောကမှာ မာဂရက်သက်ချာနှင့် အနီးစပ်ဆုံးတူလွန်းသူဟု ဝေဖန်ခဲ့သည်။ ဒါ့အပြင် “မေ” ကို အီးယူနှင့် စေ့စပ်ညှိနှိုင်းမှုပြုနိုင်ပြီး နိုင်ငံကိုဦးဆောင်နိုင်မည့်သူဟုလည်း သတ်မှတ်ကြသည်။ မေသည် ဗြိတိန်နိုင်ငံ၏သမိုင်းတွင် ပြည်ထဲရေးဝန်ကြီးတာဝန်ကို အချိန်အကြာဆုံးထမ်းဆောင်သူလည်း ဖြစ်သည်။

၎င်းသည် အီးယူမှခွဲထွက်လိုခြင်းမရှိသည့်ဘက်ကို ကျောထောက်နောက်ခံပြုထားသော်လည်း အီးယူကိုမနှစ်မြို့သည့် အမြင်များအား မည်သို့ကိုင်တွယ်ရမည်ကို လည်းနားလည်သည်။ အီးယူနှင့် တွဲရေးခွဲရေးမဲဆွယ်စည်းရုံးမှုများထဲတွင် ထင်ရှားသည့်နေရာမှ ပါဝင်ခဲ့ခြင်းလည်းမရှိပေ။ မေသည် ၁၉၉၇ ခုနှစ်မှစ၍ ပါလီမန်အမတ်ဖြစ်လာခဲ့သူလည်းဖြစ်သည်။ ၂၀၂၀ မတိုင်မီအထိ ရွေးကောက်ပွဲများတွင် ပါဝင်မည်မဟုတ်ဟုလည်း ပြောခဲ့သူဖြစ်သည်။ အသက် ၅၉ နှစ်အရွယ်ရှိပြီဖြစ်သော မေသည်ဗြိတိန်အီးယူမှ ထွက်ခွာပြီးနောက် အီးယူမှရွှေ့ပြောင်းနေထိုင်သူများ ဗြိတိန်နိုင်ငံအတွင်း ဆက်လက်နေထိုင်ရေးနှင့်ပတ်သက်၍ ဝေဖန်ခံနေရသည်။ မေက ၎င်း၏ပါတီဝင်များကို အီးယူနိုင်ငံသားများ နိုင်ငံအတွင်း ဆက်လက်နေထိုင်ရေးကို လက်ခံကြောင်း ပြောခဲ့ပြီး အီးယူနှင့် စေ့စပ်ညှိနှိုင်းမှုများမလုပ်ခင် မည်သည့်ကတိကိုမျှ မပေးနိုင်ကြောင်း ယတိပြတ်ပြောခဲ့သည်။

**အန်ဒြီရာလိဒ်ဆမ်**


အန်ဒြီရာလိဒ်ဆမ်

အီးယူမှ ဗြိတိန်ထွက်ခွာရေး မဲဆွယ်စည်းရုံးမှု၏ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သည့် အန်ဒြီရာလိဒ်ဆမ်သည် ယခုအခါ ဗြိတိန်နိုင်ငံ၏ဝန်ကြီးချုပ်နေရာအတွက် ယှဉ်ပြိုင်နေပြီဖြစ်သည်။ လိဒ်ဆမ်က မဲဆွယ်စည်းရုံးမှုတစ်ခုတွင် “ဗြိတိန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်မယ်လို့ လုံးဝယုံကြည်ပါတယ်။ ဆင်းရဲမှုတွေမရှိဘဲ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံအဖြစ်ပေါ့”ဟု ပြောခဲ့သည်။ သို့သော် လွန်ခဲ့သောသုံးနှစ်ကမူ လိဒ်ဆမ်က အီးယူမှဗြိတိန်ထွက်ခွာပါက ဒုက္ခရောက်နိုင်သည်ဟု သတိပေးစကားပြောကြားခဲ့ဖူးသည်။ သို့သော် ယင်းစကားကို အချိန်ကာလအရ ဖြတ်ကျော်ခဲ့သည့် လမ်းခရီးအရ သူ၏စိတ်သဘောထား ပြောင်းလဲသွားသည်ဟူသော စကားဖြင့် ချေဖျက်ခဲ့သည်။ လိဒ်ဆမ်သည် ၂၀၁၀ ပြည့်နှစ်မှစတင်ကာ ပါလီမန်အတွင်းဝင်ခဲ့ပြီး ဘဏ္ဍာရေးကဏ္ဍ၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်း၏အသက်မွေးဝမ်းကျောင်း အတွေ့အကြုံမှာ ယခုဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ရန် လုံလောက်သောအတွေ့အကြုံမရှိဟူသော မေးခွန်းများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ ၎င်း၏ စီနီယာလုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ စွမ်းအင်ဝန်ကြီး အမ်ဘာရုဒ်အပါအဝင် အခြားသူများ ဝေဖန်ကြသည်မှာ လိဒ်ဆမ်ဝန်ကြီးဖြစ်လာသည်မှာ နှစ်နှစ်ကျော်မျှသာရှိသေးပြီး နိုင်ငံ၏အဆင့်အမြင့်ဆုံးသောတာဝန်ကို ထမ်းဆောင်ရန် နိုင်ငံရေးအတွေ့အကြုံ လုံလောက်မှုမရှိသေးဟု ဝေဖန်ကြသည်။ သို့သော် ယင်းဝေဖန်မှုများသည် ပါတီအတွင်း ၎င်းကို ထောက်ခံမှုများအား လျော့ကျမသွားစေခဲ့ပေ။ ကြာသပတေးနေ့က ပြုလုပ်ခဲ့သော ထောက်ခံမဲများက သက်သေပြလျက်ပင် ဖြစ်သည်။ လိဒ်ဆမ်သည်ယခုအခါ အသက် ၅၃ နှစ်ရှိပြီဖြစ်သည်။

**မိုက်ကယ်ဂို့ဗ်**

ဂို့ဗ်သည် အီးယူမှ ဗြိတိန်ထွက်ခွာရေး အဓိကပုံဖော်ခဲ့သူဖြစ်သည်။ ကြာသပတေးနေ့က ပါတီတွင်းပြုလုပ်ခဲ့သည့် မဲပေးမှုများအရ ယှဉ်ပြိုင်သူသုံးဦးအနက် ထောက်ခံမဲ အနည်းဆုံးရရှိခဲ့သူဖြစ်သည်။ စကော့တလန်၌ မွေးဖွားကြီးပြင်းခဲ့သူဖြစ်ပြီး ပညာရေးဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သည်။ ၎င်း၏အစွန်းရောက်သော ပြုပြင်ပြောင်းလဲမှုများကြောင့် အငြင်းပွားဖွယ်ကိစ္စများ ပေါ်ပေါက်ခဲ့သည်။ ၎င်းကို ဆန့်ကျင်သူများလည်း ၎င်း၏မိတ်ဆွေဖြစ်လာခဲ့သည်။ အသက် ၄၈ နှစ်အရွယ်ရှိ ဂို့ဗ်သည် ဗြိတိန်နိုင်ငံ၌ လူထုဆန္ဒ ခံယူပွဲအပြီး ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် ဆက်ဆံရေး မပြေမပြစ်ဖြစ်ခဲ့သည်။ ဝန်ကြီးချုပ်က အီးယူအတွင်း၌ပင် ဆက်လက်တည်ရှိလိုသော်လည်း ၎င်းကဆန့်ကျင်၍ အီးယူမှထွက်ခွာလိုသည့်ဘက်မှ ရပ်တည်ခဲ့သည်။

မည်သို့ပင် ဆိုစေကာမူ မကြာမီအချိန်အတွင်း၌ ဗြိတိန်နိုင်ငံတွင် ဝန်ကြီးချုပ်အသစ် ထွက်ပေါ်လာတော့မည်ဖြစ်သည်။ လက်ရှိယှဉ်ပြိုင်သူ နှစ်ဦးအနက်မှ မေက အီးယူမှ ဗြိတိန်ထွက်ခွာရေးနှင့်ပတ်သက်၍ “ရှုပ်ထွေးပြီး အချိန်ယူဆောင်ရွက်ရမည့် ကိစ္စဖြစ်တယ်။ အရည်အချင်းနှင့် အတွေ့အကြုံပြည့်ဝသည့် စေ့စပ်ညှိနှိုင်းသူကောင်းတစ်ဦးလိုတယ်”ဟု ပြောခဲ့သည်။ လိဒ်ဆမ်ကမူ “အီးယူကနေ အရင်ဆုံးနုတ်ထွက်မယ်။ ပြီးတော့ အားလုံးညီညီညွတ်ညွတ် လုပ်ဆောင်မယ်။ ကြောက်ရွံ့မှုတွေမပါဘဲ ယုံကြည်မှုတွေနဲ့အတူ အလုပ်လုပ်မယ်”ဟု ပြောခဲ့သည်။

ဒီအမျိုးသမီးနှစ်ဦးထဲမှ မည်သူကနိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်လာမည်လဲဆိုသည်မှာ မကြာမီအချိန်အတွင်းမှာပဲ သိရှိရတော့မည်ဖြစ်သည်။

**ကိုးကား-စီအန်အန်**

**8-7-2016**

**စီအင်အင်သတင်းဌာနမှ နိုင်ငံရေးသုံးသပ်ဝေဖန်သူ ရော်ဘင်အော့ကလေးက “မေ” ကို အလုပ်ကြိုးစားလွန်းသူ၊ ယနေ့ဗြိတိန်နိုင်ငံရေးလောကမှာ မာဂရက်သက်ချာနှင့် အနီးစပ်ဆုံး တူလွန်းသူဟု ဝေဖန်ခဲ့သည်။ ဒါ့အပြင် “မေ” ကို အီးယူနဲ့စေ့စပ်ညှိနှိုင်းမှုပြုနိုင်ခြင်းကို ဦးဆောင်နိုင်မည့်သူဟုလည်း သတ်မှတ်ကြသည်။ မေသည်ဗြိတိန်နိုင်ငံ၏သမိုင်းတွင် ပြည်ထဲရေး ဝန်ကြီးတာဝန်ကို အချိန်အကြာဆုံးထမ်းဆောင်သူလည်းဖြစ်**

# ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် အိုလံပစ်အားကစားပွဲအတွက် လက်မှတ်များ ၇၀ ရာခိုင်နှုန်းကျော်ရောင်းချ

**ရီယိုဒီဂျနေရိုး ဇူလိုင် ၁၀**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုး၌ ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲအတွက် လက်မှတ်များ ၇၀ ရာခိုင်နှုန်းကျော် ရောင်းချပြီးပြီဟု ပွဲစီစဉ်သူများက ပြောသည်။ ပရိသတ်များသည် လက်မှတ်ပေါင်း ၄ ဒသမ ၃ သန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၂၉၀ နီးပါးသုံးခဲ့သည်ဟု ၂၀၁၆ ရီယိုလက်မှတ်ရောင်းချရေးညွှန်ကြားရေးမှူး ဒိုနိုမန်ဖာရီတီက ပြောသည်။ လက်မှတ်ပေါင်း ၁ ဒသမ ၇ သန်း ရောင်းချရန် ကျန်ရှိသေးသည်။

၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ် အားကစားပြိုင်ပွဲတွင် လက်မှတ်ပေါင်း ၈၆ ရာခိုင်နှုန်းရောင်းချ နိုင်ခဲ့ရာ ယခုကိန်းဂဏန်းမှာအနည်းငယ်နည်းနေသေးသည်။

“ကျွန်တော်တို့၏ ရည်မှန်းချက်ကတော့ လန်ဒန်အိုလံပစ်တုန်းကလို လက်မှတ်တွေ ရောင်းချနိုင်ဖို့ပါပဲ။ အားကစားပြိုင်ပွဲအားလုံးရဲ့ ပွဲစဉ်တွေ အကုန်ရောင်းချချင်တာပါ။ ဒါဆိုရင်တော့ ကျွန်တော်တို့ အားလုံးပျော်ရတာပေါ့” ဟု ၎င်းကဆက်ပြောသည်။

“လက်မှတ်တွေရောင်းချမှုမှတစ်ဆင့် ရရှိရမယ့် အခွန်သတ်မှတ်ချက်ကတော့ ပြည့်ဖို့နီးကပ်နေပါပြီ။ လူတွေဟာ နောက်ဆုံးအချိန်ထိ လက်မှတ်တွေဝယ်ယူမယ်ဆိုတာ သိနေပါတယ်။ နောက်တစ်ပတ်ထဲမှာ လက်မှတ်ရောင်းချမှုနှုန်းတွေပိုပြီး သိသာလာမှာပါ” ဟု ၎င်းကပြောသည်။

(ဆင်ဟွာ)

# အနော်ရထာကားလမ်းမကြီးပေါ်မှဈေးသည်များအတွက် အမှတ်(၂၀)စည်ပင်သာယာဈေးကြီး ဖွင့်လှစ်ပေးထားသည့်တိုင် ကားလမ်းပေါ်တွင် ပြန်လည်ဈေးရောင်းလျက်ရှိ



**ရန်ကုန် ဇူလိုင် ၁၀**

လှိုင်သာယာမြို့နယ် အနော်ရထာ လမ်းမကြီးပေါ်မှ လမ်းပေါ်ဈေးသည်များအား စည်ပင်သာယာက (၂၀)ရပ်ကွက် ဈေးကြီးအဖြစ် ဖွင့်လှစ်ပေးခဲ့သည့်အတွက် ယာဉ်နှင့်ပြည်သူ သွားလာမှုလွယ်ကူခဲ့သည်။ သို့ရာတွင် ဇွန်လနောက်ဆုံးပတ်မှစ၍ ကားလမ်းပေါ်တွင် ပျံကျဈေးသည်များ ပြန်လည်ရောင်းချနေကြောင်း သိရသည်။

"ရွှေမင်းဝံလမ်းထိပ်က လမ်းပေါ်ဈေးသည်တွေကို မြို့နယ်စည်ပင်က လာရှင်းသေးတယ်။ ရှင်းပြီးနှစ်ရက်ကြာရင် ပြန်ရောင်းကြတယ်။ ဒီဈေးသစ်ကြီးဟာ အဲ့ဒီကားလမ်းပေါ်က ဈေးသည်တွေကို နေရာပေးပြီး အမိုးအောက်မှာ ၃၉၀ နဲ့ ပျံကျ ၄၁၆ ဦးကိုဈေးရောင်းခွင့်ပြုထားတာပါ။ ဈေးဌာနပိုင်တာက ပေ ၃၀၀ ပတ်လည်ဆိုတော့ အခုလမ်းပေါ် ပြန်ရောင်းနေတဲ့ နေရာကပေ ၁၀၀၀ ကျော်ကွာတယ်။ မြို့နယ်စည်ပင်သာယာနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်နေပါတယ်"ဟု အမှတ်(၂၀) ဈေးဒုတိယတာဝန်ခံ ဦးဝေရာလင်းက ပြောသည်။

အနော်ရထာလမ်းမကြီး ပေါ်တွင် နှစ်နှစ်ကျော် လမ်းဘေးဈေးသည်များကြောင့် ဖြတ်သန်းသွားလာသော ယာဉ်များ၊ ကွန်တိန်နာယာဉ်များ၊ ရပ်ကွက်ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ အခက်အခဲမျိုးစုံရင်ဆိုင်ခဲ့ကြရပြီး ယခုနှစ်ဆန်းမှစ၍ အနော်ရထာ လမ်းမကြီး နံဘေးရှိ ဈေးရုံသစ်ကြီးအတွင်းသို့ ဈေးသည်များ ရွှေ့ပြောင်းရောင်းချခွင့်ပြုခဲ့သည်မှာ ခြောက်လခန့်ရှိပြီ ဖြစ်သည်။

"ရွှေမင်းဝံလမ်းထိပ် အနော်ရထာကားလမ်းပေါ်မှာ ဈေးပြန်ရောင်းနေကြတော့ ဈေးထဲကဈေးသည်တွေ အရောင်းပါးကြတယ်။ မိုးတွင်းဆိုတော့ ပိုဆိုးတာပေါ့။ တချို့ကုန်ဈေးသည်တွေ အရင်းပြုတ်ကုန်တယ်။ ကျွန်မတို့က စည်းကမ်းလိုက်နာပြီး လမ်းပေါ်ကနေ ဈေးဝင်းထဲဝင်ခဲ့တာ အခုလိုဆိုရင် အပြင်ပြန်ထွက်ရောင်းရမလို ဖြစ်နေပြီ"ဟု (၂၀) ဈေးအတွင်းမှ ကုန်စိမ်းရောင်းသူတစ်ဦးက ပြောသည်။

(၁၆၄)

# အာဇာနည်နေ့ကျင်းပစဉ် လမ်းပိတ်လမ်းလွှဲဆောင်ရွက်မည်

**ရန်ကုန် ဇူလိုင် ၁၀**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့ အခါသမယတွင် အာဇာနည်ဗိမာန်အနီးရှိလမ်းများကို ယာယီအားဖြင့် လမ်းပိတ်လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးအောင်ကိုဦးက ပြောသည်။

"အာဇာနည်နေ့ ကျင်းပနေတဲ့အချိန်မှာတော့ အာဇာနည်ဗိမာန်ပတ်ဝန်းကျင်မှာရှိတဲ့လမ်းတွေကိုတော့ ယာယီအားဖြင့် လမ်းပိတ်လမ်းလွှဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခမ်းအနားပြီးတဲ့အချိန်မှာတော့ လမ်းတွေကို ပြန်လည်ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်"ဟု ဒုတိယရဲမှူးကြီးက ပြောသည်။

အာဇာနည်နေ့ အခါသမယတွင် လမ်းပိတ်လမ်းလွှဲဆောင်ရွက်သွားမည့် လမ်းများမှာ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်း၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ရွှေတိဂုံမြောက်ဘက်မုခ်ရှိ ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံ၊ ရွှေတိဂုံအရှေ့ဘက်မုခ်၊ ရွှေတိဂုံတောင်ဘက်မုခ်ရှိ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့်ဝိဇယလမ်းဆုံတို့ဖြစ်ကြောင်း သိရသည်။

အာဇာနည်နေ့သည် ဝါဆိုလပြည့်နေ့နှင့် တိုက်ဆိုင်နေသည့်အတွက် ရွှေတိဂုံဘုရားသို့ ဘုရားဖူးလာပြည်သူများ အခက်အခဲမရှိစေရန် တောင်ဘက်မုခ် ကားပါကင်နှင့် အနောက်ဘက်မုခ်ကားပါကင်တို့ကို ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း၊ အရှေ့ဘက်နှင့် မြောက်ဘက်မုခ်တို့ကို ယာယီအားဖြင့် ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အာဇာနည်နေ့သည် ယခင်နှစ်များနှင့်မတူ၍ ယာဉ်သွားယာဉ်လာ များပြားနိုင်ပြီး ပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲမှူးကြီးကိုယ်တိုင် အနီးကပ်ကြီးကြပ်ကာ ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ထားဝယ်-ရေး အမြန်လူစီးရထားလမ်းသစ်ပင်လဲ၍ လမ်းပိတ်

**ရေဖြူ ဇူလိုင် ၁၀**

ထားဝယ်မှရေးသို့ မောင်းနှင်လာသော (၁၇၆)အစုန်အမြန်လူစီးရထားသည် ရေဖြူမြို့နယ် ရေဖြူဘူတာနှင့် သက်ကယ်ကွမ်းဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ် (၃၅၇/၁၈ မှ ၁၉)တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီက သက်တမ်းလွန်ရော်ဘာပင်ကြီးပြိုလဲ၍ ရထားလမ်းပေါ်ကျကာ လမ်းပိတ်သွားသဖြင့် ရထားရပ်တန့်ပြီး ရထားပေါ်တွင် လိုက်ပါတာဝန်ထမ်းဆောင်လာသော စက်ခေါင်းမောင်း၊ ရထားထိန်း၊ တွဲထိန်း၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းခုတ်ထွင်ရှင်းလင်းခဲ့သဖြင့် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရထားလမ်းပွင့်သွားပြီး ရထားမှာ ရေးဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**




# အထက်မြန်မာပြည် ပန်းချီအသင်း ပန်းချီပြပွဲ မန္တလေးတောင်ခြေပန်းချီပြခန်းတွင် ကျင်းပမည်

**မန္တလေး ဇူလိုင် ၁၀**

အထက်မြန်မာပြည် ပန်းချီအသင်းမန္တလေး၏ ပန်းချီပြပွဲဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ မန္တလေးတောင်ခြေပန်းချီပြခန်း (ခြင်္သေ့ကြီးနှစ်ကောင်အနီး)၌ ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီတွင် ပြပွဲဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်သည်။

အဆိုပါပန်းချီပြပွဲသည် အထက်မြန်မာပြည်ပန်းချီအသင်း အသင်းရန်ပုံငွေအဖြစ် ပြသမည်ဖြစ်ပြီး ပန်းချီဆရာ ၃၀ ကျော်၏ ပန်းချီကားပေါင်း ၉၀ ကျော် ပြသထားမည်ဖြစ်သည်။ ပန်းချီကားများတွင်လည်း ရေဆေး၊ ဆီဆေး၊ အဘရိုက်လစ်အမျိုးစုံပါဝင်မည်ဖြစ်သည်။

ပန်းချီပြခန်း ဖွင့်လှစ်နိုင်သော်လည်း ရာသီဥတုအခြေအနေကြောင့် ပန်းချီပြပွဲများ မပြုလုပ်နိုင်ဘဲ သုံးလခန့်နားထားရသည်ဟု ပြခန်းပိုင်ရှင် ဦးမိုးမြင့်ထွန်းက ပြောသည်။

အထက်မြန်မာပြည်ပန်းချီအသင်း၏ လက်ရာသန့်သန့်၊ စွဲမက်ဖွယ်ပန်းချီကားများကို ဝါသနာရှင်များ ခံစားကြည့်ရှုနိုင်ရန်ပြပွဲကို ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အထိနေ့စဉ် နံနက်၉နာရီမှညနေ၆နာရီအထိပြသသွားမည်ဖြစ်ရာ မည်သူမဆိုလာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ပုဏ္ဏားကျွန်းမြို့နယ်၌ သွေးလှူရှင်များအသင်းရုံးဖွင့်

**ပုဏ္ဏားကျွန်း ဇူလိုင် ၁၀**

ပုဏ္ဏားကျွန်းမြို့နယ် ပရဟိတသွေးလှူရှင်များအသင်းရုံးဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက်က အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းနာယက ရွှေတောင်တန်းပရိယတ္တိကျောင်းတိုက် ဆရာတော်က သြဝါဒစကားများ မြွက်ကြားသည်။

ပုဏ္ဏားကျွန်းမြို့နယ် ပရဟိတသွေးလှူရှင်များအသင်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး အသင်းရေရှည်တည်တံ့ပြီး ရည်ရွယ်ချက်များ အောင်မြင်နိုင်ရန်မြို့နယ်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုသည် အလွန်အရေးပါကြောင်းနှင့် အသင်း၏ အဓိကလိုအပ်ချက်များဖြစ်သော သွေးနှင့်အသင်းရန်ပုံငွေ လိုအပ်ချက်များအတွက်စေတနာရှင်များ၏အားကို လိုအပ်လျက်ရှိပါကြောင်း အသင်း ဥက္ကဋ္ဌ ဦးဇော်ဇော်ကပြောသည်။

ရပ်နီးရပ်ဝေးမှ အကြံပြုလိုသူများနှင့် လှူဒါန်းလိုသူများအနေဖြင့် ရုံးဖုန်း ၀၉-၄၅၆၉၆၇၅၆၄ နှင့် အသင်းဥက္ကဋ္ဌ ၀၉-၂၅၂၉၂၂၁၁၂ တို့သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။

**သူ(ပုဏ္ဏားမြီ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င-၁၂)၊ မြေကွက်အမှတ် ၂၅၅၊ အကျယ်အဝန်း (၆၀'×၆၀')ရှိ ဗိုလ်မှူးမြင့်အောင် အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကိုဟိန်း ၅/မရန(နိုင်)၁၆၇၅၄၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၇၆)**
**စာချုပ်စာတမ်းနှင့် အိမ်ခြံမြေ ဥပဒေအကြံပေး**
**အမှတ် ၁၀၅၁၊ မြဟ္မစိုရ်လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၇၀၇၂၉၊ ၀၉-၇၉၉၅၉၈၅၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် (၄၁ တိုးချဲ့)ရပ်ကွက်၊ သဇင်လမ်း၊ မြေကွက်အမှတ် ( E - 3 )၊ အကျယ်အဝန်း (၁၀၀ပေ× ၉၇ပေ) ရှိ ဒေါ်နန်းပွတ် ( ၁၃/တခလ (နိုင်) ၀၃၉၃၁၁) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀) ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L, Dip.CA, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

**Hein Htet San Law Firm**
ဖုန်း - ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၅)၊ ရမ္မာဝတီအိမ်ရာ၊ မြေကွက်အမှတ်(၆၁)၊ ဧရိယာ ၀ဒသမ ၂၅၆ဧကနှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဦးလီဘင်ဟို(ခ)မောင်နီဖြစ်ပါသည်။အဆိုပါမြေအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၈၄၃၆/၂၀၁၅)ရက်စွဲပါ ၇-၁-၂၀၁၆နှင့် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်၃၃၅၆/၂၀၁၆ ရက်စွဲပါ ၂၃-၆-၂၀၁၆တို့တင်ပြ၍ ဒေါ်အေးအေးမြင့် ၁၂/ပဇတ(နိုင်)၀၁၁၄၅၃ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေး (၁)၊ တံတားအထူးအဖွဲ့မှ(၂)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းပေါ်ရှိ တံတားအမှတ် (၁/၁၃၉၊ ၁/၁၄၃၊ ၁/၁၄၆၊ ၂/၁၄၆၊ ၁/၁၅၇) တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းနှင့် အောက်ဖော်ပြပါ ပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | ရေတွက်ပုံ |
|---|---|---|
| ၁ | Cement | Ton |
| ၂ | M.S Rod | Ton |
| ၃ | R/Shingle | Sud |
| ၄ | R/S and | Sud |
| ၅ | J/Wood | Ton |
| ၆ | Binding Wire(18 Guage) | Viss |
| ၇ | Wire Nail | Viss |
| ၈ | Admixture | Lit |
| ၉ | 5 Ply Wood (8'x4') | Sht |
| ၁၀ | Bentonite | Ton |
| ၁၁ | Welding Rod (No.10) | Pkt |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၂-၇-၂၀၁၆ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၂၄-၇-၂၀၁၆ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၈)၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ ဖောင်းပြင်မြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၈)၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ ဖောင်းပြင်မြို့နှင့် တံတားအထူးအဖွဲ့(၂)၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တွင် ၈-၇-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၂၆၃၆၈၀၆၉၆၊ ၀၉-၉၇၆၆၃၀၂၂၃၊ ၀၉-၆၄၇၂၆၅၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေး(၁)၊ တံတားအထူးအဖွဲ့(၂)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်ရှိ နမ့်ပင(တံတား)တည်ဆောက်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | ရေတွက်ပုံ |
|---|---|---|
| ၁ | J/Wood | Ton |
| ၂ | မြစ်ကျောက်စရစ် | Sud |
| ၃ | မြစ်သဲ | Sud |
| ၄ | Wire Nail | Viss |
| ၅ | Binding Wire (18 Guage) | Viss |
| ၆ | Welding Rod(No.10) | Pkt |
| ၇ | Bentonite | Ton |
| ၈ | Admixture | Lit |
| ၉ | 5 Ply Wood(8'x4') | Sht |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၂-၇-၂၀၁၆ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၂၅-၇-၂၀၁၆ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ ဟုမ္မလင်းမြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ ဟုမ္မလင်းမြို့နှင့်တံတားအထူးအဖွဲ့(၂)၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တွင် ၈-၇-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၂၆၃၆၈၀၆၉၆၊ ၀၉-၉၇၆၆၃၀၂၂၃၊ ၀၉-၆၄၇၂၆၅၂**

# ရန်ကုန်-မန္တလေးအမြန်လမ်းတွင် လိုက်ထရပ်ယာဉ် တိမ်းမှောက်မှုဖြစ်၊ နှစ်ဦးသေ၊ ၂၉ ဦး ဒဏ်ရာရ



**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၃၉/၁) နှင့် (၂၃၉/၂) အကြား ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း ညွှန့်ဝင်း မောင်းနှင်လာသော လိုက်ထရပ်ယာဉ် **(ယာပုံ)**သည် ယနေ့ မွန်းလွဲ ၁ နာရီခန့်က အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားပေါ်သို့ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုတွင် ယာဉ်ပေါ်ပါရှိသူ ယာဉ်မောင်းပါ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၇ ဦး၊ စုစုပေါင်း ၃၁ ဦးအနက် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးသေဆုံးကာ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၆ ဦး ပေါင်း ၂၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် လိုက်ထရပ်ယာဉ်မှာ ပျက်စီးမှုများကြောင့် ခန့်မှန်းတန်ဖိုး သိန်း ၂၀ ကျော်ခန့် ဆုံးရှုံးခဲ့ပြီး သေဆုံးဒဏ်ရာရရှိသူများအား အမြန်လမ်း လမ်းမကြီး ရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှင်သူ ယာဉ်မောင်း ညွှန့်ဝင်းအား ဘုရားတောင် အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက်က ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ၁၆ မိုင် ကျောက်ချောစစ်ဆေးရေး စခန်း၌ မူဆယ်မှ နေပြည်တော်သို့ မောင်းနှင်လာသော သစ္စာဟိတ်ား ခရီးသည်တင်ယာဉ်တွင် လိုက်ပါစီးနင်းလာသူ သန်းဝင်းနှင့် ဇင်ကိုတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ဇူလိုင် ၉ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့ မူဆယ်-မန္တလေးသွား ကားလမ်းမပေါ် ပန်စုံကျေးရွာအဝင်တွင် သိန္နီမှ လားရှိုးဘက်သို့ စိုင်းကျော်ဌေး မောင်းနှင်ပြီး မနန်းအေးခမ်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀ ကို လည်းကောင်း၊ ထို့အတူ ဇူလိုင် ၈ ရက်က လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ ၂၀ နေ အိုက်တူး၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ လျှိုဆေးခိုင်နှင့် ဆာအောင်တို့အား တွေ့ရှိပြီး ၄င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၆ ပြားကို သိမ်းဆည်းရမိသဖြင့် ၄င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အလုပ်ရမည်ဆိုကာ ငွေလိမ်တောင်းသူကို အမှုဖွင့်တိုင်ကြား

**နောင်ချို ဇူလိုင် ၁၀**

နောင်ချိုမြို့မရဲစခန်း၌ ဇူလိုင် ၈ ရက်က ဌာနတစ်ခု၌ အလုပ်အကိုင်ရမည်ဆိုပြီး ငွေများအကြိမ်ကြိမ် လိမ်လည်တောင်းခံသူ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့အား အရေးယူပေးရန် တိုင်ကြားခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့နေသူ မ......(၂၆နှစ်) သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလထဲတွင် ------ သတင်းစာတစ်စောင်မှ ဌာနတစ်ခုတွင် အလုပ်အကိုင်ခေါ်ယူသည့် သတင်းစာကြော်ငြာပါရှိသည့်အတွက် အဆိုပါ ဌာနသို့ ကိုယ်တိုင်သွားရောက်လျှောက်ထားခဲ့ရာ ဖခင်ဖြစ်သူ၏ မှတ်ပုံတင်မိတ္တူမပါရှိသည့်အတွက် ခင်မင်ရင်းနှီးခဲ့သော ..........ဦးစီးဌာနမှ စာရေးဖြစ်သူ ဒေါ်နှင်းဆီက လျှောက်လွှာကိုပေးအပ်ရန်နှင့် ဖခင်ဖြစ်သူ မိတ္တူအား ကားဂိတ်မှ ပို့ပေးရန်ပြောသဖြင့် အလုပ်လျှောက်လွှာထားခဲ့ပြီး ဒေါ်နှင်းဆီက ဒုဦးစီးမှူး ဦးဝင်းစိုး ဆိုသူနှင့် ဖုန်းဖြင့်မိတ်ဆက်ပေးခဲ့သည်။

အလုပ်အကိုင်ခန့်ထားရေးအတွက် ဒေါ်နှင်းဆီနှင့် ဦးဝင်းစိုးတို့က မ........ထံသို့ အလုပ်အကိုင်ရရှိရေးအတွက် ကုန်ကျစရိတ်များ အကြိမ်ကြိမ်တောင်းခံခဲ့မှုကြောင့် မ.......က ငွေများအကြိမ်ကြိမ် ဘဏ်များမှတစ်ဆင့်ပေးပို့ခဲ့ရာ စုစုပေါင်းငွေကျပ်ကိုးသိန်း ငါးသောင်း ငါးထောင်ထိရှိခဲ့သည်။

အလုပ်အကိုင်လျှောက်ထားသူ မ.......က နေပြည်တော်သို့သွားရောက်စုံစမ်းရာ ........(ဌာန)မှ ဒုဦးစီးမှူး ဦးဝင်းစိုးမှာ ညောင်ဦးမြို့တွင်မရှိဘဲ ဒေါ်နှင်းဆီက ဦးရဲမြင့်ဆွေဆိုသူအား ဒုဦးစီးမှူးဦးဝင်းစိုးအဖြစ် အယောင်ဆောင်ခိုင်းပြီး အတူတကွ ပူးပေါင်းလိမ်လည်ခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့မရဲစခန်းက ဒေါ်နှင်းဆီ(၄၀နှစ်) တက်သိမ်းရပ်ကွက် ညောင်ဦးမြို့၊ ရဲမြင့်ဆွေ (၅၁နှစ်) တောင်ယာသစ်ရပ်ကွက် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တို့ နှစ်ဦးကို အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## တရားမဝင် လိုင်စင်မဲ့ ယာဉ်နှင့် လက်နက်များ ဖမ်းဆီးရမိ

**ပဲခူး ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ ဘောနတ်ကြီး မီနီတိုးဂိတ်၌ ဇူလိုင် ၉ ရက် ည ၈ နာရီ ၁၅ မိနစ်က ဘုရားကြီးမှ ဘောနတ်ကြီးကျေးရွာဘက်သို့ ယာဉ်မောင်းအောင်လှိုင်ဦး(၃၈နှစ်) ဘားအံမြို့နေသူ မောင်းနှင်သော 9F/--- တိုယိုတာ ယာဉ်မှ လက်နက်များ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါယာဉ်အား မသင်္ကာ၍ စစ်ဆေးရာ အထောက်အထား ခိုင်လုံစွာ ပြသနိုင်ခြင်းမရှိကြောင်း၊ ဆက်လက်စစ်ဆေးရာတွင် လက်နက်ခဲယမ်း၊ ငွေကျပ် ၁၄ သိန်းနှင့် ခြောက်လက်မခွဲခန့်ရှိ စတီးခေါက်ဓား၊ SINCE စာတန်းပါ အနက်ရောင် လက်ဆွဲအိတ်တို့ကို တွေ့ရှိသဖြင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူး ရုံးက အောင်လှိုင်ဦးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## တောင်ငူ၌ တရားမဝင်ကျွန်းသစ်များဖမ်းမိ

**တောင်ငူ ဇူလိုင် ၁၀**

တောင်ငူမြို့သံတောင်လမ်း လေးမိုင်လမ်းဆုံတွင် ဇူလိုင် ၉ ရက် နံနက် ၉ နာရီခန့်က တရားမဝင်သစ်များ သယ်ဆောင်လာသော ခြောက်ဘီးယာဉ်နှင့် ၁၂ ဘီးယာဉ်နှစ်စီးအား ဖမ်းဆီးရမိကြောင်း သက်ဆိုင်ရာက သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးလင်းသူ ဦးဆောင်သည့်ဝန်ထမ်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့နှင့် နယ်မြေခံတပ်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင် သယ်ဆောင်လာသောယာဉ်နှစ်စီးအား ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်၌ တရားမဝင်ကျွန်းသစ်ခွဲသား သုံးချောင်းနှင့် ပိတောက်ခွဲသား လေးချောင်းကို လည်းကောင်း၊ နီဆန်းဒီဇယ် ၁၂ ဘီးယာဉ်ပေါ်တွင် ပိတောက်ခွဲသား ၄၅ ချောင်းကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် ပိုင်ရှင်နှင့်ယာဉ်မောင်းများကို ဖမ်းဆီးအရေးယူထားပြီး ဆက်လက် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**သူရ(တောင်ငူ)**


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၉၀၉၄ Go Yang ACC သုံးဘီးယာဉ်လက်ဝယ်ရှိသူ Shwe Hlaing Htoo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ယ/၅၁၈၈၁ မော်တော်ဆိုင်ကယ်အမည်ပေါက် ဒေါ်တင်မာသင်း ၉/စကတ(နိုင်)၀၆၈၁၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/8170 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၅၂၂၃၆ ယာဉ်မှတ်ပုံတင်အမည်ပေါက် ဒေါ်မိုးမိုးစိုးမင်း ၁၄/နေဖ(နိုင်)၁၃၁၅၈၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/1442၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၃၀၀၇၇ ယာဉ်အမည်ပေါက် ဦးကျော်ဆန်း ၁၄/ဇလန(နိုင်)၀၈၃၄၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(မအူပင်)၊မအူပင်မြို့**

### ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း ကြီးရပ်ကွက်၊ ဈေးလမ်း၊ တိုက် (၅၃)၊ (၅-လွှာ)၊ (ခြေရင်း/B) တွင် နေထိုင်သူ ဦးစည်သူလွင် (၁၀/မလမ (နိုင်) ၁၄၁၁၀၆) ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မူပိုင်ဖြစ်ကြောင်း ရန်ကုန်မြို့စာချုပ် စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် - ၇၈၈၈/၂၀၁၆ ဖြင့် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။

KMT
firstrunner in fashion

မှတ်ပုံတင်စာချုပ်အမှတ် - ၇၈၈၈/၂၀၁၆

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် ယောကျ်ားဝတ်၊ မိန်းမဝတ်၊ ကလေးဝတ်၊ အကျႌ၊ ဘောင်းဘီ၊ ဦးထုပ်၊ မျက်နှာသုတ်ပဝါ၊ ခြေအိတ်၊ လက်အိတ်၊ ခါးပတ် အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးနှင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။ သို့ပါ၍ အထက်ပါတံဆိပ် အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲ ခြင်းမပြုရန်နှင့် တုပပြုလုပ်ဆောင်ရွက်သည်ကို တွေ့မြင်ကြားသိရပါက ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ကြည်ပြာလှိုင် (LL.B., D.B.L., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၃၂၇)
အမှတ် - ၉၃၊ မြေညီ၊ အရိုးကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါ အမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၄၈/မမ/CE<br>၄၉/မမ/CE | တိုင်းအမှတ် (၈) မော်လမြိုင်<br>- ထားဝယ်နှင့် ဆိပ်ကမ်းဘူတာကြား မိုင် ၃၇၁ တွင် ၂၀ ပေ Span Slab တံတား တည်ဆောက်ခြင်း<br>- တောင်ဘုံ-ပလိုင်ကီးကြား မိုင် ၂၅၈/၁၈-၁၉ ရှိ တံတားအမှတ် (၁၇၇) ၆ ပေ Arch တံတားအား Span Girder တံတားအဖြစ် ပြောင်းလဲတည်ဆောက်ခြင်း |
| ၂ | ၅၀/မမ/CE<br>၅၁/မမ/CE<br>၅၂/မမ/CE | တိုင်းအမှတ် (၉) ဟသာ္တတ<br>- ယိုးဒယားတက်-လှည်းဆိပ်ဘူတာကြား မိုင် ၁၅၈/၁-၂ ရှိ တံတားအမှတ် (၈၈) ကမ်းကပ်ခုံ(၂)ခု အသစ် ပြန်လည်တည်ဆောက်ခြင်း<br>- မြို့ကွင်းတံတား ဆင့်တုံးနှင့် ကြမ်းခင်းတုံးများ အသစ်လဲလှယ်ခြင်း<br>- မြို့ကွင်းတံတား ဟသာ္တတဘက်ခြမ်း ကမ်းကပ်ခုံ ကျောက်ကြီးစီ မြေထိန်းနံရံ ပြုလုပ်ခြင်း |
| ၃ | ၅၃/မမ/CE | တိုင်းအမှတ်(၁၀)ပခုက္ကူ<br>- လက်ပံ-ကန်ကြား မိုင် ၆၄၇/၀-၁ တွင် ၆ ပေ Span Slab တံတား အသစ်တည်ဆောက်ခြင်း |
| ၄ | ၅၄/မမ/CE | တိုင်းအမှတ် (၉) ဟသာ္တတ<br>- မြို့ကွင်းတံတား ဟသာ္တတဘက် ကမ်းကပ်ခုံ ရေဆန်တက် သံလမ်းပိုင်ရိုက်၍ ကျောက်ကြီးစီထပ်ခြင်း |
| ၅ | ၄၀/မမ/CE | - 75 lb Point & Crossing (၂)မျိုး (45)Set ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ်(၁)မှ(၃) ၂၅.၇.၂၀၁၆ (တနင်္လာနေ့ ) (၁၄ . ၃၀)နာရီ
အမှတ်စဉ်(၄)မှ(၅) ၁၁.၈.၂၀၁၆ (ကြာသာပတေးနေ့)(၁၄ . ၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၁၁. ၇ .၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352,291994

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၉ယ/၂၉၁၄၆ Luojia 110 ယာဉ်အမည်ပေါက် အရှင်ကုသလ ၉/စကတ(သ)၀၃၀၄၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အောက်လက်ပံခုန်ကျေးရွာအုပ်စု၊ ညောင်နီကုန်းရွာနေ မယုထက်မွန် အထက သုံးဆယ် နဝမတန်း(B)နှင့်မောင်ထက်ဝေလင်း အမက (ညောင်နီကုန်း) တို့၏ဖခင်အမည်မှန်မှာ ဦးဝင်းစိန် ၇/သဝတ(နိုင်)၀၈၃၂၁၆ဖြစ်ပါကြောင်း၊ ဦးဝင်းလေးအမည်သည် အမှန်မဟုတ်ပါ။**ဦးဝင်းစိန်၇/သဝတ(နိုင်)၀၈၃၂၁၆**

# ၂၀၁၆ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များနှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်ကာ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ ကျင်းပပြီး ပြိုင်ပွဲပထမနေ့တွင် မြန်မာကလပ်အသင်းများ နိုင်ပွဲပျောက်ဆုံးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။ အမျိုးသားပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာကလပ် MIC အသင်းနှင့် အင်ဒိုနီးရှားကလပ် Black Steel အသင်းတို့က တစ်ဂိုးစီ သရေကျခဲ့သည်။ MIC အသင်းသည် ၁၇ မိနစ်တွင် ဂိုးစတင်ပေးခဲ့ရသော်လည်း အောင်အောင်က ၁၈ မိနစ်တွင် ချေပဂိုး ပြန်သွင်းခဲ့သည်။

အမျိုးသမီးပြိုင်ပွဲတွင် မြန်မာကလပ် WF.C အသင်းသည် အင်ဒိုနီးရှားကလပ် ဂျာရာကန်ဆီနာအသင်းကို ငါးဂိုး -သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ကလပ်အသင်းအမည်ဖြင့်ယှဉ်ပြိုင်သည့် WF.C အသင်းသည် ရလဒ်ကောင်းရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။ မြန်မာအသင်းအတွက် ဂိုးများကို ၂၇ မိနစ်တွင် ပပဝင်း၊ ၃၅ မိနစ်တွင် ဆုပိုပို ကျော်နှင့် ၃၈ မိနစ်တွင် နီလာမြင့်တို့က သွင်းယူခဲ့သည်။ အမျိုးသမီးပြိုင်ပွဲ အခြားပွဲစဉ်တွင် ထိုင်းကလပ် နာခွန်ဆာဝမ်က ထိုင်းကလပ် ဗန်ကောက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့ပွဲစဉ်များကို ဇူလိုင် ၁၁ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၁ နာရီခွဲတွင် အမျိုးသမီးပွဲအဖြစ် ဂျာရာကန်ဆီနာ (အင်ဒိုနီးရှား) နှင့်ထိုင်ဆွန်နမ်(ဗီယက်နမ်)၊ မွန်းလွဲ ၂ နာရီတွင် အမျိုးသားပွဲအဖြစ် ထိုင်ဆွန်နမ်၊ (ဗီယက်နမ်)နှင့် ထိုင်းဆိပ်ကမ်း (ထိုင်း) ညနေ ၄ နာရီခွဲတွင် အမျိုးသမီးပွဲအဖြစ် WF.C (မြန်မာ)နှင့် ဗန်ကောက် (ထိုင်း)၊ ည ၇နာရီတွင် အမျိုးသားပွဲအဖြစ် Lanexang United (လာအို)နှင့်MIC (မြန်မာ)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ဓာတ်ပုံ- ကိုကိုစိုးညွှန့်**



အမျိုးသမီးပြိုင်ပွဲတွင် မြန်မာကလပ် WF.C နှင့် ဂျာရာကန်ဆီနာအသင်း ယှဉ်ပြိုင်စဉ်

## မြန်မာ့ရုပ်မြင်သံကြား

**News Channel**

**၁၁-၇-၂၀၁၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ - **သမိုင်းထဲက နေ့တစ်နေ့ (သို့) သမိုင်းထဲက အာဇာနည်**
၉း၅၀ - ဝါဆိုပွဲတော်
၁၃း၃၀ - တစ်ခါကအနုပညာမှတ်တမ်းများ ရာသက်ပန်ပြဇာတ်

**ညပိုင်း**

၁၅း၃၅ - Tasty Trip
၁၆း၁၀ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (ဒုတိယနှစ်)(မြန်မာစာအထူးပြု) (ခေတ်သစ်ပြဇာတ်ပို့ချချက်-၂)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ မင်္ဂလာပါဂင်ချီ (အပိုင်း-၅၉)
၂၀း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
- မကြွေတဲ့နှင်းဆီ (အပိုင်း-၃၃)-
- နိုင်ငံခြားဇာတ်လမ်းတွဲ
- အချစ်တဲ့လား (အပိုင်း-၁၅)
- နေမဝင်အလုများ မောင်ယဉ်ထွေးနှင့်တွေ့ဆုံခြင်း (အပိုင်း-၂)

**မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ရတနာပုံအသင်း အဝေးကွင်း၌ရှုံးပွဲကြုံ စောစီးစွာ ချန်ပီယံဖြစ်ခွင့်ဆုံးရှုံး

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းကဆက်လက်ကျင်းပရာ ဇေယျာရွှေမြေနှင့် ရှမ်းယူနိုက်တက် နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသောပွဲတွင် ဇေယျာရွှေမြေအသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။ ရတနာပုံသည် ယခုပွဲအနိုင်ရရှိလျှင် ချန်ပီယံဆုရယူနိုင်မည်ဖြစ်သော်လည်း အဝေးကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် နောက်တစ်ပွဲထပ်စောင့်ရတော့မည်ဖြစ်သည်။ အမာခံကစားသမားများ မပါဝင်နိုင်သောကြောင့် ရတနာပုံအသင်းအားပျော့ခဲ့ရပြီး ယခုရာသီ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ဇေယျာရွှေမြေက ဒုတိယအကျော့တွင် ငါးပွဲမြောက်နိုင်ပွဲရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ပုံမှန်ပွဲထွက်ခွင့်ရနေသည့် ကစားသမားများအနက် အောင်သူရ၊ ရဲကိုဦး၊ မာတူနာနှင့် မွန်ကာလူးတို့မပါနိုင်၍ ရတနာပုံ ပွဲထွက်လူစာရင်းကို အပြောင်းအလဲ ပြုလုပ်ခဲ့ရသည်။ ဇေယျာရွှေမြေသည် ပွဲပယ်ခံထားရသည့်နောက်ခံလူ ဒီဒီမှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ရတနာပုံအသင်းကိုရင်ဆိုင်ခဲ့သည်။ ပထမပိုင်းတွင် ရတနာပုံက ဇေယျာရွှေမြေကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း အဓိက တိုက်စစ်မှူးများ မပါနိုင်၍ ဂိုးသွင်းခွင့်မရခဲ့ပေ။ ဇေယျာရွှေမြေ ဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း ရတနာပုံနောက်တန်း အမှားမရှိခဲ့ပေ။ ဒုတိယပိုင်းတွင် ရတနာပုံက အိုဂါဝါ၊ စည်သူအောင်နှင့် လှိုင်းဘိုဘိုတို့ကို လူစားလဲခဲ့ရာ ကစားကွက်ပျက်သွားပြီး ဇေယျာရွှေမြေ၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ဇေယျာရွှေမြေသည် ဂိုးရရှိရေးအတွက် တိုက်စစ်ဖွင့်ကစားခဲ့ရာ ရတနာပုံနောက်တန်း ဖျက်ထုတ်နေသော်လည်း ၇၅ မိနစ်တွင် ဂိုးပေးခဲ့ရသည်။ ဇေယျာရွှေမြေအတွက် အနိုင်ဂိုးကို တောင်ပံကစားသမား နန်းမင်းအောင်က ခေါင်းတိုက်သွင်းယူခဲ့သည်။

အခြားပွဲစဉ်များတွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်က ဇွဲကပင်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူကာ နိုင်ပွဲပြန်ရခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် စိုးမင်းဦးနှင့် ဇင်မင်းထွန်းက တစ်ဂိုးစီသွင်းယူပေးခဲ့ပြီး ဇွဲကပင်အတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီးတွင် စောစီးအိုင်က သွင်းယူခဲ့သည်။ ပုသိမ်ကွင်း၌ကျင်းပသောပွဲတွင် ရောဝတီနှင့် ချင်းယူနိုက်တက် တစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ်(၁၇)အပြီးတွင် ရတနာပုံက ၄၄ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိပြီး မကွေးက ၃၁ မှတ်၊ ရန်ကုန်နှင့် ဟံသာဝတီတို့က ၂၉ မှတ်စီ၊ ဇေယျာရွှေမြေက ၂၈ မှတ်၊ ရှမ်းယူနိုက်တက်နှင့် ရောဝတီတို့က ၂၅ မှတ်စီ၊ ဇွဲကပင်က ၂၄ မှတ်၊ ချင်းယူနိုက်တက်က ၁၉ မှတ်၊ ရခိုင်က ၁၁ မှတ်၊ Southern က ၁၀ မှတ်၊ Horizon က ခြောက်မှတ် ရရှိထားသည်။

**ညီမြတ်သော်တာ**

ခရီးသွားမယ်ဆို့ စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။




ဗုဒ္ဓ ဓမ္မ သံဃ
ပညာဒါနအလှပြင်သင်တန်းကျောင်း
(Since 2002)
၁။ မြန်မာပြည်တွင် ပထမဦးဆုံးဖွင့်လှစ်သည့် ကုသိုလ်ဖြစ် ပညာဒါနသင်တန်းကျောင်းဖြစ်ပါသည်။ (ဆိုင်ခွဲလုံးဝမရှိပါ)။ အချိန်ကာလ(၂)လတိတိသင်ကြားပေးပါသည်။ သင်ထောက်ကူပစ္စည်းများဝယ်စရာမလိုပါ။ သင်တန်းကျောင်းသီးသန့်ဖြစ်သောကြောင့် သင်တန်းသားများ၏ လိုအပ်ချက်များကို အချိန်ပြည့်ဖြည့်ဆည်းပေးနိုင်ပါသည်။
* ညှပ်နည်းအမျိုးမျိုး၊ Digital ကောက်နှင့်ကောက်နည်းမျိုးစုံ ဖြောင့်ခြင်း။ မျက်နှာ၊ ဆံပင် Spa-ကျစ်ဆံမျိုး။ ပွဲထိုင်ဆံထုံးများ။ Body Art အခြားဘာသာရပ်၊ ဘာသာစုံ၊ မိတ်ကပ်၊ ဆံထုံး၊ လက်သည်းပန်း၊ ခြေလက်သည်းနှင့်ပတ်သက်သောပညာရပ်များအားလုံး။ 3D ပေါင်းကြဲမျက်တောင်စိုက်ခြင်း။ ထိုင်းရိုးရာအကြောပိုင်းဆိုင်ရာပညာရပ်နှင့် အဆီချခြင်း။ ပညာဒါနဖြင့် (၁သိန်းကျပ်)။ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်၍ အလှပြင်သင်တန်းတက်ရောက်ခွင့်ကို ဆောင်ရွက်ပေးသည်။ ဆိုင်ဖွင့်၊ အလုပ်လုပ်သူများနှင့် အဆောင်နေသူများအတွက် ဆောင်ရွက်ပေးသည်။ အမျိုးသမီးသီးသန့်အလုပ်အကိုင်ရှာပေးသည်။ ဂျပန်နိုင်ငံတွင် နောက်ဆုံးနည်းပညာဖြင့် ထွက်ရှိသာသော (Lumi Deco Nail) လက်သဲမီးလင်းခြင်းပညာရပ်များကို သင်ကြားနိုင်ပါသည်။ တစ်ဦးတည်းသီးသန့်သင်တန်းများ။ နယ်မှလာသူများအတွက် (၁)လအမြန်သင်တန်းများစီစဉ်ပေးသည်။
www.bonnycarebeautycentre.com
BONNY CARE (သင်တန်းကျောင်း) အမှတ် (B/12)၊ မြေညီထပ်၊ ဘုရင့်နောင်ရထာအိမ်ရာဝင်း၊ အင်းစိန်လမ်းမ၊ လှည်းတန်းမှတ်တိုင်နောက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-5175088,09-421057760, 09-5039831

## ကန့်ကွက်နိုင်ပါကြောင်း

ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ဘဘ-၁၉/၁၁၀ (၁၅'×၄၀') အနောက်ဘက်ခြမ်း မြေကွက် ဦးမျိုးတင့် ယခင် PPG-၀၃၈၆၈၃၊ ယခု ၉/ခမစ(နိုင်)၀၂၆၄၅၉(ဘ)ဦးသိန်းတင့် မူရင်းစလစ်အမည်ပေါက်သော မြေကွက်ကိုပိုင်ရှင် ဦးမင်းအောင် ၁၃/နခတ(နိုင်)၀၂၀၀၄၂ထံမှ ကျွန်မ ဒေါ်ယဉ်မင်းသိန်း ၅/မမန(နိုင်) ၀၀၇၃၀၇ ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကိုပေးချေပြီးသည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မင်းသိန်း**
**၅/မမန(နိုင်)၀၀၇၃၀၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၁၈၆၈ Honda Click 110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရတနာလင်းသူ ၉/အမဇ(နိုင်)၀၄၁၈၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

# နမ့်ခမ်းမြို့သို့ ပြည်ပဧည့်သည်များစိတ်ဝင်တစား နေ့စဉ်လာရောက်လည်ပတ်

**နမ့်ခမ်း ဇူလိုင် ၁၀**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့သည် ရှေးဟောင်းနယ်စပ်မြို့ ဖြစ်သည်နှင့်အညီ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုများပြားပြီး နေ့ချင်းပြန်ဧည့်သည်များနေ့စဉ်လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။**(ယာဝုံ)**



အဆိုပါ လာရောက်လည်ပတ်ကြသည့် ခရီးသွားများသည် နမ့်ခမ်းမြို့တွင် ခရီးသွားလာရေးလုပ်ငန်း မရှိသဖြင့် မူဆယ်မြို့ ခရီးသွားလာရေးကုမ္ပဏီများ၏ ပို့ဆောင်ပေးမှုဖြင့် လာရောက်လည်ပတ်ကြကြောင်း သိရသည်။

မူဆယ်-နမ့်ခမ်းလမ်းသည် ၁၉ မိုင်ကွာဝေးပြီး မူဆယ်လမ်းအပိုင်းတွင် ယာဉ်များပိတ်ဆို့ခြင်း၊ လမ်းပျက်စီးခြင်းများရှိနေသော်လည်း နမ့်ခမ်းမြို့၏ ကျော်ကြားသော သမိုင်းဝင်ရှေးဟောင်းဘုရားစေတီများ၊ သမိုင်းဝင်နေရာများ၊ ရှေးကျသောအဆောက်အအုံများကို စိတ်ဝင်စားမှုရှိခြင်းကြောင့် နေ့စဉ်လာရောက်လည်ပတ်သူများရှိနေကြသည်။ အထူးသဖြင့် မြို့အဝင်နားရှိ အလောင်းစည်သူမင်းလက်ထက်က တည်ထားကိုးကွယ်ခဲ့သော မန့်ခမ်းစေတီတော်နှင့် မြို့လယ်ရှိ မြို့လယ်မဟာမုနိဘုရားကြီးတို့မှာ ပျက်စီးထိခိုက်မှုမရှိ၍ စိတ်ဝင်စားမှုပိုများကာ နေ့စဉ်လာရောက်လည်ပတ်မှုများရှိနေကြကြောင်း သိရသည်။

**ညာဏ်မင်း(နမ့်ခမ်း)**

# သောက်သုံးရေရှားပါးသည့်ကျေးရွာတွင် အဝီစိစက်ရေတွင်းတူးဖော် လှူဒါန်း

**ညောင်ဦး ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ထက်ယာကုန်းကျေးရွာတွင် ဒေသခံပြည်သူများ နှစ်စဉ် သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရ၍ မန္တလေးမြို့နေ အလှူရှင် ဦးပေါက်-ဒေါ်သောင်းစိန် (ပွင့်စိုက်ပျိုးရေးဆေးဆိုင်) က ငွေကျပ် သိန်း ၁၅၀ ခန့် အကုန်အကျခံကာ ရေလှောင်အုတ်ရေကန် တစ်ကန်နှင့် အတူ အနက်ပေ ၆၀၀ ခန့်ရှိ လေးလက်မ အဝီစိစက်ရေတွင်း တစ်တွင်း တူးဖော်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းပေးမှုကြောင့် ညောင်ဦးမြို့နယ် ထက်ယာကုန်းကျေးရွာနေဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှုအခက်အခဲမှ ပြေလျော့သက်သာလာခဲ့သဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိနေကြောင်း ယင်းကျေးရွာမှ ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။

ယခင်က အဆိုပါကျေးရွာနေပြည်သူများသည် နှစ်စဉ် နွေရာသီရောက်လျှင် သောက်သုံးရေရှားပါးမှုအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရ၍ အလှူရှင်အချို့မှ အဝီစိစက်ရေတွင်းများ တူးဖော်ပေးခဲ့သော်လည်း တူးဖော်နည်းစနစ်များချို့တဲ့ခဲ့မှုများကြောင့် လည်းကောင်း၊ ရေထွက်ရှိမှုမကောင်းသည့် အခက်အခဲများကြောင့် လည်းကောင်း ဒေသခံပြည်သူများအတွက် သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိကြောင်း ထက်ယာကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

"အရင်က အဝီစိစက်ရေတွင်းတွေ ကျွန်တော်တို့ရွာမှာနေရာတွေ ပြောင်းပြီး လေးကြိမ်လောက်အထိ တူးဖော်ခဲ့ပေမယ့် ရေရရှိမှုမရှိခဲ့ပါဘူး။ အခုလာလှူတဲ့ အဝီစိစက်ရေတွင်းကျမှပဲ ရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့တာပါ။ ရေထွက်အားကလည်း တစ်နာရီကို ရေဂါလန် ၁၂၀၀ အထိထွက်ရှိပါတယ်။ အခုဆိုရင် ဒေသခံပြည်သူတွေ သောက်သုံးရေအတွက် အခက်အခဲမရှိတော့တာမို့ အလွန်ဝမ်းသာ ပျော်ရွှင်မဆုံးဖြစ်နေကြပါတယ်"ဟု ထက်ယာကုန်းကျေးရွာမှ စက်ရေတွင်း ကော်မတီဝင်တစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# တာမွေလမ်းဆုံ ရေမြောင်းဆယ်ယူ

**ရန်ကုန် ဇူလိုင် ၁၀**

တာမွေမြို့နယ် မီးပွိုင့်လမ်းဆုံရှိ မြေအောက်ရေမြောင်းဆယ်ယူရေးကို ဇူလိုင် ၅ ရက်က မြို့နယ်စည်ပင်အင်ဂျင်နီယာဌာနမှဌာနစုမှူး ဦးကြည်စန်းဦးဆောင်၍ စက်ယန္တရားများဖြင့် မြောင်းဆယ်ယူရေးကို လုပ်သားများနှင့်အတူ ဆောင်ရွက်ခဲ့သည်။ မြို့နယ်အတွင်းရေစီးရေလာကောင်းမွန်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မိုးကြီးသည့်အခါများတွင် ယခင်ရေလျှံသည့်နေရာများဖြစ်သည့် တာမွေမီးပွိုင့်၊ ကျိုက္ကဆံလမ်း၊ ယုဇနပလာဇာတို့တွင် ယခုအခါရေလျှံခြင်းလျော့ပါးသွားပြီး သွားလာရေးအဆင်ပြေကြောင်း တွေ့ရှိရသည်။

မြို့နယ်စည်ပင်ဌာနမှ အုပ်ချုပ်ရေးမှူးဦးသန်းဦးက "စည်ပင်ဝန်ထမ်းတွေနဲ့ နေ့ပူမရှောင်မိုးရွာမရှောင် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မိဘပြည်သူတွေကလည်း အမှိုက်တွေကို စည်းကမ်းရှိစွာဆောင်ရွက်ပေးနိုင်ရင် မြို့ပြအင်္ဂါရပ်နဲ့ညီညွတ်ပြီး သန့်ရှင်းရေးနဲ့ ကျန်းမာရေးပါအားလုံးကောင်းမွန်လာမှာပါ"ဟု ပြောသည်။

**လှလှ**

**သတင်းတိုများ**

## ကလျာဏ လူမှုကူညီရေးအသင်း လူနာတင်ယာဉ် တစ်စီး လှူဒါန်း

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ ကလျာဏလူမှုကူညီရေးအသင်း၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဩဝါဒခံယူပွဲနှင့် အလှူရှင်မိသားစုမှ ကလျာဏလူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်တစ်စီးပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၇ရက် နံနက် ၉ နာရီက အဆိုပါ အသင်းရုံး၌ကျင်းပရာ စဉ့်ကူးမြို့ ကလျာဏလူမှုကူညီရေးအသင်းသို့ အလှူရှင် စဉ့်ကူးမြို့ ရပ်ကွက်(၂)မှ ဦးတင်ဆောင်-ဒေါ်မြင့်မြင့်တင် (မြနန္ဒာ စတိုး) မိသားစုက တတိယအကြိမ်မြောက် ငွေကျပ် ၁၂၅ သိန်းတန်ဖိုးရှိ လူနာတင်ယာဉ်တစ်စီးနှင့် ဆက်စပ်ပစ္စည်းအထောက်အထားစာရွက်စာတမ်းများကို လူမှုကူညီရေး အသင်းဥက္ကဋ္ဌဦးဝင်းမောင်ထံပေးအပ်ရာ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်**

## မိတ္ထီလာတက္ကသိုလ်ဝန်းကျင်စိမ်းလန်းရေး သစ်ပင်စိုက်ပွဲကျင်းပ

မိတ္ထီလာတက္ကသိုလ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကော်မတီက ကြီးမှူးကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် နံနက်က ကျင်းပကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ယူကလစ်၊ရေတမာ၊ တမာ၊ ကံ့ကော်၊စိန်ပန်း၊ ရွှက်လှ၊ ပုဏ္ဏရိက်စသည့် အရိပ်ရပင်နှင့် ပန်းအလှပင် စုစုပေါင်း ၁၂၄ ပင် ကို ကံ့ကော်ဆောင်နှင့် ဘွဲ့နှင်းသဘင်ခန်းမသစ်အနီးတို့တွင် ဒုတိယပါမောက္ခချုပ်ဒေါက်တာခင်ဖြူဖြူအေး၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာကေသီတင်၊တက္ကသိုလ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနှင့် စိမ်းလန်းစိုပြည်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန္တာနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျောက်ဖြူမြို့နယ်၌ ရေတွင်းများတူးဖော်

ကျောက်ဖြူမြို့နယ် ကင်းမြောက်ကျေးရွာအုပ်စု ကင်းရွာကြီးကျေးရွာ၌ အုတ်စီရေတွင်းကို မြို့နယ်ကျေးလက်ဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရက် ၁၀၀ အတွင်း တူးဖော်ပေးလျက်ရှိရာ အဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့ ဇူလိုင် ၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ရေတွင်းတူးဖော်ပေးမှုကြောင့် ကျေးရွာရှိအိမ်ထောင်စုများ သောက်သုံးရေအတွက် အကျိုးပြုနိုင်ပြီး ဘဏ္ဍာနှစ်အတွင်း ရေတွင်း ၁၀ တွင်းကို ကုန်ကျငွေကျပ် ၄၅ ဒသမ ၀၀ သန်းဖြင့် တူးဖော်ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## ပလက်ဝမြို့၌ ကျွန်းအပါအဝင် သစ်ပင် ၁၂၀ စိုက်ပျိုး

(၆၉)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုလျက် ပလက်ဝမြို့ လူငယ်သင်တန်းကျောင်းဝင်းဧရိယာတွင် ဇူလိုင် ၉ ရက်က သစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ကြပြီး ကျွန်းအပါအဝင် သစ်ပင် ၁၂၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဟိုပုံးမြို့နယ် လုံဟေးကျေးရွာ၌ အသိပညာပေးဟောပြော

ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လုံဟေးကျေးရွာဘုန်းကြီးကျောင်း၌ ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် စာဖတ်ခြင်းဖြင့်ဘဝကိုမြှင့်တင်ပါ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာကိုလည်းကောင်း၊ တီဘီရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာကို လည်းကောင်း၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် စိတ်ကြွရူးသွပ်ဆေးပြား အန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်တို့လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူတို့က ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**


# ဖြူးမြို့နယ်တွင် မိုးစပါးဧက တစ်သိန်းခွဲကျော် စိုက်ပျိုးရန် သတ်မှတ်လျာထား

**ဖြူး ဇူလိုင် ၁၀**

ဖြူးမြို့နယ်သည် တောင်ငူခရိုင် ခြောက်မြို့နယ်အတွင်း ဆောင်းသီးနှံပဲမျိုးစုံနှင့် မိုးစပါးများကို အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော မြို့နယ်တစ်ခုဖြစ်ပြီး ယခု ၂၀၁၆-၂၀၁၇ မိုးရာသီတွင် မိုးစပါး ၁၅၁၄၅၄ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့သည်။ အဆိုပါသတ်မှတ်လျာထားသော မိုးစပါးများကို ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၉ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့များမှ တောင်သူများက ရာသီအမီစိုက်ပျိုးသွားနိုင်ရေးအတွက် မိုးရွာသွန်းမှုအပေါ်တည်၍ မိုးရေရရှိမှုနှင့်အညီ ဇွန်လဒုတိယအပတ်မှစတင်၍ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်သည်။

ယင်းသို့ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နေကြသော်လည်း လွန်ခဲ့သည့် ၁၀ နှစ်ခန့်မှစ၍ လယ်ယာလုပ်သားရှားပါးမှုပြဿနာနှင့် တွေ့ကြုံနေကြရသဖြင့် အချို့ကျေးရွာများရှိ လယ်မြေများတွင် စပါးစေ့ကို ကြဲခင်းစနစ်ဖြင့်စိုက်ပျိုးလျက်ရှိနေကြသည်။ "ပျိုးမထောင်တော့ဘဲ ကြဲခင်းစနစ်နဲ့ ကြဲပက်စိုက်ပျိုးသူတွေအနေနဲ့ ကောက်စိုက်သမ မလိုအပ်တော့ဘဲ ကောက်စိုက်ခ တစ်ဧကေ ငွေကျပ်ငါးသောင်း သက်သာတော့ အထွက်နှုန်းလျော့ခြင်းအပေါ် ကာမိပါတယ်" ဟု ဒေသခံတောင်သူ တစ်ဦးက ပြောသည်။

**(ဖြူးမြင့်ဦး)**



# ဒညင်းသီးအထွက်နှုန်းများ၍ ယခင်နှစ်ကထက် ဈေးနည်းသော်လည်း အရောင်းအဝယ်ကောင်းနေ



**ဘားအံ ဇူလိုင် ၁၀**

ကရင်ပြည်နယ် ဖာပွန်ဒေသနှင့် သံတောင်ဒေသများတွင် ထွက်ရှိသော ဒညင်းသီးများမှာ ယခုနှစ်တွင် ယခင်နှစ်များကထက် အထွက်နှုန်းများလျက်ရှိသော်လည်း ဈေးနှုန်းအနေဖြင့် ယခင်နှစ်ကထက် ဈေးအနည်းငယ်လျော့နည်းလျက်ရှိကြောင်း သိရသည်။

ဒညင်းစိုက်ဒေသခံတစ်ဦးက "မနှစ်က ဒညင်းသီး အထွက်နည်းတယ်။ ဒီနှစ်အထွက်များရတဲ့သဘောက ကျွန်တော်တို့ဒေသတွေမှာ တစ်နှစ်သီးပြီးရင် နောက်တစ်နှစ်မှာ အားပြန်ယူရတဲ့သဘောအရ တစ်နှစ်အထွက်နှုန်းကောင်းရင် နောက်တစ်နှစ်အထွက်နှုန်းနည်းတယ်ပေါ့။ ဒီနှစ်က အထွက်နှုန်းများလို့လား၊ အဝယ်လိုက်လို့လား မသိဘူး။ မနှစ်ကလောက် ဈေးမကောင်းဘူး။ ဒါပေမယ့် လက်ရှိအနေနဲ့တော့ နေ့တိုင်းလိုလို အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ပြောသည်။

ဒညင်းသီးများကို ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဖာပွန်ဒေသထွက် ဒညင်းသီးများကို ဘားအံ၊ မော်လမြိုင်နှင့် ရန်ကုန်မြို့များသို့လည်းကောင်း၊ သံတောင်ကြီးမြို့နယ် သံတောင်မြို့၊ လိပ်သိုမြို့နှင့် ဘောဂလိမြို့များမှထွက်ရှိသော ဒညင်းသီးများကို တောင်ငူမြို့သို့လည်းကောင်း ရောင်းချပြီး ကိုယ်တိုင်တိုက်ရိုက်ရောင်းချခြင်းရှိသလို အဝယ်ဒိုင်များက ခြံအရောက် လာရောက်ဝယ်ယူခြင်းဖြင့်လည်း ဈေးကွက်သို့သွင်းကြကြောင်း သိရသည်။

အဆိုပါဒေသများတွင် ဒညင်းသီး လှိုင်လှိုင်ထွက်သည့် ဇူလိုင်လအချိန်တွင် ဒညင်းသီးများ ဈေးနှုန်းလျော့ကျနေသဖြင့် ဖာပွန်ဒေသထွက် ဒညင်းသီးဈေးနှုန်း ယခင်နှစ်က တစ်ပုံးလျှင် ၁၂၀၀၀ ကျပ် ရှိခဲ့ရာမှ ယခုနှစ်တွင် တစ်ပုံးလျှင် ၈၀၀၀ ကျပ်နှုန်းရှိနေကြောင်း၊ သံတောင်ဒေသထွက် ဒညင်းသီးမှာ ယခင်နှစ်က တစ်ပုံးလျှင် ၁၂၀၀၀ မှ ၁၅၀၀၀ ကျပ်အထိ ရရှိခဲ့ရာမှ ယခုနှစ်တွင် တစ်ပုံးလျှင် ၇၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်နှုန်းခန့်သာ ရှိနေသော်လည်း အရောင်းအဝယ်မှာမူ ကောင်းလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မိုးရွာသွန်းမှုများ၍ မြေပဲ၊ နှမ်းနှင့် အခြားသီးနှံများ အောင်မြင်ဖြစ်ထွန်း

**မကွေး ဇူလိုင် ၁၀**

မကွေးမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လအတွင်းက မိုးရွာရက် ၁၆ ရက်ရှိခဲ့ပြီး မိုးရေချိန်မှာလည်း ၉ ဒသမ ၁ လက်မအထိ ရွာသွန်းခဲ့၍ မကွေးမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ဆီထွက်သီးနှံနှင့် အခြားသီးနှံများကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ရာ ယခုအခါ နှမ်းများသည်စတင် ပွင့်ဖူးကာ မြေပဲပင်များတွင်လည်း ပန်းများစတင်ပွင့်ပြီး အခြားသီးနှံများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မကွေးမြို့နယ်တွင် ပြီးခဲ့သည့်နှစ် ဇွန်လအတွင်းက မိုးရွာရက် လေးရက်သာရှိခဲ့ပြီး မိုးရေချိန်မှာလည်း ၁ ဒသမ ၃ လက်မသာရှိခဲ့ရာ ယခုနှစ်တွင် မိုးရေချိန် ၇ ဒသမ ၈ လက်မ အထိ ပိုမိုရွာသွန်းခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဇွန် ၄ ရက်မှ ၉ ရက်အတွင်းကလည်း မိုးမပြတ်ရွာသွန်းခဲ့ခြင်းကြောင့် တောင်သူများအနေဖြင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခိုင်မင်းက ယခုနှစ် မိုးရွာခြင်းကြောင့် သီးနှံများအတွက် အနှောင့်အယှက်မဖြစ်ဘဲ ပိုမိုအောင်မြင်ဖြစ်ထွန်းကြောင်း၊ တောင်သူများအနေဖြင့် ဓာတ်မြေဩဇာ ပက်ဖျန်းခြင်း၊ အပင်များကို ပိုးမွှားရောဂါကာကွယ်ခြင်း လုပ်ငန်းများ မျက်ခြည်မပြတ် ဆောင်ရွက်ပေးသွားမည်ဆိုပါက ယခုနှစ် သီးနှံအထွက်နှုန်း ပိုကောင်းနိုင်မည်ဖြစ်ကြောင်း အကြံပြုပြောကြားသည်။

မကွေးမြို့တွင် ယခုနှစ် မြေပဲလျာထားကေမှာ ၉၀၄၈ ဧက ဖြစ်ပြီး အမှန်စိုက်ပျိုးကေမှာ ၁၃၅၈၅ ဧကနှင့် နှမ်းလျာထားကေမှာ ၁၈၁၆ ဧကဖြစ်ပြီး အမှန်စိုက်ပျိုးကေမှာ ၁၄၃၅၄ ဧကအထိ စိုက်ပျိုးနိုင်၍ လျာထားကေများထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးသည့် နှမ်းမျိုးမှာ စမုံနက်၊ နှမ်းနက်၊ မကွေးနှမ်းဖြူနှင့် စက်လှည့်နှမ်းများကို အများဆုံး စိုက်ပျိုးပြီး မြေပဲမျိုးများမှာ ဆွန်တာနီနှင့် ဆင်းပဒေသာ(၁၁) မျိုးများကို အများဆုံးစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# မျက်စိအမြင်အာရုံချို့တဲ့သည့် လူနာများအား အခမဲ့ကွင်းဆင်းကုသပေး

**ငါ့သရောက် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ပေါ်ရှိ ရပ်ကွက်(၄)ရပ်ကွက်နှင့်မြို့နယ်အတွင်း ကျေးရွာများမှ မျက်စိအမြင်အာရုံချို့တဲ့ပြီး ခွဲစိတ်ကုသရန် အခက်အခဲရှိသည့် ဒေသခံပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးဝါးကုသမှုများကို ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ကျန်းမာရေးဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာတင်ကိုကိုနှင့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့က ဇူလိုင် ၉ ရက်က မြို့နယ် ပြည်သူ့ကျန်းမာရေးဆေးရုံသို့ လာရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မျက်စိအထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့သည် မျက်စိအမြင်အာရုံချို့တဲ့နေသည့်လူနာများအား အမြင်အာရုံချို့တဲ့မှုအခြေအနေများကို လူနာတစ်ဦးချင်းအလိုက် စမ်းသပ်စစ်ဆေးကာ လိုအပ်သည့် ဆေးဝါးများဖြင့် ဆေးကုသခြင်းများဆောင်ရွက်ပေးခဲ့ပြီး ခွဲစိတ်ကုသရန်လိုအပ်သည့် မျက်စိလူနာများအား ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမဲ့ ဆေးဝါးကုသပေးရာသို့ မြို့နယ်အတွင်းမှ အမြင်အာရုံချို့ယွင်းသူ လူနာပေါင်း ၂၄၄ ဦး လာရောက်ပြသခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင်ဘူတာ၌ ရထားစီးခရီးသည်များအနေဖြင့် လက်မှတ်ဝယ်ယူစီးနင်းကြရေးနှင့် ခရီးစဉ်ပြီးဆုံးပါက လက်မှတ်များ ပြန်လည်အပ်နှံရေးအတွက် မန်နေဂျာဦးကျော်စိုးလင်း(သွားလာရေး/တိုင်း)က ဦးဆောင်၍ လက်မှတ်စစ်အုပ်များနှင့် လက်မှတ်စစ်ဝန်ထမ်းများ၊ လက်မှတ် သိမ်းဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# သိမ်းဆည်းမြေများ တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်

**သရက်ချောင်း ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်အတွင်းမှ သိမ်းဆည်းထားသောမြေများကို မူလပိုင်ရှင် ဒေသခံပြည်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့သည်။

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်မှ စက်မှုဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းမှ ပြန်လည်စွန့်လွှတ်သည့် ဧရိယာ ၃၀၆ ဒသမ ၅ ဧကအနက် ၁၆၈ ဧကကို တောင်သူ ၁၇ ဦးအားလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် ဧရိယာ ၀ ဒသမ ၆၅ ဧကအနက် ၀ ဒသမ ၄၈ ဧကကို တောင်သူငါးဦးအားလည်းကောင်း လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကာ စုစုပေါင်း တောင်သူ ၂၂ ဦးအတွက် ဧရိယာ ၁၆၈ ဒသမ ၄၈ ဧကဖြစ်ပြီး တောင်သူများအား ယာယီလုပ်ပိုင်ခွင့်(ပုံစံ-၃)ဖြင့် ယာယီလုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

သိမ်းဆည်းမြေများ ပြန်လည်ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ရှိဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ အသုံးပြုရန်မရှိသည့် ပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများ လက်ဝယ်သို့ အမြန်ပေးအပ်နိုင်ရေးအတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်သူ့အကျိုးကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလင်းတို့က တောင်သူများအား စွန့်လွှတ်မြေများတွင် ယာယီလုပ်ပိုင်ခွင့်(ပုံစံ-၃)များကို ပေးအပ်ခဲ့သည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## သတင်းတိုများ

### မကွေးမြို့နယ်တွင် မိုးစပါးများစတင်စိုက်ပျိုး

မကွေးမြို့တွင် မိုးများ စတင်ရွာသွန်းနေပြီဖြစ်သဖြင့် ဒေသခံတောင်သူများအနေဖြင့် မိုးစပါးများစတင်စိုက်ပျိုးရန် မြေပြင်ခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းများကို လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။ မကွေးမြို့တွင် မိုးစပါး ၅၄၁၆ ဧက စိုက်ပျိုးရန် လျာထားပြီး လျာထားဧကများ ပြည့်မီရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် စပါးစိုက်မည့် တောင်သူများအား နည်းပညာပေးခြင်းလုပ်ငန်း၊ မျိုးဖြန့်ဖြူးခြင်းလုပ်ငန်းများကို စိုက်ပျိုးချိန်အမီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

### ကျေးရွာစက်ရေတွင်းတူးဖော်မှု ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မြင်တော်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်ပေးနေသည့် လေးလက်မစက်ရေတွင်းတူးဖော်မှုကို ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများ ဇူလိုင် ၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ စက်ရေတွင်းကို ဇွန် ၂၉ ရက်က စတင်တူးဖော်ခဲ့ပြီး ဇူလိုင် ၇ ရက်တွင် အနက်ပေ ၅၈၀ အထိ တူးဖော်ပြီး၍ ရေကောင်းရေသန့် ထွက်ရှိနေပြီဖြစ်ကာ ရေပန့်၊ ရေကန်နှင့် ရေစက်ရုံများဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် သင်တန်းဖွင့်လှစ်



**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ(၅)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် သင်တန်းကို ဇူလိုင် ၅ ရက်က ပို့ချခဲ့သည်။

ဟောပြောပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (နေပြည်တော်ရုံး)မှ ဦးစီးမှူး ဒေါ်တင်တင်ဌေးနှင့် ဝန်ထမ်းများက သင်တန်းပို့ချ ဟောပြောသည်။

သင်တန်းသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၅၆၀ ကျော် တက်ရောက်ခဲ့ပြီး သင်တန်းတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးက မော်တော်ယာဉ်ဥပဒေစာအုပ်များကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ထံသို့ ပေးအပ်ခဲ့သည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# မုံရွာ-သာစည်-နောင်ကြီးအိုင် လမ်းချဲ့ရန်သစ်ပင်ကြီး ခုတ်မည့်အရေးရတက်မအေးဖြစ်နေ

**သတင်းဆောင်းပါး - မျိုးဝင်းထွန်း(မုံရွာ)**

**မုံရွာ ဇူလိုင် ၁၀**

မုံရွာမြို့မှ သာစည်-နောင်ကြီးအိုင်လမ်းသည် ရွှေဘိုနယ်စပ်အထိ ၃၇ မိုင် ၆ ဖာလုံရှိကာ လမ်း၏ မိုင်တိုင်အမှတ် (၂/၀) မုံရွာပညာရေးကောလိပ်အနီးမှ မိုင်တိုင်အမှတ် (၆/၁) ကျောက်စစ်ပုံကျေးရွာအနီးအထိ ၄ မိုင်ကျော်တွင် လမ်းအကျယ်မှာ ၁၂ ပေခန့်သာရှိသည်။

အဆိုပါ လမ်းသား ၁၂ ပေမှာ ကျဉ်းမြောင်းနေ၍ ယာဉ်အသွားအလာ ခက်ခဲသောကြောင့် လမ်းသား တစ်ဖက်လျှင် သုံးပေစီတိုး၍ စုစုပေါင်းလမ်းသား ၁၈ ပေအထိနှင့် လမ်းပခုံးသား တစ်ဖက်လျှင် သုံးပေစီဖြင့် နှစ်ဖက်အတွက် ခြောက်ပေ၊ စုစုပေါင်း တစ်ဖက်လျှင် ခြောက်ပေစီ လမ်းတိုးချဲ့ရန် မုံရွာခရိုင်လမ်းဦးစီးဌာနက စီစဉ်နေပြီး လမ်းဘေးတစ်လျှောက်မှ လမ်းနှင့်မလွတ်သော သက်တမ်းနှစ်တစ်ရာကျော်ရှိ သစ်ပင်ကြီးပေါင်း ၂၀၀ ကျော်ကို ခုတ်လှဲရန် စီစဉ်နေခြင်းအပေါ် ဒေသခံများက လက်မခံကြဘဲ သစ်ပင်မခုတ်ဘဲ လမ်းသားချဲ့နိုင်မည့် နည်းလမ်းဖြင့်သာ ဆောင်ရွက်ရန် အလိုရှိနေကြကြောင်း သိရသည်။

သစ်ပင်ခုတ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးလှုပ်ရှားမှုကို စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်က ဦးဆောင်ကာ ပြုလုပ်ရန်စီစဉ်နေပြီး ဇူလိုင် ၁၂ ရက်တွင် မုံရွာမြို့မှ သာစည်လမ်းတစ်လျှောက် ကျေးရွာများမှ ဒေသခံများထံမှ လက်မှတ်များ ကောက်ယူသွားမည်ဖြစ်သလို မုံရွာမြို့ပေါ်ရှိ ဒေသခံများထံမှ လက်မှတ်များကိုလည်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အမာကြည်ဦးဆောင်၍ ကောက်ခံသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူငယ်ကွန်ရက်ဥက္ကဋ္ဌ ကိုဇော်သူရိန်ထွန်း၏ ပြောကြားချက်အရ သိရသည်။

သစ်ပင်ကြီးများကို ခုတ်မည့်ကိစ္စနှင့်ပတ်သက်၍ ကဗျာဆရာ စာရေးဆရာ ဆရာကြီးဦးအံ့မောင်က "မုံရွာနဲ့ ရွှေဘို ခရိုင်ချင်းဆက်လမ်းကို တိုးချဲ့ဖို့ဆိုပြီး လမ်းဘေးမှာစိုက်ထားတဲ့ ကုက္ကိုပင်၊ တမာပင်အစရှိတဲ့ သစ်ပင်ကြီးပေါင်း ၂၀၀ ကျော်ကို ခုတ်လှဲပစ်မယ်လို့ ကြားသိရပါတယ်။ ဒီလောက် အပူဒီဂရီတွေ မြင့်တက်ပြီး သစ်ပင်တွေရှားလာတဲ့အချိန်မှာ သစ်ပင်ကို အမြတ်တနိုးပြုစုဖို့ အလွန်လိုအပ်နေတုန်း အခုလိုသစ်ပင်ကြီးတွေ ခုတ်ပစ်ဖို့ စဉ်းစားတယ်ဆိုတာဟာ တော်တော်ကို စဉ်းစားလို့မရတဲ့ အကြံအစည်မျိုးဖြစ်ပါတယ်။ ဒီသစ်ပင်ခုတ်ဖို့ မလုပ်သင့်ဘူးလို့ ကျွန်တော်အပြင်းအထန် ကန့်ကွက်ပါတယ်" ဟု ပြောသည်။

မုံရွာ-သာစည်-နောင်ကြီးအိုင်လမ်းပေါ်ရှိ မုံရွာပညာရေးကောလိပ်မှ အရှေ့၄ မိုင် ၁ဖာလုံကို လက်ရှိလမ်းအကျယ် ၁၂ ပေမှ ၁၈ ပေအကျယ် ချဲ့ရန် မုံရွာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလမ်းဦးစီးဌာနမှ ဆောင်ရွက်မည်ဖြစ်ကာ လောလောဆယ်တွင် လမ်းနှင့်မလွတ်သည့် အရိပ်အလွန်ရသော သစ်ပင်ကြီး ၂၀၀ ကျော်အား ခုတ်ခွင့်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ တင်ပြထားကြောင်းနှင့် သစ်ပင်ခုတ်ခွင့်မပေးသေးသည့်အတွက် လုပ်ငန်းမစသေးဘဲ ပြည်သူများ၏ သဘောထားအသံအစစ်ကို ရယူ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မုံရွာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးကျော်လင်းထံမှ သိရသည်။

"မနှစ်က သာစည်-နောင်ကြီးအိုင်လမ်း ၃၇ မိုင် ၆ ဖာလုံက မပေါက်သေးဘူး။ ဒီနှစ်မှ လမ်းကပေါက်တာပါ။ အဲဒီလိုပေါက်တော့ သွားလာမှု များလာသလို ယာဉ်ကြောလည်းကြပ်လာပြီး ယာဉ်အန္တရာယ်လည်း တစ်နေ့ထက်တစ်နေ့ စိုးရိမ်လာရပါတယ်။ မုံရွာမြို့ ဗိုလ်ချုပ်ကြေးရုပ်ကနေ မုံရွာပညာရေးကောလိပ်အထိ လမ်းသား ၁၈ ပေအထိ ၂၀၁၂-၂၀၁၃ လောက်က ချဲ့ထားပြီးဖြစ်တဲ့အတွက် အခုမြို့ပြင်ပိုင်းမှာ အများဆုံးကျန်တဲ့ ၄ မိုင် ၁ ဖာလုံ အရှည်အထိ ချဲ့သွားဖို့ စီစဉ်နေတာပါ။ ပြည်သူ့ဆောက်လုပ်ရေး လမ်းဦးစီးဌာနအနေနဲ့ တစ်နှစ်ပတ်လုံး တစ်ရက်ဖြတ်တဲ့ ပျမ်းမျှဖြတ်သန်းသွားလာတဲ့ ကားအရေအတွက်ကို မူတည်ပြီး အစီးရေ ၅၀ အောက်ဆိုရင် လမ်းသား ၁၂ ပေ ဖောက်ခင်းပေးရသလို ၅၀ စီးကနေ အစီး ၅၀၀ အထိ သွားလာတယ်ဆိုရင် လမ်းသား ၁၈ ပေအထိ ချဲ့ပေးရမယ်ဆိုတာ သတ်မှတ်ထားတဲ့အတိုင်း ၁၂ ပေကနေ ၁၈ပေအထိချဲ့ဖို့ စီစဉ်တာပါ။ ချဲ့ရင်သစ်ပင်ကြီးတွေ လွတ်အောင် သစ်ပင်ကြီးတွေအတွင်းကနေ သစ်ပင်တွေချန်ဖောက်ပြီး ချဲ့မယ်ဆိုရင် လမ်းတစ်လျှောက်နေနေကြတဲ့ ဒေသခံတွေရဲ့အိမ်ဝင်းတွေ၊ လယ်ယာမြေတွေကနေ ဖဲ့ယူရမှာဆိုတော့ တန်ရာတန်ကြေးပေးဝယ်ဖို့ ငွေကြေးကလည်း မရှိတဲ့အတွက် လမ်းဘေးနှစ်ဖက်က သစ်ပင်ကြီးတွေခုတ်ဖို့ စီစဉ်ရတာပဲဖြစ်ပါတယ်"ဟု ဦးကျော်လင်းက ရှင်းပြသည်။

မုံရွာမြို့ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်မှစတင်သော သာစည်လမ်းသည် မုံရွာမြို့၏ သမိုင်းဝင် ဒိစတြိတ်လမ်းဖြစ်သလို လမ်းနှင့် အပြိုင်စိုက်ထားသော အရိပ်ရသစ်ပင်ကြီးများမှာလည်း သက်တမ်းနှစ်ပေါင်းတစ်ရာကျော် ရှိနေပြီဖြစ်သောကြောင့် သစ်ပင်ခုတ်မည့်ကိစ္စကို အဆောတလျင် မဆောင်ရွက်ဘဲ အများ၏သဘောထား ရယူဆောင်ရွက်သင့်ကြောင်း၊ အကယ်၍ လမ်းချဲ့ရာတွင် မဖြစ်မနေသစ်ပင်ခုတ်ကြရတော့မည်ဆိုလျှင်



နှစ်ဖက်စလုံးမှ သစ်ပင်များကို ခုတ်မည့်အစား တစ်ဖက်တည်းရှိ သစ်ပင်များကိုသာခုတ်၍ ဆောင်ရွက်လျှင် သင့်တော်လိမ့်မည်ထင်ကြောင်း သစ်ပင်များကို အမြတ်တနိုးစိုက်ပျိုးနေသူ မုံရွာမြို့မိမြို့ဖ ဦးချစ်လှိုင်က အကြံပြုထားသည်။

"လမ်းချဲ့မှာဆိုတော့လည်း အများအတွက် ကောင်းပါတယ်။ အပင်တွေ ခုတ်မှာဆိုတာကလည်း တစ်မျိုးကြီးပေါ့။ ယာဉ်အန္တရာယ်ကလည်း မကြာခဏဖြစ်နေဆိုတော့ လမ်းချဲ့မယ့်အပေါ်တော့ ရွာကလူတွေ လက်ခံပါတယ်။ ဒါပေမယ့် သစ်ပင်ခုတ်လှဲမယ့်အပေါ်တော့ မကြိုက်ကြပါဘူး။ ဘာလို့လဲဆိုတော့ သစ်ပင်ကြီးတွေက လေဒဏ်မိုးဒဏ် ကာကွယ်ပေးနေသလို လူကြီးသူမ၊ ကလေးငယ်တွေအတွက် အရိပ်ဆက်ပေးနေလို့ပါပဲ"ဟု မုံရွာမြို့ ပြည်တော်သာရပ်ကွက်နေ ပြည်သူတစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

**"သစ်ပင်တွေချန်ဖောက်ပြီး ချဲ့မယ်ဆိုရင် လမ်းတစ်လျှောက်နေနေကြတဲ့ ဒေသခံတွေရဲ့ အိမ်ဝင်းတွေ၊ လယ်ယာမြေတွေကနေ ဖဲ့ယူရမှာဆိုတော့ တန်ရာတန်ကြေးပေးဝယ်ဖို့ ငွေကြေးကလည်းမရှိတဲ့အတွက် လမ်းဘေးနှစ်ဖက်က သစ်ပင်ကြီးတွေခုတ်ဖို့ စီစဉ်ရတာပဲ ဖြစ်ပါတယ်"**

မုံရွာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်လင်း



## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**သထုံ ဇူလိုင် ၁၀**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ဇူလိုင် ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင် ဦးဆောင်၍ ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပေါင်မြို့နယ် ထန်းပင်ချောင်လေးကျေးရွာအုပ်စုနှင့် ညောင်ကုန်းကြီး ကျေးရွာအုပ်စုအစပ် နယ်ကြားရှိ ကန့်ငုတ်ချောင်းကို ရေစီးရေလာကောင်းမွန်စေရေး၊ ရေထိန်းတံခါးများ တပ်ဆင်နိုင်ရေး၊ တရားမဝင် ချောင်းပိတ်မြောင်းပိတ်မှုများကြောင့် စပါးစိုက်ကေများ ထိခိုက်မှုအခြေအနေနှင့် စပါးစိုက်ပျိုးမှု ပိုမိုအောင်မြင်တိုးတက်ရေးတို့အတွက် ချောင်းတစ်လျှောက် စက်လှေဖြင့် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး သင်တန်းနှင့် ဟောပြောပွဲပြုလုပ်

**မင်းဘူး ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရက် ၁၀၀ ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသင်တန်းနှင့် ဟောပြောပွဲကို စကုမြို့ အမှတ်(၂)ရပ်ကွက်ရှိ အောင်သုခဓမ္မာရုံ၌ ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးသန်းနိုင်ဦးနှင့် စစ်ဆေးရေးမှူး(၂) ဦးမျိုးမင်းထွန်းတို့က မော်တော်ယာဉ်ဥပဒေပါ တားမြစ်ချက်နှင့် ပြစ်ဒဏ်များ၊ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ၊ မော်တော်ယာဉ်သွားလာမှု စည်းကမ်းများ၊ အမြန်လမ်းမကြီးတွင် လိုက်နာရမည့် စည်းကမ်းများ၊ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန်အတွက် စည်းကမ်းများကို အသေးစိတ် ဟောပြောသည်။

ဟောပြောပွဲသို့ စကုမြို့မှ ဒေသခံပြည်သူ ၇၅၀ ခန့် တက်ရောက်ခဲ့ပြီး ဟောပြောပွဲတက်ရောက်သူများမှ မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ပြုလုပ်လိုသူများအား လိုင်စင်ထုတ်ပေးနိုင်ရေးအတွက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မင်းဘူးခရိုင်ရုံးအနေဖြင့် မေ ၁၆ ရက်မှစ၍ Chip ပါသော Smart Card ယာဉ်မောင်းလိုင်စင်များကို စတင်ဆောင်ရွက်ပေးခဲ့ရာ ခရိုင်အတွင်းရှိ မြို့နယ်များသို့ ရက် ၁၀၀ စီမံချက်ဖြင့် ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**



## ငွေသာဆည်အတွင်း ငါးကောင်ရေနှစ်သိန်းခန့် မျိုးစိုက်ထည့်

**ဆားလင်းကြီး ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာရှိ ငွေသာဆည်အတွင်းသို့ ပထမအကြိမ် စုပေါင်းငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့ပြီး ငါးကောင်ရေနှစ်သိန်းခန့်ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၏ လမ်းညွှန်မှုဖြင့် ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းလင်း ဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ငါးမျိုးများ စိုက်ထည့်ခြင်းဖြစ်သည်။ ငါးမျိုးစိုက်ထည့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ငွေသာဆည်အတွင်းသို့ ငါးမြစ်ချင်းနှင့် ထိုင်းငါးခုံးမကြီး စုစုပေါင်း ငါးကောင်ရေ နှစ်သိန်းခန့် မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# တိုကျိုမြို့ရှိ စိုက်ပျိုးရေးပညာသင်ကြားပေးနေသော တက္ကသိုလ်များ (အပိုင်း-၃)

**ဒေါက်တာမျိုးကြွယ် (AUAA)**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

**တိုကျိုတက္ကသိုလ်(The University of Tokyo)**

တိုကျိုတက္ကသိုလ်သည် ဂျပန်နိုင်ငံတွင် ၁၈၇၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော နာမည်ကြီးတက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ ဥပဒေ၊ ဆေး၊ အင်ဂျင်နီယာ၊ စာပေ၊ သိပ္ပံ၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ဝိဇ္ဇာ၊ ပညာရေးနှင့် ဆေးဝါးဗေဒသိပ္ပံ မဟာဌာန (Faculty)၁၀ ခု ရှိပါသည်။ ဘွဲ့လွန်သင်တန်းကျောင်း(Graduate Schools)ပေါင်း ၁၅ ခု၊ သုတေသနဌာန (Research Institute) ၁၁ ခုနှင့် တက္ကသိုလ်အခြေစိုက်အထူးပြုဌာန (University-wide Centers) ၁၃ ခု ရှိပါသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပါမောက္ခ ၁၃၉၁ ဦး အပါအဝင် ဘာသာရပ်ဆိုင်ရာ သင်ကြားရေးဆရာ ဆရာမပေါင်း ၅၉၁၄ ဦးနှင့် အထောက်အကူပြုဝန်ထမ်း ၄၆၁၂ ဦးရှိပြီး ဘွဲ့ကြို ကျောင်းသား ကျောင်းသူပေါင်း ၁၃၉၆၀ ဦးနှင့် ပါရဂူကျောင်းသား ကျောင်းသူ ၅၈၂၇ ဦး အပါအဝင် ဘွဲ့လွန်ကျောင်းသား ကျောင်းသူပေါင်း ၁၃၄၁၇ ဦးရှိသော နာမည်ကြီး တက္ကသိုလ် ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေး မဟာဌာနတွင်ရှိသော ဌာနများမှာ -

(က) စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဇီဝဗေဒဌာနအောက်တွင် သင်ကြားသုတေသနပြုနေသော ဘာသာရပ်များမှာ အပင်မွေးမြူရေးနှင့် ဗီဇဗေဒ (Plant Breeding and Genetics)၊ အင်းဆက်ဗီဇနှင့် ဇီဝသိပ္ပံပညာ (Insect Genetics and Bioscience)၊ သီးနှံသိပ္ပံပညာ(Crop Science)၊ ဥယျာဉ်ခြံသီးနှံသိပ္ပံ(Horticultural Science)၊ အသုံးချကိမိလဗေဒ (Applied Entomology)၊ အပင်ဂေဟဗေဒနှင့် ရုပ်သွင်ပညာ (Plant Ecology and Morphology)၊ အပင်ရောဂါဗေဒ (Plant Pathology)၊ ဇီဝစာရင်းအင်းပညာနှင့် စာရင်းအင်းဆိုင်ရာဗီဇဗေဒ (Biometrics and Statistical Genetics)စသည်တို့ ဖြစ်ပါသည်။

(ခ) အသုံးချဇီဝဓာတုဗေဒဌာနအောက်တွင် သင်ကြားပေးသော ဘာသာရပ်များမှာ အပင်မော်လီကျူးဆိုင်ရာ ဇီဝကမ္မဗေဒ (Plant Molecular Physiology)၊ အပင်အာဟာရနှင့် မြေသြဇာ (Plant Nutrition and Fertilizer)၊ ဇီဝနှင့်သြဂဲနစ် ဓာတုဗေဒ (Biological and Organic Chemistry)၊ မြေဆီလွှာသိပ္ပံ (Soil Science)နှင့် အစားအသောက်သိပ္ပံ (Food Science) ဆိုင်ရာ ဘာသာရပ်ခွဲများ (Nutritional Biochemistry, Food Chemistry, Food Biochemistry, Food Biotechnology, etc.) စသည်တို့ ဖြစ်ပါသည်။

(ဂ) ဇီဝနည်းပညာဌာနအောက်တွင် သင်ကြားပေးသော ဘာသာရပ်များမှာမော်လီကျူးနှင့် ဆဲလ်မွေးမြူမျိုးပွားခြင်း (Molecular and Cellular Breeding)၊ ဇီဝသတင်းအချက်အလက်အင်ဂျင်နီယာပညာ (Bio information Engineering)၊ ကဇော်ဖောက်ခြင်းနှင့် အသုံးချ အဏုဇီဝဗေဒ (Fermentation and Applied Microbiology)တို့ ဖြစ်ပါသည်။

(ဃ) သစ်တောသိပ္ပံဌာနအောက်တွင် သစ်တောရုက္ခနှင့် သတ္တဗေဒ (Forest Botany and Forest Zoology)၊ သစ်ပင်စိုက်ပျိုးပြုစုမှုဘာသာ (Silviculture)၊ သစ်တောများ ထိန်းသိမ်းအုပ်ချုပ်ခြင်း (Forest Management)၊ သစ်တောဆိုင်ရာ မူဝါဒနှင့် အသုံးချခြင်း(Forest Policy& Utilization) သစ်တောဇလဗေဒနှင့် မြေယာအလှဆင်ခြင်းပညာ(Forest Hydrology and Landscape Planning, Design) စသည့် ဘာသာရပ်များကို သင်ကြားသုတေသနပြုနေပါသည်။

(င) ရေလုပ်ငန်းဆိုင်ရာ ဇီဝသိပ္ပံဌာနအောက်တွင် သင်ကြားသုတေသနပြုနေသောဘာသာရပ်များမှာ ရေလုပ်ငန်းဆိုင်ရာ မော်လီကျူးဇီဝဗေဒ (Aquatic Molecular Biology)၊ ငါးလုပ်ငန်းဆိုင်ရာဇီဝဗေဒ (Fisheries Biology)၊ ငါးရောဂါဗေဒသုတေသန (Fish Diseases Research)၊ ရေလုပ်ငန်းဇီဝဗေဒနှင့် ပတ်ဝန်းကျင်သိပ္ပံ (Aquatic Biology and Environmental) စသည်တို့ ဖြစ်ပါသည်။

(စ) စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ် စီးပွားရေးပညာဌာနတွင် သင်ကြားပေးသောဘာသာရပ်များမှာ လယ်ယာစီးပွားရေးထိန်းသိမ်းမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး (Farm Business Management and Rural Development)၊ စိုက်ပျိုးမွေးမြူရေးသမိုင်း (Agricultural History)၊ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးမှုစီးပွားရေးပညာ (Agricultural and Development Economics)၊ အစားအသောက်နှင့် အရင်းအမြစ်စီးပွားရေးပညာ (Food and Resource Economics)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဘဏ္ဍာရေးပညာ စသည်များကို သင်ကြားသုတေသနပြုလျက်ရှိနေပါသည်။

(ဆ) ဇီဝနှင့်ပတ်ဝန်းကျင် အင်ဂျင်နီယာဌာနအောက်တွင် သင်ကြားပေးသောဘာသာရပ်များမှာ မြေယာပတ်ဝန်းကျင် အင်ဂျင်နီယာ (Land Environmental Engineering)၊ ရေအရင်းအမြစ် ပတ်ဝန်းကျင် အင်ဂျင်နီယာ (Water Environmental Engineering)၊ မြေဆီလွှာရူပဗေဒနှင့် မြေဆီလွှာဇလဗေဒ (Soil Physics and Soil Hydrology) စသည်တို့ ဖြစ်ပါသည်။

(ဇ) အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးသိပ္ပံဌာနမှာ ဂျပန်နိုင်ငံတွင်သာမက နိုင်ငံရပ်ခြားတိုင်းပြည်များတွင် လိုအပ်လျက်ရှိသော စိုက်ပျိုး၊ မွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြဿနာများကို ပူးပေါင်းဖြေရှင်းပေးလိုသောသဘောဖြင့် နိုင်ငံတကာ တိရစ္ဆာန် ထုတ်လုပ်ခြင်းပညာ (Global Animal Production)၊ ငါးသိပ္ပံပညာ (Fish Science)၊ နိုင်ငံတကာ အပင်စိုက်ပျိုးထုတ်လုပ်ခြင်းပညာနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်သိပ္ပံပညာ (International Development and Agro- Environmental Sciences) တို့ကို ပူးပေါင်းလေ့လာ သင်ကြားသုတေသနပြုနေသော ဌာနဖြစ်ပါသည်။

သုတေသနကိုအခြေခံသောတက္ကသိုလ် (Research–based University) ဖြစ်သည့်အလျောက် တက္ကသိုလ်ရှိ စုစုပေါင်းပါမောက္ခ ၁၃၉၁ ဦးတွင် စိုက်ပျိုးရေးမဟာဌာန၌ ပါမောက္ခ ၉၄ ဦး၊ တွဲဖက်ပါမောက္ခ ၁၀၇၄ ဦးတွင် စိုက်ပျိုးရေးမဟာဌာန၌ ၈၈ ဦးရှိကာ စိုက်ပျိုးရေးပညာ ဘွဲ့ကြိုကျောင်းသား ၆၆၀ နှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူ ၁၀၉၇ ဦးကို ဦးဆောင်သင်ကြား သုတေသနပြုလျက် ရှိပါသည်။

စိုက်ပျိုးရေးပညာကို တိုကျိုမြို့ရှိ တက္ကသိုလ်သုံးခုတွင် ပါမောက္ခပေါင်း ၄၅၀ ကျော်က ဘွဲ့ကြိုကျောင်းသား ကျောင်းသူ ၂၀၀၀၀ ကျော်နှင့် ဘွဲ့လွန် ကျောင်းသား ကျောင်းသူ ၃၅၀၀ ခန့်ကို နှစ်စဉ်သင်ကြားသုတေသနပြုလျက် ရှိပါသည်။ စိုက်ပျိုးရေးအခြေခံသော ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တစ်ခုသာရှိပြီး ဘွဲ့ကြိုကျောင်းသားကျောင်းသူပေါင်း ၂၇၆၉ ဦးနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူပေါင်း ၁၇၂ ဦးအား ဆရာ ဆရာမ ၁၉၃ ဦးက သင်ကြားရေး၊ သုတေသန၊ တောင်သူတိုးချဲ့ပညာပေးရေး တို့ကိုပါ ပြုလုပ်ပေးလျက် ရှိနေပါသည်။ ပါမောက္ခမှာ စုစုပေါင်း ၁၄ ဦးသာရှိပြီး ဘွဲ့ကြို၊ ဘွဲ့လွန် အထူးပြုဘာသာရပ် သင်ကြားပေးလျက်ရှိသော ဌာနကြီး ခုနစ်ခုတွင် တစ်နိုင်ငံလုံးပါမှ ပါမောက္ခတစ်ဦးစီသာလျှင် ရှိနေပေသည်။

ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံများတွင်လည်း စိုက်ပျိုးမွေးမြူရေးပညာ သင်ကြားပေးလျက်ရှိသော တက္ကသိုလ်များမှာ ဘင်္ဂလားဒေ့ရှ်တွင် ၁၀ ခု၊ တရုတ်နိုင်ငံတွင် ၂၃ ခု၊ အိန္ဒိယနိုင်ငံတွင် ၇၄ ခု၊ ထိုင်းနိုင်ငံတွင် ၁၅ ခု၊ ဗီယက်နမ်နိုင်ငံတွင် ကိုးခု၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁၉ ခု အသီးသီးရှိကြပြီး စိုက်ပျိုးမွေးမြူရေးပညာ ဘာသာရပ်ပေါင်းစုံကို ပါမောက္ခများစွာက သင်ကြား သုတေသနပြုလျက်ရှိနေကြပါသည်။

သို့ဖြစ်ရာ နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးပညာ စံနှုန်းကို မီအောင် ကျွန်တော်တို့ အမြန်နှုန်းဖြင့် လိုက်ရပါလိမ့်မည်။

---



**ကျောင်းသားလူငယ်များနှင့် ပြည်သူများ၏ ကျန်းမာရေးအတွက် စားသုံးရန်မသင့်သော စားသောက်ကုန်အမျိုးမျိုးကို ကချင်ပြည်နယ် ဖန်းမော်ခရိုင် မန်စီမြို့နယ် မိုင်းခေါင်ကျေးရွာအုပ်စု၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပီတာဘောက်နော်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းအုပ်ကြီးတို့ပူးပေါင်း၍ ဇူလိုင် ၈ ရက်က လိုက်လံသိမ်းဆည်းကြပြီး မိုင်းခေါင် အထက်တန်းကျောင်း ဘောလုံးကွင်းအနီး၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။**
(ခရိုင် ပြန်/ဆက်)

## ကျေးရွာစာကြည့်တိုက်များရှင်သန်ခိုင်မာရေးကွင်းဆင်းဆောင်ရွက်

**မလှိုင် ဇူလိုင် ၁၀**

မလှိုင်မြို့နယ်အတွင်း ကျေးရွာများရှိ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ ဒေသခံပြည်သူများ စာဖတ်သည့် အလေ့အကျင့်ရရှိစေရေးနှင့် အသိပညာ ဗဟုသုတတိုးပွားစေရေးအတွက် ပညာပေးဟောပြောပွဲများ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဆည်တိုကျေးရွာအုပ်စု ရွှေပြည်ကျေးရွာရှိ အိုင်တီပညာခေတ်စာကြည့်တိုက်၌ ပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဆွေဆွေမြင့်က နယ်လှည့်ပညာပေးဟောပြောပွဲကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာပေဖတ်ရှုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများအကြောင်းကို ပညာပေးဟောပြောသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်မှူးက စာကြည့်တိုက်တွင် စာအုပ်စာစောင်များ တိုးပွားရေးအတွက် အကြံပြုဆွေးနွေးခဲ့ပြီး မြို့နယ်အတွင်း စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆောင်ရွက်ချက်မှတ်တမ်း ဓာတ်ပုံများနှင့် နံရံကပ်စာစောင်များကို ဒေသခံပြည်သူများအား ပြသခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

---

## သတင်းတိုများ

### နွေစပါးစံကွက် စုပေါင်းရိတ်သိမ်း

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မကျည်းကန်ကျေးရွာအုပ်စု ထန်းရင်းကုန်းကျေးရွာ၌ ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးရာသီက စိုက်ပျိုးခဲ့သော ဗီယက်နမ်(OM-8017) စပါးမျိုးသန့် စံပြရွာ ၁၀ ဧက စံပြစိုက်ခင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ကြည်ကြည်သိန်းနှင့် ဝန်ထမ်းများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ Internship program နောက်ဆုံးနှစ်ကျောင်းသူများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေးများ ပူးပေါင်း၍ ဒေသခံတောင်သူများနှင့်အတူ ဇူလိုင် ၈ ရက်က စံကွက်ရိတ်သိမ်းခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**

### အလွတ်တန်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မိုင်းဖြတ်မြို့ ဈေးတန်းကွက်သစ်ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ဇူလိုင် ၈ ရက်က ကျင်းပခဲ့ပြီး ဗိုလ်လုပွဲတွင် အထက(မိုင်းဖြတ်)(က)အသင်းနှင့် အထက(ဟိုနား)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အထက(ဟိုနား)အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အနိုင်ရခဲ့သော အထက(ဟိုနား)အသင်းအတွက် ပထမဒိုင်းဆုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်က ဂုဏ်ပြုချီးမြှင့်ပြီး ဒုတိယဆုရရှိသော အထက(မိုင်းဖြတ်) (က)အသင်းနှင့် အကောင်းဆုံးဆုရ ဘောလုံးသမားများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

---

## ကလေးမြို့ရှိ မြန်မာနိုင်ငံ မသန်စွမ်းကောင်စီ အလုပ်ရုံဆွေးနွေး

**ကလေး ဇူလိုင် ၁၀**

ကလေးမြို့ရှိ မြန်မာနိုင်ငံ မသန်စွမ်းကောင်စီ(DDI)၏ အလုပ်ရုံဆွေးနွေးပွဲကို သဇင်(၁) ရပ်ကွက် ရှင်းဟုန်ခန်းမ၌ ဇူလိုင် ၈ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကလေးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းအောင်ထွေးက အမှာစကားပြောကြားပြီး မသန်စွမ်းသူဖွံ့ဖြိုးရေး ရှေ့ဆောင်အဖွဲ့၏ လုပ်ငန်းမိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ကလေးမြို့ မသန်စွမ်းကောင်စီမှ ဒါရိုက်တာ ဆရာဦးဆန်အုပ်ကျုံးက ပြောကြားသည်။ “ကလေးမြို့ပေါ်မှာရှိတဲ့ ရပ်ကွက်တွေမှာ မသန်စွမ်းသူ ၅၈၇ ဦးအထိ စာရင်းကောက်ယူရရှိထားပြီး လူတိုင်းအကျုံးဝင် ပညာရေးကျောင်းနေ ၂၃ ဦး၊ အထူးပညာရေးကျောင်းနေ(Day Care) ၂၀၊ အိမ်တိုင်ရာရောက် ပြုစုပျိုးထောင် ၁၀ ဦး ရှိပါတယ်။ ဒါတင်မကသေးဘူး။ မသန်စွမ်းသူတွေအတွက် အထောက်အကူပြုပစ္စည်းတွေကို လိုအပ်သလို ကူညီထောက်ပံ့ပေးပါတယ်။ ပညာရေးဟောပြောပွဲတွေကို တစ်နှစ်မှာငါးကြိမ် ပြုလုပ်ပေးနိုင်ပါတယ်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တွေကိုလည်း ၂၀၁၁ ခုနှစ်ကစပြီး နှစ်စဉ်ကျင်းပပေးနိုင်ခဲ့ပါတယ်”ဟု ၎င်းက ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းကောင်စီ (MFPD)မှ Program Director ဦးဇန်နီဘွဲက မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေများ၊ မသန်စွမ်းသူအဖွဲ့အစည်းကောင်စီ၏ ရည်ရွယ်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ကလေးမြို့ရှိ မြန်မာနိုင်ငံ မသန်စွမ်းကောင်စီအနေဖြင့် မသန်စွမ်းကလေးများ ဖွံ့ဖြိုးရေးအစီအစဉ်၏ ပရဟိတလုပ်ငန်းဖြစ်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်နိမ့် မသန်စွမ်းကလေးသူငယ်များ စောင့်ရှောက်ခြင်းလုပ်ငန်းကို ၂၀၀၇ ခုနှစ်မှစတင်၍ဆောင်ရွက်နေပြီး ရန်ကုန်မြို့ဒေဝမသန်စွမ်းကလေးများပြုစုရာရိပ်မြုံ၏ ဦးဆောင်ပံ့ပိုးမှုနှင့် စေတနာရှင်အလှူရှင်များ၏ ပါဝင်လှူဒါန်းငွေများဖြင့် လည်ပတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား**

---

## ဆောက်လုပ်ရေး လုပ်ငန်းရှင်အသင်း(မန္တလေး) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၅-၂၀၁၆ ခုနှစ်ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုက နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၅-၂၀၁၆ အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြား အတည်ပြုသည်။ ယင်းနောက်အသင်းသား၊ အသင်းသူများ၏ ကြိုတင်အကြံပြုချက်များကို အလုပ်အမှုဆောင်အဖွဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာထွန်းဝင်းကပြန်လည်ဆွေးနွေးခြင်း၊ ဖြေရှင်းတင်ပြခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မန်ယူရဲ့ ရာသီအကြိုပွဲစဉ်တွေလာပြီ

ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲ လှုပ်ခတ်ပြီးငြိမ်သက်သွားချိန်မှာတော့ ဥရောပထိပ်တန်း ကလပ်တွေရဲ့ ရာသီအကြိုခြေစမ်းပွဲတွေ စတင်ဖို့ ပြင်ဆင်နေကြပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်ရဲ့ နာမည်ကြီးကလပ် မန်ယူရဲ့ ရာသီအကြိုဘောလုံးပွဲအစီအစဉ်ကတော့ ဇူလိုင် ၁၆ ရက်မှာ စတင်ပါတော့မယ်။ ပြည်ပခရီးစဉ်အဖြစ် တရုတ်နဲ့ ဆွီဒင်နိုင်ငံတွေမှာ သွားရောက်ကစားဖို့လည်း အစီအမံတွေပြုလုပ်ထားပြီဖြစ်ပါတယ်။

မန်ယူအသင်းဟာ နည်းပြမော်ရင်ဟိုနဲ့အတူ ရာသီအကြို ခြေစမ်းပွဲတွေအတွက် ပြင်ဆင်တဲ့နေရာမှာ ယူရိုပြိုင်ပွဲမှာ အင်္ဂလန်အသင်းအတွက် ပါဝင်ကစားခဲ့တဲ့ ရွန်းနေ၊ စတာလင်းနဲ့ ရက်ရှ်ဖို့ဒ်တို့ကို ခရီးစဉ်မှာလိုက်ပါခွင့်ပြုခဲ့ပေမယ့် ပါဝင်ကစားစေမှာ မဟုတ်ဘူးလို့ ပြောဆိုထားပါတယ်။ အဲဒီကစားသမားတွေကို ပွဲပန်းမှုကြောင့် အနားပေးခဲ့တာဖြစ်ပြီး အခြားနောက်ထပ်အကြောင်းအရာမရှိဘူးလို့ ဆိုထားပါတယ်။

မန်ယူအသင်းက တရုတ်နိုင်ငံမှာ ဇူလိုင် ၂၂ ရက်မှာ ကျင်းပမယ့် နိုင်ငံတကာ ချန်ပီယံများဖလားပြိုင်ပွဲမှာ ဒေါ့မွန်၊ မန်စီးတီးတို့နဲ့ ကစားဖို့ရှိနေပါတယ်။ ဇူလိုင် ၂၂ ရက်မှာ တရုတ်နိုင်ငံ ရှန်ဟိုင်းအားကစားကွင်းမှာ ဒေါ့မွန်နဲ့ ရင်ဆိုင်ကစားရမှာဖြစ်ပြီး ဇူလိုင် ၂၅ ရက်မှာတော့ မန်စီးတီးအသင်းနဲ့ တရုတ်နိုင်ငံ ဒက်သိုက်ကွင်းမှာ ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။

တရုတ်နိုင်ငံမှာ ကစားမယ့် ဘောလုံးပွဲတွေမှာ ရွန်းနေ၊ စတာလင်းနဲ့ ရက်ရှ်ဖို့ဒ်တို့ကို ပါဝင်ကစားစေဖို့ ပရိသတ်တွေက တောင်းဆိုရင်တောင် မိမိရဲ့ဆုံးဖြတ်ချက်ကို ပြင်ဆင်မှာမဟုတ်ဘူးလို့ မော်ရင်ဟိုက ဆိုထားပါတယ်။ မော်ရင်ဟိုက အင်္ဂလန်ကိုယ်စားပြုပြီး ယူရိုပြိုင်ပွဲဆင်နွှဲခဲ့တဲ့ မန်ယူကစားသမားသုံးဦးစလုံးကို အနားပေးထားပါတယ်။ ရွန်းနေတို့ကလည်း လောလောဆယ်မှာ အနားယူစေပြီး တရုတ်နိုင်ငံခရီးစဉ်ကို လိုက်ပါဖို့အသင့်ရှိနေသူတွေပဲဖြစ်ပါတယ်။

မန်ယူအသင်းဟာ ရာသီအကြိုပွဲစဉ်အဖြစ် ဇူလိုင် ၁၆ ရက်မှာ ဝီဂန်အသင်းနဲ့ အင်္ဂလန်နိုင်ငံ DW ကွင်းမှာ ကစားဖို့ရှိနေပါတယ်။ ဒီပွဲမှာ မော်ရင်ဟိုဟာ မန်ယူနည်းပြအဖြစ် ပထမဆုံးကိုင်တွယ်ရမယ့်ပွဲဖြစ်ပြီး မော်ရင်ဟိုနဲ့ မန်ယူကိုစောင့်ကြည့်အကဲခတ်မယ့် ပရိသတ်တွေလည်း ကမ္ဘာတစ်ဝန်းမှာ အများအပြားရှိနေပါတယ်။

အဲဒီပွဲပြီးရင်တော့ မန်ယူက တရုတ်နိုင်ငံကို ခရီးထွက်မှာဖြစ်ပြီး နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲအဖြစ် ဇူလိုင် ၂၂ ရက်မှာ ဒေါ့မွန်၊ ဇူလိုင် ၂၅ ရက်မှာ မန်စီးတီးတို့နဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ နည်းပြမော်ရင်ဟိုရဲ့ကိုင်တွယ်မှုက မန်ယူကို ဘယ်လောက်အထိ တောက်ပလာမယ်ဆိုတာ ကြည့်ရမှာဖြစ်သလို မော်ရင်ဟိုလက်အောက်မှာ ကစားသမားတွေရဲ့ စိတ်ဓာတ်စွမ်းအား၊ ခြေစွမ်းထက်မြက်မှုတွေနဲ့ ကစားနည်းဗျူဟာတွေ ဘယ်အထိ တိုးတက်လာမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

အဲဒီပွဲပြီးရင်တော့ မန်ယူဟာ ဇူလိုင် ၃၀ မှာ ဂါလာတာစာရေးအသင်းနဲ့ ဆွီဒင်နိုင်ငံ Nya Ullevi ကွင်းမှာ သွားရောက်ကစားရမှာဖြစ်ပါတယ်။ ဩဂုတ် ၃ ရက်မှာတော့ အဲဗာတန်အသင်းနဲ့ အင်္ဂလန်နိုင်ငံ အိုးထရက်ဖို့ဒ်ကွင်းမှာ ကစားရဖို့ရှိနေပါတယ်။ ဩဂုတ် ၇ ရက်မှာတော့ အက်ဖ်အေဖလားချန်ပီယံဖြစ်တဲ့ မန်ယူက ပရီမီယာလိဂ်




ချန်ပီယံ လက်စတာအသင်းနဲ့ ရာသီအကြိုကွန်မြူနတီဒိုင်းပွဲစဉ်အဖြစ် ရင်ဆိုင်ရမယ့်ပွဲရှိပါတယ်။

ဒါကြောင့် ရာသီအကြိုပွဲစဉ်တွေမှာ မန်ယူရဲ့ဗျူဟာအခင်းအကျင်း ကစားသမားနေရာချမှုတွေပြောင်းလဲသွားမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်သလို မော်ရင်ဟိုနဲ့အတူ ရာသီအကြိုပွဲစဉ်တွေမှာ မှတ်တမ်းကောင်းတွေ ဖော်ထုတ်ပြသနိုင်မလားဆိုတာ အကဲခတ်ရတော့မှာဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# မန်စီးတီးနဲ့ စတင်မိတ်ဆက်တဲ့ နည်းပြ ဂွာဒီယိုလာ



မန်စီးတီးအသင်းက နည်းပြသစ်ဂွာဒီယိုလာနဲ့ စတင်မိတ်ဆက်ဖို့ အကောင်းဆုံးပြင်ဆင်ရတော့မယ့် အနေအထားပါ။ ဂွာဒီယိုလာရဲ့မန်စီးတီးအသင်းအနေနဲ့ ပရီမီယာ ဆန်းဒါးလန်းအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ တွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေတယ် လာလီဂါမှာရော ဂျာမန်ဘွန်ဒက်လီဂါမှာပါ မှုပြင်းထန်လှတဲ့ ပရီမီယာလိဂ်ကိုခြေချဖို့ ကြိုးစား လိဂ်မှာ စမ်းသပ်ခံဖို့အသင့်အနေအထားကို ရောက် အစမှာ အောင်မြင်မှုတွေရဖို့ ဂွာဒီယိုလာက ချန်ပီယံဖြစ်ခဲ့တဲ့ လက်စတာကိုတော့ ကန့်ကွက်မှာ ဟိုဖြစ်လာဖို့ ရှိပါတယ်။ ဂွာဒီယိုလာနဲ့ မော်ရင်ဟိုတို့ကြားက လို့ ပြောဆိုနေကြတာလည်းရှိပါတယ်။

လိုက်ပြီဖြစ်ပါတယ်။ လာမယ့်ရာသီမှာ မန်စီးတီးအသင်းကိုကိုင်တွယ် မော်ရင်ဟိုဟာ ဂွာဒီယိုလာရဲ့အဓိကပြိုင်ဘက်ဖြစ်လာဖို့ရှိနေပါ လိဂ် ကန့်လန့်ကာအဖွင့်မှာတော့ ဩဂုတ် ၁၃ ရက်မှာ မန်စီးတီးရဲ့ မျှော်လင့်ချက်တွေ၊ မန်စီးတီးကစားသမား လို့ ဂွာဒီယိုလာက ဆိုပါတယ်။ ဂွာဒီယိုလာဟာ စပိန် အောင်မြင်ခဲ့တဲ့နည်းပြတစ်ဦးပါ။ သူ့အနေနဲ့ ပြိုင်ဆိုင် နေတာတော့ ကြာပါပြီ။ အခုအခါမှာတော့ ပရီမီယာ ရှိနေပါပြီ။ အသင်းရဲ့ကစားသမားတွေကိုလည်း ရာသီ တိုက်တွန်းလိုက်ပါတယ်။ ပရီမီယာလိဂ်မှာ ပြီးခဲ့တဲ့နှစ်က မဟုတ်ပါဘူး။ ဂွာဒီယိုလာရဲ့ အဓိကပြိုင်ဘက်က မော်ရင် ပရီမီယာလိဂ်ရဲ့ချန်ပီယံသစ်ကို ရွေးချယ်ပေးရမယ့် နှစ်တစ်နှစ်

# ပေါင် ၂၈ သန်းနဲ့ ရောင်းထုတ်မယ့် ဘောလိုက်


ခရစ္စတယ်ပဲလေ့စ်အသင်းအနေနဲ့ သူ့ရဲ့ တောင်ပံတိုက်စစ်မှူး ရန်းနစ်ဘောလိုက်ကို ရောင်းထုတ်ဖို့ ကြိုးစားနေပါပြီ။ လက်ရှိအချိန်မှာတော့ ရန်းနစ်ဘောလိုက်ကို ရောင်းထုတ်ဖို့ ပေါင် ၂၈ သန်းအထိ ဈေးခေါ်ထားပါတယ်။ မကြာသေးမီက အန်းဒရိုတောင်ဆင် ပေါင် ၁၃ သန်းနဲ့ရောက်လာပြီးကတည်းက ဘောလိုက်ရဲ့ အနာဂတ်ဟာ မသေချာ မရေရာဖြစ်




နေတာပါ။ အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ ဘောလိုက်ကို ပရီမီယာလိဂ်ကလပ်အချို့က ခေါ်ယူဖို့ ဆန္ဒပြင်းပြနေတာပါ။ ဘောလိုက်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့အသင်းတွေထဲမှာ စပါးနဲ့ ဝက်စ်ဟမ်းတို့က အဓိကဖြစ်ပါတယ်။ သို့ပေမယ့် ပဲလေ့စ်က ဈေးအရောင်းမြှင့်တင်ထားတဲ့အတွက် စိတ်ဝင်စားနေတဲ့ အသင်းတွေအတွက် အခက်တွေ့နေပါတယ်။ ပဲလေ့စ်အနေနဲ့ ပေါင်သန်း ၂၀ အောက်ဈေးနဲ့တော့ ရောင်းဖွယ်မရှိပါဘူး။ ပေါင် ၂၈ သန်းဈေးခေါ်ပေမယ့် သန်း ၂၀ အထက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နိုင်ပါတယ်။ ရန်းနစ်ဘောလိုက်ဟာ ခရစ္စတယ်ပဲလေ့စ်မှာ အားထားရတဲ့ တိုက်စစ်မှူးကောင်းပါ။

ပဲလေ့စ်အနေနဲ့ သူ့အစား တောင်ဆင်ကို ပေါင် ၁၃ သန်း နဲ့ ခေါ်ယူထားတာပါ။ ဘောလိုက်ကို ဈေးအမြင့်နဲ့ ရောင်းထုတ်ပြီး တောင်ဆင်ကိုခေါ်ယူကာ အမြတ်အစွန်းရဖို့ ကြိုးစားမှုတစ်ခုပါပဲ။ ဘောလိုက်ဟာ စပါးလိုအသင်းကြီးမှာ အကောင်းဆုံးကစားသမားဖြစ်လာဖွယ်ရှိနေပါတယ်။

# ဝက်စ်ဟမ်းရဲ့ လစာအမြင့်ဆုံးကစားသမား ဖြစ်လာနိုင်တဲ့ ကားလို့စ်ဘက်ကာ




ကားလို့စ်ဘက်ကာဟာ ဝက်စ်ဟမ်းအသင်းရဲ့ ကိုယ်စားလှယ်တွေနဲ့ တနင်္လာနေ့မှာ တွေ့ဖို့ရှိနေပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိ ကားလို့စ်ဘက်ကာဟာ အေစီမီလန်အသင်းမှာ တစ်ပတ် ပေါင် ၆၀၀၀၀ ရနေပြီး ဝင်ငွေအကောင်းဆုံးကစားသမားတစ်ဦးဖြစ်ပါတယ်။ ကိုလံဘီယာတိုက်စစ်မှူး ကားလို့စ်ဘက်ကာကို အက်သလက်တီကိုမက်ဒရစ်ကလည်း တစ်ပတ်ပေါင် ၁၂၀၀၀၀ နဲ့ ခေါ်ယူဖို့ စိတ်ဝင်စားနေတာပါ။ ဝက်စ်ဟမ်းအသင်းကလည်း အက်သလက်တီကိုနဲ့ အပြိုင်ခေါ်ယူဖို့ ကြိုးစားနေတာပါ။ ဝက်စ်ဟမ်းအသင်းအနေနဲ့ သူ့ကို စာချုပ်ဖြစ်မယ်ဆိုရင်တော့ ဒီမစ်ထရီပေရက်နဲ့အတူ ဝင်ငွေအကောင်းဆုံးကစားသမားဖြစ်လာဖို့ ရှိနေပါတယ်။ ဝက်စ်ဟမ်းကတော့ ဆီဗီလာတိုက်စစ်မှူးဟောင်း ကားလို့စ်ဘက်ကာကို ပေါင်သန်း ၂၀ နဲ့ စာချုပ်ဖွယ်ရှိနေပါတယ်။ အေစီမီလန်တိုက်စစ်မှူးကို ဝက်စ်ဟမ်းတာဝန်ရှိသူတွေက တွေ့ဆုံဆွေးနွေးတော့မှာဖြစ်ပါတယ်။ လစာမှာလည်း လက်ရှိလစာမှ တစ်ပတ်ပေါင် ၁၂၀၀၀၀ ရရှိနိုင်တဲ့အတွက် နှစ်ဆဖြစ်သွားနိုင်ပါတယ်။ ဘက်ကာဟာ အီတလီစီးရီးအေ အေစီမီလန်အသင်းမှာ ထိပ်တန်းဂိုးသွင်းသမားတစ်ဦးဖြစ်ပါတယ်။

❑ ကောင်းမြတ်သူ - စုစည်းသည်။ ❑

## တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟသာလမ်း)ရှိ စက်ပစ္စည်း ၈ မျိုးကို ရော်ဘာပစ္စည်းစက်ရုံခွဲ(သဃ်နန်းကျွန်း) သို့ ရွှေ့ပြောင်းတပ်ဆင်နိုင်ရေးအတွက် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၁-၇-၂၀၁၆ ရက်မှ ၂၀-၇-၂၀၁၆ ရက်အတွင်း အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူ တင်သွင်းနိုင်ပါသည်-

**စီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၄၁၊**
**စက်မှုဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၀၈၃၇၂၊ ၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေတိုက်ဦးစီးဌာန
## နေပြည်တော်

# လျှောက်လွှာခေါ်ယူခြင်း

၁။ ငွေတိုက်ဦးစီးဌာနတွင် စိစစ်ရေးမှူး(၂) (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး (၂၁)နေရာ လစ်လပ်လျက်ရှိပါသည်။ လစ်လပ်ရာထူး (၂၁)နေရာတွင် စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့ရများနှင့် တက္ကသိုလ်များမှ အင်္ဂလိပ်စာဘွဲ့ရများ၊ ကွန်ပျူတာသိပ္ပံဘွဲ့ရသူများ၊ ဥပဒေဘွဲ့ရသူများကို ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံထားရသူများအား (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တွင် ကနဦးလစာကျပ် ၁၈၀၀၀၀/ဖြင့် အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ငွေတိုက်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထား၍ နှစ်တိုးခံစားခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါဘွဲ့တစ်ခုခုရရှိသူများ ဖြစ်ရပါမည်။
  - (၁) ဝါဏိဇ္ဇဘွဲ့(B.Com)
  - (၂) စာရင်းကိုင်ပညာဘွဲ့(B.Act)
  - (၃) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
  - (၄) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)B.Econ(Economics)
  - (၅) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
  - (၆) ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S)
  - (၇) စီးပွားရေးပညာဘွဲ့(စာရင်းအင်း)B.Econ(Statistics)
  - (၈) ဝိဇ္ဇာဘွဲ့( အင်္ဂလိပ်စာ)B.A (English)
  - (၉) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.S.C)
  - (၁၀)ဥပဒေပညာဘွဲ့ (LL.B)
- (ဂ) ၅-၈-၂၀၁၆ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်စေရ။ အစိုးရဝန်ထမ်းများအား အသက်(၃၀)အထိ ခွင့်ပြုသည်။

၄။ ရေးဖြေစာမေးပွဲကိုဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၅၀၀/-ပေးသွင်းရမည်ဖြစ်ပါသည်။ နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ်၊ MD-012683သို့ ငွေစာရင်းခေါင်းစဉ် ၂၄။ဘဏ္ဍာရေး၊ ၇။ ငွေတိုက်ဦးစီးဌာန၊ "၁။ပစ္စည်းများ ရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ ၀၂။ ဆောင်ရွက်ပေးမှုအတွက် ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင်" ငွေတိုက်ဦးစီးဌာန၊ စိစစ်ရေးမှူး-၂ ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာတွင် အောက်ပါတို့ကို ဖော်ပြရမည်။
- (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ခ) မွေးသက္ကရာဇ် (အသက်)
- (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
- (စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
- (ဇ) ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းအမှတ်
- (ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ

၇။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ပူးတွဲပါရှိရမည်။
- (က) ဝင်ကြေးပေးသွင်း ချလန်မူရင်း
- (ခ) ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) ရရှိသည့်ဘွဲ့၏အမှတ်စာရင်းမိတ္တူ
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
- (င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ၁-၇-၂၀၁၆ ရက် နောက်ပိုင်း ရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်း

၈။ ဝန်ထမ်းမဟုတ်သူများလျှောက်လွှာတင်သွင်းရာတွင် "ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်"သို့လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်စာပြုလုပ်၍သော်လည်းကောင်း၊ ငွေတိုက်ဦးစီးဌာနသို့ ၅-၈-၂၀၁၆ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

၉။ ဝန်ထမ်းများသည်လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၁၉-၈-၂၀၁၆ ရက်နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ၅-၈-၂၀၁၆ ရက် နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါလျှပ်စစ်စစ်ဆေးရေးကိရိယာများအား (ကျပ်ငွေ)ဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | Tangent Delta Tester | ၁ ခု |
| (ခ) | SF6 Gas Analyzer | ၂ ခု |
| (ဂ) | Watt-hour Meter | ၂ ခု |
| (ဃ) | High Voltage A.C Dielectric Tester | ၁ ခု |
| (င) | Automatic Protective Relay Tester | ၁ ခု |

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၁-၇-၂၀၁၆ရက် နံနက် ၀၉း၀၀နာရီမှ ၁၆း၃၀ နာရီထိ
(ခ) **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂-၈-၂၀၁၆ရက် နံနက် ၀၉း၀၀နာရီမှ ၁၆း၃၀နာရီထိ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၃၀)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၌ ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့၊ ဖုန်း-၀၆၇-၄၀၈၄၀၂၊ ၀၆၇-၄၀၈၄၄၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## ပညာရေးဝန်ကြီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မကွေး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

**(က) ရုံးသုံးစက်ကိရိယာများ**
1. Projector Screen (6'x6')
2. Motorized Projector Screen (10x10)
3. Projector(CANNON) 4000 Lumens
4. Wireless Access Point, cisco small business 300 series
5. Wireless Outdoor Access point Unit (cisco)
6. Media Converter (10/100/1000 Base-T x to 100 Base-Fx Bridging)
7. 27 U Rack with cable management bar
8. Dlink 24 port Gigabit switch
9. APC Smart UPS-RT-300W
10. Physics lab's Accessories (Sonometer, Transmission Gratings 600 lines/mm) Equilateral Prisms, Spectrometer, Masses (5kg, 2kg, 1kg)Tuning Forks Activator (10 x 8 x 5cm)Variable Power Supply, Digital Thermometer Tangent Galvanometer Spherometer)
11. Amp Fiber Optic Rack Mount Patch Enclosure
12. Fiber Optic Patch Cord SC to ST 3 Meter Single mode-Yellow
13. Audio System for Lecture Rooms 100 W
14. Airconditioner Split type (Mitsubishi 1.5 HP)
15. Airconditioner Stand Type (5HP)
16. မြက်ရိတ်စက် Honda (Lawn Mower-Shoulder) ဘေးလွယ်
17. Refrigerator (two doors)
18. 7.5 HP motor with pump
19. Stand Fun (Hetari)
20. Digital Oscilloscope
21. Wireless Router
22. Desktop Computer Dell PC 5th Gen Intel R Core TMi 7, 8GB Dual Channel DDR3, 1TBHDD, NVIDIA R Geforce R GTX 745 4GB, 24" LCD Monitor, USB Keyboard and Mouse
23. UPS for sever, APC smart RT-500
24. Printer - cannon LBP 2900
25. Color Laser Printer(Cannon LBP - 7100 CW) Catridge 331B, C, M, Y (A4 Size, 14PPM (Mono) 14PPM (Color), 600 x 600 dpi, USB Interface, Network Interface Ethernet 10Base/100Base-TX USB2.OStd, UFR II.LT) Monthly Duty Cycle;3000 Pages
26. Copier (IR 2545), (Heavy), (1x250 Sheets universal cassettle, 1x550 sheets universal cassettle, 1x100 sheets stack bypass. STD;256 dpi copy/scan resolution 1200x 1200 dpi printing resolution)
27. Paper Shredder
28. Conference Audio System for 40 Persons

**ရုံးသုံးပရိဘောဂများ**
(1) ခုတင်(Bed Teak)/Single Bed
(2) အမှုထမ်းထိုင်ခုံလက်တန်းမပါ ကုလားထိုင်(သစ်သား)
(3) အရာရှိစားပွဲ (၅'-၃'-၂.၅")
(4) အမှုထမ်းစားပွဲ (၃'-၂'-၂.၅")
(5) လက်တွေ့သုံးစားပွဲ (၈'-၄'-၄')
(6) Aluminium Locker (LK-118) 4 Shelf(4'-5'-1.5')
(7) Aluminium SLG 304,Steel, (LEECO)
(8) သစ်သားမှန်ဗီရို (၆.၅'-၄'-၂.၆')
(9) မီးခံသေတ္တာ(LEECO - 700 Pl)

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၂-၇-၂၀၁၆ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၈-၂၀၁၆ရက် မွန်းလွဲ ၂း၀၀နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ်(မကွေး)

၃။ အသေးစိတ်အချက်အလက်များကို သိလိုပါကကွန်ပျူတာတက္ကသိုလ်(မကွေး)ရုံး ဖုန်း-၀၉-၅၃၄၂၈၅၉၊ ၀၉-၂၅၉၁၆၃၆၄၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(မကွေး)**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်တာယာများနှင့် ဘက်ထရီများအား ဌာနသို့အရောက်ပို့စနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (၁) | Tyre 175 x 13 | ၈ လုံး |
| (၂) | Tyre 175x 14 | ၄ လုံး |
| (၃) | Tyre 185x 15 | ၄ လုံး |
| (၄) | Tyre 30x 9.5R 15 | ၄ လုံး |
| (၅) | Tyre 31x 10.5R 15 | ၈ လုံး |
| (၆) | Tyre 250x 80x17.5 | ၆ လုံး |
| (၇) | Tyre 750x 80x18 | ၆ လုံး |
| (၈) | Battery 70Ah(GS) | ၁၄ လုံး |
| (၉) | Battery 100Ah(GS)(Dry Cell) | ၄ လုံး |
| (၁၀) | Battery 120Ah(GS) | ၄ လုံး |
| (၁၁) | Battery 150Ah(GS) | ၄ လုံး |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၅-၇-၂၀၁၆ရက် ညနေ ၁၅း၀၀နာရီနောက်ဆုံးထား၍ လက်ခံမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၂၃၅၈၈၊ ၀၆၇-၄၁၃၄၃၃

## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မန္တလေး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)အတွက် လိုအပ်သော အောက်ဖော်ပြပါ ပရိဘောဂနှင့်စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမည် | အရေအတွက် |
|---|---|---|
| 1 | CCTV Security System(1 Lot) တပ်ဆင်ခြင်းလုပ်ငန်း | |
| | Receiver | 5 Nos |
| | Hardisk(3TB) | 10 Nos |
| | IP Cam | 30 Nos |
| | CCTV Done Camera | 5 Nos |
| | TV Screen 32" | 5 Nos |
| | Network Cable(HIK) | |
| 2 | Projector Screen(6 ×6 ) | 1 Nos |
| 3 | Motorized Projector Screen(10 ×10 ) | 1 Nos |
| 4 | Projector (CANNON) 4000 Lumens | 1 Nos |
| 5 | Wireless Access Point, Cisco small business 300 series | 2 Nos |
| 6 | Wireless Outdoor Access point Unit (cisco) | 2 Nos |
| 7 | Media Converter (10/100/1000 Base -T×to 100 Base-Fx Bridging) | 1 Nos |
| 8 | 27 U Rack with cable management bar | 1 Nos |
| 9 | Dlink 24 port Giga bit switch | 2 Nos |
| 10 | TRENDnet, 8 port Rack mount KVM switch | 1 Nos |
| 11 | APC Smart UPS - RT - 3000 W | 1 Nos |
| 12 | Amp Fiber Optic Rack Mount Patch Enclosure,1U | 1 Nos |
| 13 | Fiber Optic Patch Cord SC to ST 3 Meter Single mode-Yellow | 1 Nos |
| 14 | Audio System for Lecture Rooms 100 W | 1 Nos |
| 15 | Airconditioner Split type (Mitsubishi 1.5 Hp) | 5 Nos |
| 16 | Airconditioner Stand Type ( 5 Hp ) | 1 Nos |
| 17 | Reverse Osmasis Water Purification system 1200 Liters/day | 1 Nos |
| 18 | Hand Drilling Machine Basch | 1 Nos |
| 19 | Refrigerator (two doors) | 3 Nos |
| 20 | Stand Fan (Hetari) | 1 Nos |
| 21 | Digital Oscilloscope | 2 Nos |
| 22 | Wireless Router | 2 Nos |
| | **Office Equipment** | |
| 1 | Server Computer(ဆက်စပ်ပစ္စည်းအပါအဝင်) | 1 Nos |
| | (Dell Power Edge R720, Rack Type,2 x Intel Xeon E5 - 2620 2.00GHz, 4 x 8GB RDIMM, 2 x 1 TB HDD, Dual Hot plug power supply - | |
| 2 | UPS for server, APC smart RT- 500 | 1 Nos |
| 3 | Printer - Canon LBP 2900 | 5 Nos |
| 4 | Copier (IR 2545), (Heavy),(1 x 250 sheets universal cassete, 1 x 550 sheets universal casssette, 1 x 100 sheets stack bypass, STD:256dpi copy/ scan resolution 1200 x 1200 dpi printing resolution) | 1 Nos |
| 5 | Laser Fax ( L-160 )Hand set Kit | 1 Nos |
| 6 | Paper Shredder | 1 Nos |
| 7 | Note Counting Machine | 1 No |
| | **Furniture** | |
| ၁ | အမှုထမ်းထိုင်ခုံလက်တန်းမပါကုလားထိုင်(သစ်သား) | 30 Nos |
| ၂ | အရာရှိစားပွဲ( ၅'-၃'-၂' ၅") | 5 Nos |
| ၃ | လက်တွေ့သုံးစားပွဲ ( ၈'-၄'-၄') | 5 Nos |
| ၄ | အစည်းအဝေးခန်းသုံးဘဲဥပုံစားပွဲကြီး | 1 Nos |
| ၅ | Aluminium Locker ( LK -118 ) 4 Shelf ( 4' - 5' - 1.5 ') | 5 Nos |
| ၆ | သစ်သားမှန်ဗီရို( ၆.၅'-၄'-၂.၆') | 2 Nos |

၂။ Open Tender လျှောက်လွှာပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မန္တလေး)တွင် ထုတ်ယူနိုင်ပြီး ၁၀. ၈ . ၂၀၁၆ ရက် ၁၄း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း ၀၉-၄၄၄၀၄၃၄၅၊ ၀၉၆၅၀၅၃၆၆၊ ၀၉-၇၉၇၅၉၈၂၆၉၊ ၀၉-၇၉၆၄၈၄၀၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ကွန်ပျူတာတက္ကသိုလ်(မန္တလေး)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၄ယ/၂၇၃၃၁ Luojia-110ယာဉ်လက်ဝယ်ရှိသူ ဦးငွေးလင်း ၈/မကန(နိုင်)၁၄၆၄၄၆က(ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

## မော်တော်ယာဉ်တင်သွင်းမှု/ဝယ်ယူမှုအတွက် အခွန်ရှင်းလင်းပြီးဖြစ်သည့် မော်တော်ယာဉ်များ ရောင်းချမှုအပေါ် အခွန်စိစစ်မှု ခံယူကြပါရန် အသိပေးနှိုးဆော်ခြင်း

* မော်တော်ယာဉ်ပိုင်ရှင်အနေဖြင့် မော်တော်ယာဉ် ရောင်းချမှုအတွက် အခွန်စိစစ်မှုခံယူနိုင်ရန် ကာလတန်ဖိုး စိစစ်သတ်မှတ်မှုခံယူခြင်း၊ အခွန်စည်းကြပ်မှု ခံယူခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး တစ်နေရာတည်း ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။
* ကုမ္ပဏီပိုင်မော်တော်ယာဉ်များအတွက် အခွန်စည်းကြပ်မှုခံယူရာ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများတွင် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါသည်။
* မော်တော်ယာဉ်များ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်းတို့အတွက် အခြေပစ္စည်းမှ မြတ်စွန်းငွေဆိုင်ရာ ဝင်ငွေခွန်အခွန်စည်းကြပ်မှုခံယူခြင်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်းဆောင်ရွက်သည့်ရက်မှ တစ်လအတွင်း သက်ဆိုင်ရာအခွန်ရုံးများတွင် သွားရောက်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။
* အခြေပစ္စည်းမှ မြတ်စွန်းငွေဆိုင်ရာ စည်းကြပ်မှုခံယူလိုသူအနေဖြင့် မိမိ၏မော်တော်ယာဉ်ကို ဝယ်ယူမှု/တင်သွင်းမှုတို့အတွက် အသုံးပြုသည့် ငွေကြေးအပေါ် အခွန်ဆိုင်ရာရှင်းလင်းခြင်း၊ စည်းကြပ်မှုခံယူခြင်းကို ဦးစွာဆောင်ရွက်ထားရန် လိုအပ်ပါသည်။
* မော်တော်ယာဉ် တင်သွင်းမှု/ဝယ်ယူမှုတို့အတွက် အခွန်ဆိုင်ရာရှင်းလင်းပြီးဖြစ်သည့် မော်တော်ယာဉ် ရောင်းချခြင်းအတွက် အခြေပစ္စည်းမှ မြတ်စွန်းငွေဆိုင်ရာ စည်းကြပ်မှု ခံယူလိုပါက သက်ဆိုင်ရာအခွန်ရုံးများသို့ အောက်ဖော်ပြပါအထောက်အထားမူရင်းနှင့်မိတ္တူများကို တစ်ပါတည်းယူဆောင်သွားကြရန် လိုအပ်ပါသည်-
    * ရောင်းချသူအမည်ပေါက်ပိုင်ဆိုင်ထားသည့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (မိတ္တူသာ)
    * ရောင်းချသူအမည်ပေါက်ပါရှိသည့် ယာဉ်သက်သေခံလက်မှတ်(မိတ္တူသာ)
    * ကိုယ်တိုင်တင်သွင်းပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါက တင်သွင်းခြင်းအတွက် အခွန်အခများထမ်းဆောင်ခဲ့သည့် အထောက်အထားများ(မိတ္တူသာ)
    * အမွေဆက်ခံပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါက အမွေဆက်ခံခြင်းဆိုင်ရာ အထောက်အထားများ၊
    * ရောင်းချသူကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား
    * ရောင်းချသူ၏ အိမ်ထောင်စုစာရင်း
    * အရောင်းအဝယ်စာချုပ်
    * ကိုယ်စားဆောင်ရွက်ခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲအပ်စာ
    * ဝယ်ယူမှု/တင်သွင်းမှုအတွက် အခွန်ရှင်းလင်းခဲ့သည့် အထောက်အထား
    * မော်တော်ယာဉ်ပိုင်ရှင်အမည်ပြောင်းလဲပေးရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြထားသည့်လျှောက်ထားစာ (မိတ္တူသာ)
* မော်တော်ယာဉ်ရောင်းချမှုအပေါ် အခွန်ဆိုင်ရာရှင်းလင်းခြင်းဆောင်ရွက်ပြီးသည့်အခါ ဆိုင်ရာအခွန်ရုံးမှ ထုတ်ပေးသည့် အခွန်တောင်းခံလွှာတွင် မော်တော်ယာဉ် ရောင်းချမှုအတွက် သတ်မှတ်တန်ဖိုး၊ ရောင်းချသည့်နေ့ ပါရှိခြင်းရှိ မရှိ စိစစ်ရယူပါ။
* အဆိုပါအခွန်တောင်းခံလွှာပါ မော်တော်ယာဉ်သတ်မှတ်အရောင်းတန်ဖိုးမှ ကျသင့်အခွန်ကို နုတ်ဖယ်ရရှိသည့် တန်ဖိုးသည် နောင်ဝယ်ယူမည့် မော်တော်ယာဉ်အတွက်ဖြစ်စေ၊ အိမ်ခြံမြေအတွက်ဖြစ်စေ ဝင်ငွေရလမ်း တင်ပြနိုင်သည့် ဝင်ငွေ(ငွေဖြူ)ဖြစ်ပါသည်။
* မော်တော်ယာဉ်ရောင်းချခြင်းအတွက် အခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်ရာတွင် အဆင်မပြေသည့်ကိစ္စရပ်များ၊ ငွေကြေးတစ်စုံတစ်ရာ တောင်းခံသည့်ကိစ္စရပ်များ၊ မရှင်းလင်းသည့်ကိစ္စရပ်များရှိပါက အောက်ဖော်ပြပါညွှန်ကြားရေးမှူးများ၏ ဖုန်းအမှတ်များသို့ ဆက်သွယ်တိုင်ကြားခြင်း၊ တင်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်-
    * ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာ မူဝါဒနှင့်သုတေသနဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၀၀၄
    * ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာ ကြီးကြပ်ရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၀၀၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

### ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာမြို့၊ အမှတ် (၅) အထက ကျောင်းဝင်အမှတ် က/၈၁၁၉တက္ကသိုလ်ဝင်တန်းအောင် မောင်ကျော်ဇင်မင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်စိုး ၉/လဝန(နိုင်)၁၃၃၉၃၄ ဖြစ်ကြောင်း။

**ဦးကျော်ကျော်စိုး**

### ဖခင်အမည်မှန်

မကွေးမြို့ ပညာနန်းတော် ကိုယ်ပိုင်အထက်အတန်းကျောင်း တက္ကသိုလ်ဝင်တန်း ခုံနံပါတ် ဖမ-၈၂၉ဖြင့် ဖြေဆိုအောင်မြင်သူ မယုမွန်မြတ်၏ အိမ်ထောင်စုစာရင်းအရ ဖခင်အမည်မှန်မှာ ဦးမျိုးကျော်သူ ၁၃/တကန(နိုင်)၂၀၂၅၄၉ ဖြစ်ပါကြောင်း။

**ဦးမျိုးကျော်သူ**

### အမည်မှန်

ဦးမြင့်ငွေ၏သား နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မောင်ဇော်ပိုင်၏ အမည်မှန်မှာ မောင်ဇော်ပိုင်ဦး ၉/ပဗသ(နိုင်)၀၀၅၄၄၇ ဖြစ်ပါကြောင်း။

**မောင်ဇော်ပိုင်ဦး**

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ တောမ အထက (ခွဲ) သတ္တမတန်း (A)မှမောင်မင်းမြတ်သူရနှင့် မောင်ကျော်ကိုကိုလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၉/မထလ(နိုင်)၀၈၆၉၇၄ဖြစ်ပါကြောင်း။

**ဦးဝင်းလှိုင်**

### အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၇)၊ တက္ကသိုလ်ဝင်တန်း (A) မှ မနူးနူးအောင်နှင့် အလက(၄) သတ္တမတန်းမှ မဘောက်စင်တို့၏ အမည်မှန်မှာ မလဘန်နူးနူးအောင်၊ မလဘန်ဘောက်စင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးလဘန်ဘရန်အောင် ၁/ကဖရ(နိုင်)၀၀၇၇၂၄ ဖြစ်ပါသည်။

### အမည်ပြောင်း

ဦးတတုံးဖေရာမ်၏သား မြစ်ကြီးနားမြို့၊ အထက(၈)၊ စတုတ္ထတန်းမှ မောင်ဆွတ်အောင်ဂျာအား မောင်ဒတုန်းဖုန်ရမ်ဟု ပြောင်းလဲခေါ်ပါရန်။

---

### လမ်းဦးစီးဌာန
### ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ လားရှိုးခရိုင်အတွင်းရှိ(လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်၊ ကွမ်းလုံ)မြို့နယ်များအတွက် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်ရမည့် လမ်း/တံတား/ အဆောက်အအုံလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** — **အမှတ်(၂)(၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်)**

| | |
|---|---|
| ၁။ လမ်းခင်းကျောက်မျိုးစုံ/ရွယ်စုံ | ၇။ ဖြုန်းကျောက် |
| ၂။ ဘိလပ်မြေ | ၈။ သဲကြမ်း/သဲနု |
| ၃။ သံချောင်းရွယ်စုံ | ၉။ ဖြုန်းအုတ် |
| ၄။ မျိုးခြားသစ်ရွယ်စုံ | ၁၀။ သံကူကွန်ကရစ်ကီလိုမီတာတိုင် |
| ၅။ သစ်မာရွယ်စုံ | ၁၁။ သံကူကွန်ကရစ်ကာကွယ်တိုင် |
| ၆။ ကျောက်ရောမြေ | ၁၂။ သံကူကွန်ကရစ်လမ်းနယ်တိုင် |
| | ၁၃။ လမ်းနယ်ဆိုင်းဘုတ် |

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၇-၂၀၁၆ရက် ၁၆း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၆-၇-၂၀၁၆ရက် ၀၉း၃၀နာရီ
**တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၃၀၅၈

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်း၍ ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## CLAIMS DAY NOTICE
## M.V MODERN LINK VOY:NO(5)

Consignees of cargo carried by M.V MODERN LINK VOY:NO(5)are here by notified that the vessel will arrive on about 12-7-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါဓာတ်အားပေးစက်ရုံဓာတ်ငွေ့တာဘိုင်စက်များအတွက် ဒီဇယ်ဆီ ၁၇၀၀၀၀ဂါလန်အား ခနိတောသိုလှောင်ရုံမှ သီလဝါဓာတ်အားပေးစက်ရုံအရောက် သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်းအောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၂၀-၇-၂၀၁၆ရက်ဖြစ်ပြီး တင်ဒါပိတ်ချိန်မှာ မွန်းတည့် ၁၂း၀၀ နာရီဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၈၁၀၄၂၇၉**

---

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
### ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

